
www.burmeseclassic.com

ဂမ္ဘီရ အချစ် လျှို့ဝှက်သည်းဖို မြန်မာသရဲဟာသဝတ္ထုတော်ကြီး

# ထူးအေးအောင်

## မကြောက်ဖူးလို့ဆို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပိုစ်မော်ဒန် ဂမ္ဘီရ အချစ် လျှို့ဝှက်သည်းဖို မြန်မာသရဲဟာသဝတ္ထုတော်ကြီး

ထူး[illegible]အောင်

# မကြောက်ဖူးလို့ဆို

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၊ ၃၈-လမ်း။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၄၀၀၅၅၅၀၄၉၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၇ ၂၀၈၇

အဖုံး ဒီဇိုင်း - ဘာကာ

ထုတ်ဝေသူ - ဦးလှိုင်ဝင်းနိုင် (မြဲ - ၀၃၃၉၀)

၈၈၊ ၃၃လမ်း(ညာ)၊ ၁လမ်း ကျောက်တံတား

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်)

၈၀/၁ သံလွင်လမ်း ဗဟန်း။

အတွင်းဖလင် - ကိုဦးနှင့် ညီများ

စာအုပ်ချုပ် - ကြူကြူမွေး

ပုံနှိပ်ခြင်း - ပထမအကြိမ်

၂၀၀၇ခုနှစ် စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်


## မာတိကာ


၁။ ကျောပေါက်ကြီး ၇

၂။ သက်ပျောက်ချောင်းမှ မကောင်းဆိုးဝါး ၁၅

၃။ တာတေကြီးရေးတဲ့ဖူးစာ ၃၆

၄။ မျက်နှာပြောင်ကြီး ၅၇

၅။ မြစိမ်းသရဲနဲ့နှစ်ယောက်တည်း ၇၈

၆။ မသေဘူးလို့ငြင်းတဲ့ လူသေ ၁၀၂

၇။ မသေသေးတဲ့မသာ ၁၁၇

၈။ မကြောက်ဖူးလို့ဆို ၁၃၉


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ကျောံပေါက်ကြီး

ဇာတ်ပြီးသွားတော့ ညနာရီပြန်နှစ်ချက်ကျော်ကျော်ပင်ရှိနေပေပြီ။ နှစ်ပါးသွားနှင့်နောက်ပိုင်းဇာတ်ထုပ်ကလည်း ကောင်းမှကောင်းဆိုတာ သိထားပေမယ့် မနက်ခုနစ်နာရီတွင် လုပ်ငန်းခွင်သို့ပြန်ဝင်ရမည်ဖြစ်၍ စိတ်ကိုဒုန်းဒုန်းချလိုက်ပြီး ပြန်ဖို့ဆုံးဖြတ်လိုက်သည်။

အတူတကွ ပွဲကိုလာကြည့်ကြသည့် လုပ်ငန်းခွင်အတွင်းမှ သူငယ်ချင်းများကတော့ တစ်နှစ်တစ်ခါသာကြုံသည့် ဘုရားပွဲတော်အတွင်း ငိုက်ချင်စိတ်၊ သမ်းဝေချင်စိတ်မရှိအောင် တင်ဆက်ပြသနေသည့် အလွန်တောင်းသောဇာတ်ကို လက်လွှတ်မခံလိုကြ။ မိုးလင်းပေါက်ဇာတ်ပွဲကို ပြီးအောင်ကြည့်၍ လုပ်ငန်းခွင်သို့ဝင်မည်ဟုဆိုကာ ပြန်မလိုက်ဘဲ ပွဲကိုဆက်ကြည့်နေခဲ့ကြသည်။

မိမိကတော့ အိပ်ရေးပျက်မခံနိုင်၍ ပြန်မှဖြစ်မည်၊ ဘယ်သူ့ကိုမှ ပြန်ဖို့အဖော်ညှိမရသောအခါ စိတ်တိုတိုဖြင့် တစ်ယောက်တည်း မရန်



www.burmeseclassic.com

www.burmeseclassic.com



တွင်းတူး စခန်းရှိရာသို့ ပြန်လာခဲ့ရတော့သည်။ မိမိတို့ရေနံတွင်းတူးစခန်းနှင့် ဤဘုရားပွဲက တစ်မိုင်မရှိတရှိလောက်ပဲဝေးသည်။ လမ်းက လှည်းလမ်း ဆိုပေမယ့် မြေနီလမ်းဖြစ်သောကြောင့် ခလုတ်ကန်သင်းမရှိဘဲ ဖြောင့်ဖြူး နေသလို လပြည့်ကျော်တစ်ရက်နေ့ဖြစ်၍ လကလည်း ထိန်နေအောင်သာ နေသောကြောင့် ဓာတ်မီးမပါသော်လည်း မြေပါးကင်းပါးကို စိုးရိမ်စရာ မလို၍ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။

ပွဲခင်းက ထွက်လာတုန်းကတော့ သူငယ်ချင်းများအပေါ် ဒေါသ ထွက်နေ၍ ပတ်ဝန်းကျင်ကို ဂရုမထားခဲ့၊ ယခု သတိထားမိချိန်မှာ ပွဲခင်း၏ အသံဗလံများက နောက်တွင်ဝေး၍ ကျန်ရစ်ခဲ့ပြီဖြစ်သောကြောင့် ပတ်ဝန်း ကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ကိုယ့်ခြေသံကိုပဲ ကိုယ်ကြားနေရသဖြင့် စိတ်ထဲမှာ အားငယ်သလိုလိုဖြစ်လာသည်။

ရှေ့အကွေ့ရှိ သဲချောင်းလေးကို ကျော်လိုက်လျှင်တော့ မိမိတို့ စခန်းမှမီးရောင်ကို မြင်ရတော့မည်ဟု တွေးမိ၍ခြေလှမ်းကို ပိုပြီးမြန်လိုက် သည်၊ သဲချောင်းနားရောက်တော့ ကျောစိမ့်သလိုလိုဖြစ်လာပြန်သည်။ သဲချောင်းလေး၏ သည်ဘက်ကမ်းပါးအဆင်းတွင်ရှိသော ပေါက်ပင်ကြီး၏ အောက်တွင် စစ်အတွင်းက မားပြတစ်ဦးကို သေနတ်ဖြင့်ပစ်သတ်ကာ မြှုပ်ထားသောနေရာဖြစ်သလို အခြောက်အလှန့်ရှိသည်ဟုလည်း ကြားဖူး ထား၍ ကြောက်စိတ်အနည်းငယ်ဝင်လာသဖြင့် စိတ်ကိုတင်းရင်း လက်သီး ဆုပ်ခန့် ခဲတစ်လုံးကို ကောက်ယူထားလိုက်သည်။

အခြောက်အလှန့်တစ်ခုခုတွေ့လို့ကတော့ ခဲနဲ့ပစ်ထည့်လိုက်မယ်။ ချောင်းဟိုဘက်ကမ်းပါးထိပ်ရောက်ရင် စခန်းကိုလည်းမြင်ရပြီ။ လှမ်းအော် ရင်လည်း စခန်းကြားမှာပဲ ဘာမှကြောက်စရာမရှိဘူးဟု စိတ်ကိုတင်းရင်း လက်ထဲရှိခဲကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ချောင်းကမ်းပါးကိုစ၍ ဆင်းလိုက် သည်။

ပေါက်ပင်ကြီးနားမှဖြတ်သန်းချိန်တွင် ဇောချွေးများထွက်သည် အထိ တုန်လှုပ်ခဲ့သော်လည်း ပေါက်ပင်ကြီးကိုဖြတ်ကျော်ပြီးခဲ့သည်အထိ ဘာအနှောင့်အယှက်မှ မတွေ့ရ၍ သက်ပြင်းချမိသည်။





ချောင်းထဲရောက်တော့ တစ်ဖက်ကမ်းပါးမှ ဆင်းလာသူတစ်ဦးနှင့် ဆုံသည်။ ပြဇာတ်အပြီး နှစ်ပါးခွင်ကို အလကားသွားကြည့်မည့်သူဖြစ်၍ မိမိစခန်းကလား၊ စခန်း ဟိုဘက်ရွာတလူလား။ ဘယ်သူများပါလိမ့်ဟု သေသေချာချာကြည့်တော့ ထိုသူကို မိမိမသိ တစ်ဖက်ရွာမှလူဖြစ်မည်၊

ထိုသူက မိမိကိုမကြည့် ခေါင်းငိုက်စိုက်ချ၍ ခပ်သုတ်သုတ် လျှောက်ရင်း မိမိနှင့်ဘေးချင်းကပ်ကာဖြတ်သွားသည်။ ထိုသူနှင့်မျက်နှာချင်း ဆိုင် ဘေးချင်းကပ်ပြီးဖြတ်ကျော်ချိန်တွင် ဘာကြောင့်မှန်းမသိ ကြက်သီး တဖြန်းဖြန်းထလာသလို တထောင်းထောင်းထနေသော သွေးညှီနံ့ကိုရလိုက် သဖြင့် နောက်လှည့်ကြည့်လိုက်တော့ . . . .

ထိုသူ၏ကျောတွင် တစ်ထွာလောက်ကျယ်သော အပေါက်ကြီးက ထုတ်ချင်းပေါက်နေသည်ကို ကျောရိုးဖြူဖြူဖွေးဖွေးကြီးနှင့်အတူ တသွင် သွင်စီးထွက်နေသော သွေးများကို လရောင်ဖြင့် ထင်ရှားစွာမြင်လိုက်ရသ ဖြင့် နောက်ကိုပင်လှည့်မကြည့်ရဲတော့ဘဲ စခန်းရှိရာသို့ ပြေးလေတော့သည်။

ကြောက်ကြောက်လန့်လန့်ဖြင့် ဒုန်းစိုင်းပြေးလိုက်သည် ကျောပေါက် နားရောက်မှ အားတက်လာသလို၊ စခန်းထဲမှထွက်လာနေသူကိုမြင်ရ လည်း ပိုအားတက်သွားပြီး၊ နောက်ကိုတစ်ချက်လှည့်ကြည့်ပြီးနောက် စခန်း မှ ထွက်လာသူနား အပြေးသွားကာ . . . .

"ခင်ဗျား ပွဲခင်းဘက်သွားမယ်ဆိုရင် ဂရုစိုက်သာသွားပေတော့ ချောင်းထဲမှာ ကျောပေါက်ကြီးနဲ့ လူတစ်ယောက်တွေ့ခဲ့တယ် "

ဟု အမောတကောဖြင့် သတင်းပေးလိုက်စဉ် ထိုသူက . . .

"ဩော် . . . ဒီအပေါက်ကြီးလား"

ဟု ပြောပြောဆိုဆိုဖြင့် သူကျောကုန်းကြီးကို လှည့်ပြသည်၊ ထုတ်ချင်းခတ်ပေါက်နေသော တစ်ထွာလောက်ကျယ်သည့် အပေါက်ကြီး အတွင်း ကျောရိုးဖြူဖြူဖွေးဖွေးကြီးနှင့်အတူ တသွင်သွင်စီးထွက်နေသော သွေးများကို အနီးကပ်မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကိုင်ထားသော ခဲလုံးလွတ်ကျသွားပြီးနောက် . . .



www.burmeseclassic.com

www.burmeseclassic.com



"အား . . . "

ဟု ငယ်သံပါအောင် အော်ရင်း မိုက်ခနဲဖြစ်သွားလေတော့သည်။

☠☠☠

"ဟင် . . . ဒါဆို ချောင်းထဲမှာ သူတွေ့ခဲ့တဲ့ ကျောပေါက်ကြီးက သူ့ရှေ့ရောက်နေတာပေါ့ ဟုတ်လား"

"ဟုတ်ပ၊ ဟုတ်ပ အဲဒါ ငါ့သူငယ်ချင်းရဲ့ကိုယ်တွေ့ပေါ့"

"ကျွန်တော်သာဆို တစ်ခါတည်း လန့်ပြီးသေနိုင်တယ်။ ခင်ဗျား သူငယ်ချင်းရော အကြောက်လွန်ပြီး ဘာဖြစ်သွားသေးလဲ"

"ဒီကောင်လည်း သည်းခြေပျက်သလိုဖြစ်သွားသေးတာ ငါ့မှာ တော်တော်ကြီးကို ကုပေးလိုက်ရတယ်။ နောက်ပြီး အဲဒီသရဲကိုလည်း ငါပဲ နှင်ပေးခဲ့ရတာ၊ အိမ်း . . . စကားကကောင်းနေလိုက်တာ ကဲ . . . ကား ဆရာ ခရီးသည်တွေလည်း စားသောက်ပြီးကုန်ပြီ၊ သွားရအောင်ပေါ့ ညနေ ငါအာမိဋ္ဌာန်ဝင်တာနောက်ကျနေလိမ့်မယ်"

ထိုစကားကိုပြောလိုက်သူက ကျွန်တော့်၏ညီအစ်ကိုဝမ်းကွဲတော် သူ တင့်လွင်။ သူဝတ်ထားပုံကိုလည်းကြည့်ပါဦး၊ ဆရာမင်းသိခ်၏ ဇာတ်ကောင် စနေမောင်ဓမောင်ကို အတုခိုးကာ ခေါင်းပေါ်၌ ကျော်ဒါနီး ဦးထုပ်အဖြူ ဆောင်းထားသည်။ အင်္ကျီကတော့ အဖြူရောင် ရှပ်လက်ရှည်

တော်ဝင်မြှူမ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သရီးရိုင်ဖယ် တံဆိပ်၊အောက်တွင်တော့ ဘာတံဆိပ်မှန်းမသိသည့် ဖြူရော်ရော် ဂျင်းဘောင်းဘီကို ဝတ်ဆင်ပြီး တရုတ်ပြည်ဖြစ်အဖြူရောင် ဝေါ့ကင်းရှူးကိုစီးထားသည်။

စနေမောင်မောင်ထက်သာသည့်အချက်က အရောင်မျိုးစုံဖြင့် သီကုံးထားသော ပုတီးကြီးတစ်ကုံးကို လည်မှာဆွဲထားသည့်အပြင် ညာဘက်လက်ကောက်ဝတ်တွင်လည်း နှစ်ဆယ့်ခုနစ်လုံးပါသည့် ကြေးပုတီးကို လက်ကောက်သဖွယ်စွပ်ထားသည်။

သူ့ပုံစံက ထောင့်မကျိုးရသည့်အထဲ လူထူပြီဆိုလျှင် ဘယ်သရဲက ဘယ်လိုခြောက်တာ သူဘယ်လိုလွတ်ခဲ့တာ၊ ဘယ်သချိုင်းမှာ အဓိဋ္ဌာန်ဝင်တုန်းက ဘာကြီးနဲ့တွေ့လို့ ဘယ်လိုဆုံးမခဲ့ရတာ စသည်ဖြင့် စသည်ဖြင့် ပါးစပ်ကိုအနားမပေးဘဲ ပေါင်ဖွာ ပေါင်ဖွာပြောတတ်သဖြင့် သူ့ကို ကျွန်တော်အမြင်ကတ်သည်။

သည်ကြားထဲ ပုတီးနှင့်အဓိဋ္ဌာန်ကို ရှေ့တွင်ဖန်းပြ၍ ကွယ်ရာတွင် လောင်းကစားလုပ်တတ်သော သင်းက အရက်ကြိုက်သည့် ကျွန်တော့်ကို ဂျမ်းဂန်တွေ၊ သာစကေတွေ၊ ပုံတိုပတ်စတွေနှင့် ကိုင်ပေါက်၍ အရက်ဝွဲလာ လာချွတ်သောကြောင့် သူ့ကိုကျွန်တော်ကြည့်မရ။

ကျွန်တော်ကြည့်မရသော်လည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းက သူ့ကို "ဘိုးတော်ကလေး" ဆိုပြီး အရေးတယူ ဂရုတစိုက်ရှိလှသည်။ ယခုလည်း ဘုရားဖူးကားနှင့်ပါလာခြင်းဖြစ်၍ ကျွန်တော့်၏ စားသောက်ဆိုင်တွင် ခရီးတထောက်နားကာ ဝင်ရောက်စားသောက်ရင်း ပေါင်ဖွာ .. ပေါင်ဖွာဖြင့် ပြောကြားနေခြင်းဖြစ်သည်။ ခဏကြာသောအခါ ဘုရားဖူးခရီးသည် အားလုံးကားပေါ်တက်ပြီးနောက် ကျွန်တော့်ဆိုင်ရှေ့မှ သူတို့ ကားကြီး ထွက်ခွာသွားလေတော့သည်။

ကျွန်တော်ညီညီနှင့် ကျွန်တော့်ဇနီး မစံပယ်တို့ဖွင့်ထားသော "မိုးစံပယ်" မြန်မာစားသောက်ဆိုင်လေးက အဝေးပြေးလမ်းမကြီး၏ ဘေး၊ မြို့၏အစွန်ဘက်နေရာတွင်တည်ရှိသဖြင့် အဝေးပြေးခရီးသည်တင် ကုန်တင်ကားကြီးများနှင့်တကွ လိုင်းတို(ခရီးတို) ကားများဝင်ရောက်ရပ်နားကာ စားသောက်ကြသည်။

မြန်မာထမင်းဆိုင်ဟုဆိုသော်လည်း မှာကြားပါက ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကုန်းဘောင်ကြီးကြော်မှအစ၊ ဆယ့်နှစ်မျိုး၊ ယိုးဒယားဟင်းချိုပါမကျန် တရုတ်ဟင်းလျာစားဖွယ်မျိုးစုံကိုလည်း ရရှိနိုင်သလို ခရီးသွားရင်း ဟန်လွဲ ချင်ခြင်းတပ်လာပါကလည်း လွယ်ကူစွာသုံးဆောင်နိုင်ရန် ယမကာ လေးငါးမျိုးထောက်ကိုလည်း ရနိုင်ပါသေးသည်။

ကျယ်ဝန်းသပ်ရပ်၍ သန့်ရှင်းမှုကြောင့် အစားအသောက် သိပ်မကောင်းသော်လည်း အဝေးပြေးလမ်းမကြီးနှင့်လုပ်စားနေကြသော ကားများ လူများကတော့ ဝင်ရောက်ရပ်နား၊ ခိုလှုံစားသောက်ကြသည်။

သူတို့တွေက ယခုလိုဝင်ရောက်စားသောက်ရင်း တရင်းတနှီးဖြင့် အားရပါးရပြောပြခဲ့ကြ သည့် သူတို့တွေ့ခဲ့၊ ကြုံခဲ့၊ ကြားဖူးခဲ့သည့် ချောက်ချားစရာ သရဲတစ္ဆေအကြောင်းများကတော့ အသိဉာဏ်မကြွယ်ဝသူ၊ ငယ်ရွယ်သူတွေသာဆိုပါက အထိတ်တလန့်ဖြင့် အိမ်ထဲမှ အိမ်ပြင်ထွက်ဝံ့ကြတော့မည်မဟုတ်ပေ။

သို့ပါသော်လည်း အတွေ့အကြုံရင့်ကျက်ပြီးသော ယောကျ်ား တစ်ယောက်အနေနဲ့ရော၊ အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ်နှင့်ပါ ရုန်းကန်လှုပ်ရှားနေရသည့် ကျွန်တော့်အတွက်ကတော့ သရဲတစ္ဆေဆိုသည်မှာ ည အခါမှာ အပျင်းဖြေစရာသတ္တဝါလို့ သတ်မှတ်လိုက်သလို၊ သရဲတစ္ဆေ ဇာတ်လမ်းဆိုသည်မှာလည်း ရွှေယုန်နဲ့ရွှေကျား သတ္တယ်ရိပ်သွားပုံပြင်များ လောက်တောင် ယုတ္တိမရှိဟု သတ်မှတ်ထားပြီးသကာလ စားသုံးသူ၏ အကြိုက်ကို လိုက်လျောရသော ဆိုင်ရှင်တစ်ယောက်၏ ဝတ္တရားနှင့်အညီ သူတို့ပြောသမျှ သရဲဇာတ်လမ်းများကို ဒိုင်ခံနားထောင်ပေးရင်း . . .

'ဟာ . . ခနဲ' 'ဟင် . . ခနဲ' အာမေဍိတ်သံတွေပေးလိုက်၊ မျက်လုံးတွေကိုပြူးလိုက်၊ ရင်ဘတ်ကိုဖိလိုက်ဖြင့် ကြောက်ဟန်လန့်ဟန်ဆောင် ပြရသည်မှာလည်း အကြိမ်ကြိမ်ပင်။

အပြောကောင်းကောင်း၊ ဇာတ်လမ်းကောင်းကောင်းနှင့်တွေ့၍

www.burmeseclassic.com



ဆိုင်နောက်ဖေးကအိမ်သာဆီကိုတောင် မသွားရဲ၍ ဇနီးသည်ကိုခေါ်သွားပြီး စောင့်ခိုင်းရသည်မှာလည်း အကြိမ်ကြိမ်အထပ်ထပ်၊ အမှတ်မရှိသောကျွန်တော်ကလည်း သရဲအကြောင်းပြောသူရှိက အနားမှပင်မခွာချင်၊ ဖိုးပြောချင် သူတို့ကလည်း ပါးစပ်တပြင်ပြင်နဲ့ဆိုတော့ . . . .။

ဟော . . . အခုလည်း ပါးစပ်ပြင်နေကြတဲ့ တောကျောင်းဆရာနှစ်ယောက်အနား အသာသွားရင်း မိန်းမ,မသိအောင် ခိုးယူလာခဲ့တဲ့ ပုလင်းပြားလေးကို စားပွဲအောက်မှာ ထိုးဖွက်လိုက်ပြီး သူတို့တွေပြောသမျှကို သောတနားဆင်ရန်ပြင်လိုက်မိပြန်ပြီလေ . . . .။

☠☠☠

## သက်ပျောက်ချောင်းမှမကောင်းဆိုးဝါး

ရခိုင်ရိုးမတောင်တန်းကြီးအပေါ်တလိမ့်လိမ့်၊ တရွေ့ရွေ့ဖြင့်ချီတက်လာခဲ့သော မိုးသားတိမ်လိပ်ကြီးတို့၏ ပိတ်ဆို့ကာဆီးမှုကြောင့် ဘာဏုရာဇာ ဒေါင်းဖန်ဝါတောင်မှ ရောင်ဝါမထွန်းနိုင်တော့သဖြင့် ညနေသုံးနာရီမထိုးခင်မှာပင် ရိုးမဒေသတစ်ခုလုံးသို့ အမှောင်ရိပ်က သိမ်းပိုက်ရန် သွေးတိုးစမ်းနေပေပြီ . . .

ရိုးမတောင်စွယ်တောင်တန်း၏ အရိပ်အောက်တွင်ရှိပြီး စကားပြောလျှင် 'သ' နှင့် 'တ' ကိုလွဲမှားစွာပြောတတ်သော သက္ကယ်မြောင်ရွာကလေး၏ အရှေ့ဘက်ရွာစည်းရိုးနှင့်ကပ်လျက်တွင် တည်ရှိသည့် အခြေခံပညာမူလတန်းကျောင်းလေးတွင်တော့ ရွာသားအပေါင်းက အမှောင်မဖုံးခင်တက်သုတ်ရိုက်၍ ကျောင်းခေါင်မိုးကို အသစ်လဲလှယ်၍ မိုးနေကြသည်။

နောက်ထပ်နာရီဝက်ခန့်ဆက်လက်လုပ်ကိုင်မည်ဆိုပါက လုပ်ငန်းပြီးစီးတော့မည်ဖြစ်သော်လည်း ရွာမှလာပို့ထားသော ရေနွေးကြမ်းနှင့်လက်ဖက်ပွဲများ၏ ဆွဲဆောင်မှုကြောင့်သော်လည်းကောင်း၊ 'တဖျောက်ဖျောက် . . .' ကျလာသော မိုးဖွားလေးများ၏ စွတ်စိုမှုကို မခံလိုကြ၍သော်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အထူးသဖြင့် နှီးဖြာရင်း လေပေးကောင်းနေသော 'ထွေးလေးကိုဖိုးကဲ့' ၏ လေကြောတွင် မျောပါလို၍ကြောင့်သော်လည်းကောင်း၊ အမိုးမိုးနေသောရွာသားများက ဟိုလိုလို၊ သည်လိုလိုဖြင့် ခေါင်မိုးပေါ်မှ တစ်ယောက်မကျန်အောက်သို့ဆင်းကာ စကားဝိုင်းဘေးသို့ ရောက်ရှိလာကြသည်။

"အာရေးပီးရန်း နိုက်" ဟုခေါ်သည့် "တစ်ထောင့်တစ်ည" ပုံပြင်များနှင့် အပြိုင်ထူးဆန်းသော ဇာတ်လမ်းဇာတ်ကွက်များကို အပြောကောင်းကောင်းဖြင့်ပြောဆိုတတ်သည့် ထွေးလေးကိုဖိုးကဲ့၏ အာဝဇ္ဇန်းအစွမ်းကြောင့် သက္ကယ်မြောင်ရွာ၏ မူလတန်းပြဆရာအဖြစ်တာဝန်ထမ်းဆောင်နေသော ကျွန်တော်ထွန်းကြီးနှင့် ကျွန်တော့်၏လက်ထောက် ကျောင်းဆရာလေး ထင်ကျော်ဦးတို့သည်လည်း စကားဝိုင်းသို့ရောက်ရှိနေရာယူပြီးဖြစ်သလို သက္ကယ်မြောင်ရွာ၏ ဥက္ကဋ္ဌ ဦးလေးပြုံးသည်ပင်လျှင် သစ်တို၊ သစ်စ၊ ဝါးတို၊ ဝါးစ အမှိုက်သရိုက်များကို တောက်သလိုလို၊ သိမ်းသလိုလိုဖြင့် စကားဝိုင်း၏ မလှမ်းမကမ်းသို့ ရောက်ရှိနေပါသည်။

ထွေးလေးကိုဖိုးကဲ့က စာသင်ခုံပေါ်တွင် ချထားသည့်ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို ယူ၍မီးညှိကာ 'တဖွားဖွား' ဖွာလိုက်ရင်း . . .

"ကျွန်တော့်အဖေကလည်း လူပျိုပေါက်အရွယ်ဆိုတော့ စွန့်စားချင်တာကလည်းတစ်ပိုင်း၊ နောက်ပြီး ကိုယ်ကပြုံးပြလိုက်ရုံနဲ့ ကိုယ်ကြိုက်တဲ့ ကောင်မလေးက ကိုယ့်နောက်ကိုတန်းပြီး ကောက်ကောက်ပါအောင် လိုက်လာတဲ့အထိ အစွမ်းထက်တဲ့ 'ပီယဆေး' ကိုလိုချင်တာကလည်း တစ်ပိုင်းဆိုတော့ ဆရာလေးရယ်၊ ကျွန်တော့်အဖေနဲ့ တူ့ရဲ့တူငယ်ချင်းတို့လည်း အောက်လမ်းဆရာကြီးနဲ့အတူ ရွာအနောက်ဘက်က 'တက်ပျောက်' ချောင်းဘေးနားက တချိုင်းကုန်းထဲကို ညတန်းခေါင်မတိုင်ခင်တွားကြတာပေါ့"

ထွေးလေးကိုဖိုးကဲ့က စကားကိုရပ်ကာ ဆေးပေါ့လိပ်ကြီးကိုသာ တစ်ရှိုက်မတ်မတ်ဖွာနေသည်။ သူပြောသွားသည့် တက်ပျောက် (သက်ပျောက်) ချောင်းဆိုသည်မှာလည်း ရှေးလူကြီးများ၏ ပြုံးစပ်ရာဇဝင်အရ စစ်ရှုံး၍ထွက်ပြေးလာခဲ့သော မိဖုရားကြီး၏ နို့စို့အရွယ်သားတော်လေးတို ဘီလူးကထွက်လုသဖြင့် သားတော်လေးအသက်ပျောက်ခဲ့ရသည့်အတွက်





သက်ပျောက်ချောင်းဟု အမည်တွင်ခဲ့သလို၊ ထိုချောင်းက ရွာအနောက်ဘက်ခါး နားတွင် ကွေ့ဝိုက်၍ တည်ရှိပြီး လှည်းနှစ်စီးရှောင်ရုံသာကျယ်၍ မိုးတွင်းအခါ မိုးအလွန်သည်းပါမှ ခြေသလုံးမြုပ်ရုံခန့်ရေလာသည့် သဲချောင်းလေးဖြစ်ကာ ရွာနှင့်ခွေးတစ်ဟောင်ခန့်အကွာ သချိုင်းကုန်းဘေးနားမှ ကပ်ပြီး ဖြတ်သွားသည့် ချောင်းလေးဖြစ်သည်။

ဆေးပေါ့လိပ်ကို ဖွာ၍ အားရသွားသော ထွေးလေးကိုဖိုးကဲ့က. .

ဟိုး . . ပဝေသဏီက နည်းစနစ်တွေဖြင့် ပီယဆေးဖော်ပုံ၊ စည်းပေါက်ပုံများမှစ၍ ဘယ်နေရာမှာ ဘယ်သရဲရှိတယ်၊ ဘယ်အပင်၊ ဘယ်ချောင်း၊ ဘယ်ကွင်းမှာ အံ့စောင့်ကြီးကဘယ်သူ စသည်ဖြင့် စသည်ဖြင့် သရဲတစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ ကျွတ် တို့၏ ချောက်ပုံလှန့်ပုံများ၊ မသာများ၊ အလေ့အထများကို သူကိုယ်တိုင် သရဲဘဝက လာသကဲ့သို့ ခရေစေ့တွင်းကျ တစ်တစ်ခွခွကြီး ပြောပြနေသည်မှာလည်း သူ၏လေယူလေသိမ်း အနိမ့်အမြင့် လက်ဟန်၊ ခြေဟန်များကြောင့် သောတရှင်အပေါင်းမှာ တစ်ယောက်နဲ့တစ်ယောက် ပူးကပ်ရင်း တုဘ်တုတ်မျှမလှုပ် နားရွက်ပင်ကုတ်အောင် ငြိမ်သက်စွာဖြင့် သူ၏လေကြောအတွင်း နစ်မျောနေလျက်သာ ရှိနေလေတော့ရာ နေစောင်းသည်အထိ ကျောင်းခေါင်မိုးမှာ ဟောင်းလောင်းကြီးသာ ရှိနေလေတော့သည်။

"အမိုး . . . မမိုးဘဲ . . . ဘာလုပ်နေကြတာလဲ . . . "

ဟူသော အသံကျယ်ကြီးက စာသင်ကျောင်းနံလှကားထိပ်မှ ရုတ်တရက်ထွက်ပေါ်လာသောကြောင့် စကားဝိုင်းတွင်ရှိနေကြသူအပေါင်းက "အား . . " ခနဲ လန့်အော်ပြီး ထခုန်လိုက်ကြချိန်တွင် ထွေးလေးကိုဖိုးကဲ့ က ပြတင်းပေါက်မှ ခုန်ဆင်းပြေးသလို၊ ကာလသားများမှာလည်း ဖဲဝိုင်းကို ရဲဝိုင်းလိုက်သကဲ့သို့ အူယားဖားယားဖြင့် အပြေးအလွှားရှောင်ရှားလိုက်ကြသည်မှာလည်း ဘယ်လိုလုပ်၍ ခေါင်မိုးပေါ်ကို ရောက်သွားမှန်းပင် မသိတော့။

ကျွန်တော်နှင့်ထင်ကျော်ဦးတို့နှစ်ယောက်ကတော့ ဘာမှန်းမသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



အူကြောင်ကြောင်ဖြစ်၍ ကျန်နေခဲ့ပုံမှာလည်း ဒိုင်ခံသည့်အိမ်နှင့် ဖဲချိုးသည့်အိမ်၊ နှစ်အိမ်သာလျှင် လက်ပူးလက်ကြပ် အမိခံလိုက်ရသကဲ့သို့ . . .

လေ့ကားပေါ်သို့ တက်လာသူကတော့ ကျွန်တော်တို့ သင်္ကာယ မြောင်ရွာကလေးမှ ရွာမိ၊ ရွာဖ၊ လူချမ်းသား ကြေးရတက်၊ လူတွင်ကျယ်ကြီးဘိုးလေးဖိုးသစ် ပင်ဖြစ်ပါသည်။ ပဲနောက်ချောင်းရိုးတစ်လျှောက်ရှိ စကားပြောလျှင် သနင့်တကိုလွဲမှားစွာပြောတတ်သော ဆွေမျိုးစုရွာတွေကိုပါ မီးသေသောဘိုးလေးဖိုးသစ်က ပြုံးပြုံး ပြုံးပြုံးဖြင့် ကျွန်တော်တို့ ကျောင်းဆရာနှစ်ဦးနားသို့ လျှောက်လာရင်း . . .

"ဘာတွေလုပ်နေကြတာလဲဗျ၊ လောင်းကစားဝိုင်းလုပ်ရအောင်လည်း မောင်ပြူးကိုယ်တိုင် ဖိုနေရာမှာရှိနေတော့ ဧကန္တ တူကိုယ်တိုင်ပဲ ဒိုင်ခံနေလေတကားဗျာ . . ."

ဦးလေးပြူးက ဘိုးလေးဖိုးသစ်နောက်ကွယ်မှနေ၍ မျက်စိမှိတ်ပြီး ခေါင်းခါပြသဖြင့် ကျွန်တော်တို့နှစ်ဦးမှာလည်း လွန်စွာရိုးသားသော ဥက္ကဋ္ဌ ဦးလေးပြူးတစ်ယောက် ဘိုးလေးဖိုးသစ် ဆူပူခြင်းဘေးမှ လွတ်ကင်းဖို့ရန်အတွက် . . . .

"ဘယ်ကလာ လောင်းကစားဝိုင်းလုပ်ရမှာလဲ ဘိုးလေးရဲ့၊ အလုပ်ခဏနားရင်း ထွေးလေးကိုဖိုးကဲ့ရဲ့ လေကြောမှာ မျောနေလို့ပါဗျာ . . ."

"ငဖိုးကဲ့ရဲ့ လေကြောဆိုရင် တရဲအကြောင်းပဲ နေမှာပေါ့ . . . ထွိ . . ."

ကွမ်းတံတွေးများကို ကြမ်းပေါက်ထဲ ထွေးချလိုက်ပြီး အံကြိတ်နေသော ဘိုးလေးဖိုးသစ်ကို မြင်လိုက်ရသလို ဘိုးလေးဖိုးသစ်၏ နောက်ကျောဘက်တွင်ရှိသော ဦးလေးပြူးလည်း သူ့ရင်ဘတ်သူဖိရင်း မျက်လုံးပြူးပြသဖြင့် ကျွန်တော်တို့ကလည်း ဦးလေးပြူးတစ်ယောက် အလုံးကြီးကျပြီး သက်ပြင်းချနိုင်တော့တယ်ဟုတွေးမိကာ စိတ်အေးသွားသလို မဆုံးသေးသော သရဲအကြောင်းကိုလည်း သိချင်သေးသဖြင့် . . .

"ကွက်တိပဲ ဘိုးလေးရေ ထွေးလေးကိုဖိုးကဲ့က သရဲအကြောင်းတွေ ပြောနေတာဗျ. . ."





ဘိုးလေးဖိုးသစ်၏ မျက်နှာကြီးသည် ရဲပတောင်းခတ်သွားပြီးနောက် ဆူဆူအောင့်အောင့်ဖြင့် . . . .

"မလိမ်မိုးမလိမ်မှာ လူငယ်၊ လူရွယ်လေးတွေ တရဲဘောကြောင်ပြီး ကြောက်စိတ်တွေဝင်မှာဆိုးလို့ မဟုတ်တာဟုတ်က အခြောက်အလှန့်ဇာတ်လမ်းတွေ မပြောပါနဲ့လို့ အတန်တန်မှာထားတဲ့ကြားထဲက ဒင်းက ပြောဖြစ်အောင်ပြေတေးတယ်။ အခု ကြည့်စမ်းပါဦး ဒင်းရဲ့ အရေမရအဖတ်မရ လေကြောထဲ မျောကုန်ကြလို့ ကျောင်းခေါင်က မိုးလို့မပြီးတော့ဘူး မဟုတ်လား. . . မပြီးလို့ကတော့ ရွာထဲကို တစ်ယောက်မှ ပြန်ဝင်မလာကြနဲ့. . ."

ထိုအခါကျမှ ဇာတ်ရည်လည်သွားသော ကျွန်တော်တို့နှစ်ယောက်လည်း ထွေးလေးကိုဖိုးကဲ့ ဘာကြောင့်ထွက်ပြေးသွားသည်ကို ရိပ်မိလိုက်သလို ဘိုးလေးဖိုးသစ်ကိုလည်း အားနာသွားသည်။

ဖိုးလေးဘိုးသစ်က ကျောင်းခေါင်မိုးပေါ်ရှိ ကာလသားများကို အော်ဟစ်ကျိန်းမောင်းပြီးနောက် ကျွန်တော်တို့ဘက်လှည့်လာကာ သူ့အိပ်ကပ်ထဲမှ စာတစ်စောင်ကိုထုတ်ပေးရင်း. . .။

"ဆရာတို့က မတိုလို့မေးတာ ခွင့်လွှတ်နိုင်ပေမယ့်၊ ဟိုမောင်ပြူးက ဒင်း ရှိရဲ့သားနဲ့ ဒီစကားဝိုင်းကိုအဖြစ်ခံတယ် 'တော့ကဲ . . .' ဟင်း မပြောလိုက်ချင်ဘူး၊ ရော့ ဆရာလေး 'မဒိုင်း' ဘက်က ကျောင်းဆရာပေးခိုင်းလိုက်တဲ့ စာ"

ကျွန်တော်တို့လည်း အားနာပါးနာဖြင့် စာကိုယူလိုက်စဉ်ဘိုးလေးဖိုးသစ်လည်း ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ကျောင်းပေါ်မှဆင်းသွားသည်။ ဥက္ကဋ္ဌဦးလေးပြူးက ကျွန်တော်တို့အနားလာရင်း . . .

"အရေမရအဖတ်မရတာကိုတော့ တိတာပေါ့ဗျာ၊ ဒါပေမယ့် ဆရာတွေနဲ့ လူငယ်ဟွေက စိတ်ဝင်တစားနားထောင်နေကြတော့ ကျုပ်ကလည်း ဘယ်တားရက်ပါ့မလဲ၊ ဆရာတို့ကလည်း မျက်နှာရိပ် မျက်နှာကဲတယ်ပြီးတိချက်ကတော့ မပြောစေချင်လို့ မျက်စိမှိတ်ပြီး ခေါင်းယမ်းပြတာတောင် တည့်တည့်ကြီးမေးမိအောင် မေးကြတေးတယ်ဗျာအံ့ရော . . ."

ကျွန်တော်တို့နှစ်ယောက်လည်း စပ်ဖြီးဖြီးဖြင့်ရယ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘွာ၀်တေးဗျာ၊ ဦးလေးပြူး ဘွာတေး၊ ကျွန်တော်တို့ထင်လိုက်ဘော က ဦးလေးပြူးက မသိချင်ယောင်၊ မကြားချင်ယောင်ဆောင်နေမယ်။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ကြည့်ပြောလိုက်ကြလို့ အဲလိုထင်မိလို့ပါဗျာ"

ဆရာလေးထင်ကျော်ဦးက စာကိုဖတ်လိုက်ရင်း ဝမ်းသာအားရကြီးဖြင့် . . .

"ဟာ ပွတာပဲဟေ့ မဒိုင်းကဆရာ ကျောက်စိမ်းတို့အုပ်စုတွေ ချေ(ကို)တစ်ကောင်ရလို့ ဒီညနေဝိုင်းဖွဲ့ပြီးစားကြမယ်တဲ့၊ အနားပတ်ဝန်းကျင်ရွာ တွေက ကျောင်းဆရာတွေအားလုံးကိုလည်း ဖိတ်ပြီးပြီတဲ့ ဆက်ဆက်လာခဲ့ကြပါ ဆိုပါလား "

'မဒိုင်း' ရွာက ကျွန်တော်တို့နေသော သက္ကယ်မြောင်ရွာ၏ အနောက်တည့်တည့်လောက်တွင်ရှိ၍ နှစ်မိုင်ကျော်ခန့်လောက်သာ ဝေးသည်။ ထို့ကြောင့် ကျောင်းခေါင်မိုး၊ မိုးပြီးပြီးချင်းသွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ဓမောက်ကိုယ်စိဆောင်းလျက် ကျွန်တော်တို့နှစ်ဦး ရွာအနောက်တံခါးမှထွက်ခဲ့ချိန်က ညနေငါးနာရီပင်မထိုးသေးသော်လည်း အုံ့မှိုင်း၍တဖွဲဖွဲရွာနေသော မိုးကြောင့် အမှောင်ရိပ်က တော်တော်သန်းနေပေပြီ။

မဒိုင်းရွာသို့သွားသောအနီးဆုံးလမ်းက သက်ပျောက်ချောင်း အတိုင်း နံဘေးနားမှပတ်သွားသည့် လမ်းဖြစ်သော်လည်း ထိုလမ်းအတိုင်း သွားပါက ချောင်းနံဘေးရှိ သုသာန်ဘေးမှကပ်ပြီး ဖြတ်သွားရမည်ဖြစ်သည့် အပြင် သုသာန်နှင့်တစ်ဆက်တည်းရှိသည့် တောအုပ်ကလေးထဲမှလည်း ဖြတ် သွားရမည်ဖြစ်သောကြောင့် ကျွန်တော်က ထင်ကျော်ဦးကို လှမ်းကြည့်ရာ ထင်ကျော်ဦးက . . .

"ဘာလဲ သက်ပျောက်ချောင်းအတိုင်းသွားရင် သင်္ချိုင်းနံဘေး ကဖြတ်သွားရမှာကို မင်းကြောက်နေသလား၊ ခေတ်ပညာတတ်ဖြစ်ပြီးသရဲ၊ တစ္ဆေကိုကြောက်တယ်ဆိုရင် လူရယ်စရာဖြစ်ကုန်လိမ့်မယ်၊ လာ . . . ငါ့နောက်ကလိုက်ခဲ့။ လမ်းရှည်ချင်ရှည်ပါစေ ရွာမြောက်ဘက် 'ပဲနောက်'



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမကြီးဘေးက လယ်တန်သင်းရိုးတွေပေါ်ကနေ ပတ်ပြီးသွားကြတာပေါ့ ဟိး ဟိး"

ကျွန်တော်လည်းရယ်ရင်း သူ့နောက်တနေလိုက်၍ ရွာမြောက်ဘက်သို့သွားသော လမ်းကိုချိုးတွေ့ဝင်လိုက်စဉ် 'ပျိုး'များအပြည့်တင်ထားသော လှည်းတစ်စီးနှင့်ဆုံမိကြသည်။ ထိုလှည်းကိုမောင်းလာသူက ထွေးလေးကိုဖိုးကဲ့ ဖြစ်၍ သူကဝမ်းသာအားရကြီးဖြင့် . . .

"ဟ . . . ငါ့ဆရာတွေ ဘယ်ကိုများ ခြေစကြာဖြန့်မလို့လဲ"

"မဗိုင်းကိုပျို၊ ထွေးလေးကရော ဘာတွေလုပ်နေတာလဲ"

"မနက်ဖြန် ကျွန်တော့်လယ်မှာ ကောက်စိုက်အားချ (ကူညီ၍ကောက်စိုက်လုပ်အားပေးသူများကို ဟင်းကောင်းကောင်းဖြင့် ထမင်းကျွေးခြင်း) ရှိတယ်လေ။ အဲဒါကြောင့် ပျိုးပင်တွေတွားပို့မလို့ဗျ"

ပြောရင်းဆိုရင်း သူက ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ကာ သဘောပေါက်သွားပုံရသည်။ တဟဲ ဟဲ . . . ရယ်ရင်း . . .

"ဟဲ ဟဲ ဟဲ ဆရာလေးတွေက လမ်းကိုတိုတဲ့နေရာကမတွားဘဲ ရှည်တဲ့နေရာကသွားတယ်ဆိုတော့ တန်တော့ ဟဲ ဟဲ ဟဲ၊ လာပါဗျာ ကျွန်တော့်လယ်ကွက်ကလည်း တချိုင်းအောက်ဘက်ဘေးတင် ကပ်နေတာပဲ အဖော်ရပါတယ်၊ ခုနက ကျောင်းမှာပြောလို့ မဆုံးတေးတဲ့ ဇာတ်လမ်းကို ဆက်ပြောပါ့မယ်ဗျ၊ လာပါ လမ်းကြုံနေတဲ့ဥစ္စာ . . ."

"နေပါစေတော့ ထွေးလေးရေ၊ မိုးအေးအေးမှာ သွေးနွေးသွားအောင် လမ်းရှည်တဲ့နေရာက တမင်သွားနေတာပါ။ နောက်ပြီး ထွေးလေးရဲ့ ဇာတ်လမ်းကိုလည်း ဘိုးလေးဖိုးသစ်ဆက်ပြောပြလို့ အစအဆုံးသိပြီးပါပြီဗျ ဟဲ ဟဲ ဟဲ"

"ဘိုးလေးဖိုးတစ်က ဆက်ပြောတယ်လား ဟား ဟား ဟား ဒါဆို တူကျွန်တော့်ကိုမဆဲဘူးလား ဟား ဟား ဟား၊ ဒါပေမယ့် ဆရာလေးတို့ရေ တကယ်ဖြစ်ပုံက တရဲကြီးတ . . ."

"တော်ပါတော့ ထွေးလေးရယ် နောက်မှဆုံကြသေးတာပေါ့"





ကျွန်တော်တို့လည်း စကားကိုဖြတ်ပြီး ခက်လျှောက်တော့ ထွေးလေးက . . .

"အင်းလေ . . ဆရာတို့က ခေတ်ပညာတတ်တွေဆိုတော့ တူကြီးကို တရဲစီးတယ်ဆိုတာ ဘယ်ယုံကြပါ့မလဲ။ အဲ . . ဒါပေမယ့် တချိုင်းနားက ဖြတ်မတွားရဲကြဘူးဆိုတော့လည်း တစ်မျိုးပါလား ဟား ဟား ဟား . . ."

အော်ဟစ်ရယ်မောရင်း လှည်းကိုမောင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒိုင်းရွာရှိ ဆရာကျောက်စိမ်းအိမ်တိုရောက်တော့ ဆရာ ဘကြည်၊ ဆရာခင်မောင်ဝင်း၊ ဆရာတင်စိုး အစရှိသော ပဲနောက်ချောင်းရိုး၊ ဘေးရှိ ရွာများမှ ကျောင်းဆရာများလည်း အစုံအစေ့ရောက်နေကြသည်။

ဟင်းချက်အလွန်ကောင်းသော ဆရာဘကြည်၏ လက်ရာချေ(ဂျီ) ဝမ်းတွင်းသား ဟင်းနှင့်တကွ၊ မိုးခိုသားကို နနွင်း၊ ဆား၊ ဟင်းခပ်အမွှေး အကြိုင်များဖြင့် နယ်ပြီးတုတ်ထိုးကာ မီးကင်ထားသော အသားကင်ရနံ့များက သွားရည်ကျစရာဖြစ်နေရသည့်အထဲ အညိုရောင်ပုလင်းလေးက မိုးအေး အေးတွင်နွေးထွေးမှုကိုပေးရန် လက်ယပ်ခေါ်သလို ဖြစ်နေတော့သည်။

ညစာမစားခင် ချေသားကင်နှင့်သွေးပူလေ့ကျင့်ခန်းလုပ်နေစဉ် အတွင်း ကျွန်တော်တို့နှစ်ဦးသယ်ဆောင်လာခဲ့သော သရဲများအကြောင်းက တဝါးဝါး . . . ဖြင့် ဝိုင်းကို စိုပြည်စေပါသည်။ ထိုစဉ် အိမ်ပေါက်ဝမှ . . . .

"တက္ကယ်မြောင်ကဆရာလေးတို့၊ ဆရာလေးတို့ရဲ့မြို့က တူငယ် ချင်း တစ်ကုန်တည် ကိုခင်မောင်ထွန်းဆိုတဲ့လူ၊ ရွာမှာရောက်နေပါတယ်၊ ဆရာလေးတို့ အမြန်ပြန်ခဲ့ပါလို့ လူကြုံမှာလိုက်ပါတယ်ဗျို့ . . ."





ဟု ဤရွာတွင် အိမ်ထောင်ကျသော သက္ကယ်မြောင်ရွာသား တစ်ယောက်က အော်ဟစ်ပြီးထွက်သွားသဖြင့် ကျွန်တော်တို့မှာလည်း . . .

"ဟာ . . . ခင်မောင်ထွန်းဆိုတာ ငါတို့နဲ့ ငယ်ပေါင်း၊ ကျောင်းနေ ဖက်တွေ ဒီကောင် ဘယ်လိုလုပ်ပြီး ရွာတိုရောက်လာတာပါလိမ့်"

"ဘယ်လိုလုပ်ပြီးရောက်ရောက်ကွာ၊ သူ့ခမျာ အသိမရှိတာနဲ့ အားငယ်နေမှာပေါ့ ငါတို့တွေ ပြန်မှဖြစ်မယ်"

ကျောင်းဆရာအုပ်စုကလည်း . . .

"ပြန်မယ်ဆိုရင် ဟင်းတွေထည့်ပေးလိုက်မယ် ယူသွားကြ"

"အားနာတယ်ဗျာ လမ်းမှာ မိုးမစိုအောင်၊ လုံအောင်တော့လုပ်ပေး လိုက်"

ဆရာများက ရယ်ရင်း ဟင်းနှင့်တကွ၊ အသားကင်ပါမကျန် မဖောက်ရသေးသော ပုလင်းတစ်လုံးကိုပါ လွယ်အိတ်အသေးလေးထဲ ထည့် ပေးလိုက်သည့်အပြင် . . .

"အပြင်မှာ အရမ်းမှောင်နေပြီ ဟောဒီမှာ နှစ်တောင့်ထိုးဓာတ်မီး ယူသွား"

ထိုအခါကျမှ ပတ်ဝန်းကျင်ကို သတိထားမိတော့သည်။ အချိန်က ခုနစ်နာရီမထိုးတတ်သေးသော်လည်း မိုးကသည်းသည်းမည်းမည်းရွာရင်း မှောင်မည်းနေသည်။ ထို့ကြောင့် သူတို့ကိုလိုက်ပို့နိုင်းရကောင်းမည်လားဟု တွေးမိသေးသော်လည်း ယစ်ရွှေရည်၏ရီဝေဝေအာနိသင်က ရဲဆေးတင်ပေး သလိုဖြစ်နေ၍ နှစ်ယောက်သားရင်ကော့ကာ မဒိုင်းရွာထဲမှထွက်ခဲ့ကြသည်၊

တိုင်ပင်မထားသော်လည်း ခြေဦးများက လာလမ်းအတိုင်းသာ ရှေ့ရှုနေကြသည်။ မိုးကသည်းသည်းမည်းမည်းရွာထား၍ လယ်ကန်သင်းရိုး များပင်လျှင် မြုပ်လုမြုပ်ခင်ဖြစ်ကာ တစ်ကွင်းလုံးရေဖွေးနေသည့်အတွက် ခြေသွားလမ်းကို မနည်းရှာ၍လျှောက်နေရသည့်အထဲ ဓာတ်မီးဖြင့်ထိုးကာ လမ်းရှာရင်း ရှေ့မှသွားနေသော ထင်ကျော်ဦးတစ်ယောက် ခြေချော်ကာ လယ်ကွက်ထဲသို့ 'ဗွမ်း . . .' ခနဲကျသွားသည်၊ ကျွန်တော်က သူ့ကိုဆွဲထူ ရင်း . . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်သွားသေးလဲ၊ ငါသာ အဲဒီလိုလဲရင်တော့ ဟင်းတွေ အကုန်လုံးရေစိုလို့ လွှင့်ပစ်ရမှာ သေချာတယ်"

"ငါက ဘာမှမဖြစ်ဘူး ဓာတ်မီးတော့ ကွဲသွားပြီ"

"ဟာ . . . ဒီလောက်မှောင်မည်းနေတာ ဘယ်လိုလုပ်ပြီး ဆက်သွားမလဲ၊ မဒိုင်းရွာကိုပဲ ပြန်ကြမလား"

"ဒီအချိန်ကျမှ ပြန်မလှည့်တော့ဘူးကွာ၊ လမ်းတစ်ဝက်လောက် နီးနီးရောက်နေပြီပဲ၊ လာပါ . . . မှန်းသွားကြတာပေါ့ . . ."

ဓာတ်မီးကျွမ်းသွားသဖြင့် တစ်လောကလုံးမှောင်နဲ့မည်းမည်း ဘာမှမမြင်ရသည့်ကြားမှာ သူက ရှေ့မှဆက်သွားသဖြင့်၊ ကျွန်တော်လည်း သူ့နောက်မှလိုက်ရလေတော့သည်။ လယ်ကန်သင်းရိုးများမှာ မိုးကြောင့် ဘယ်လိုမှသွားလို့မရအောင် ချော်နေ၍ ဝါးရုံပင်များ၊ သစ်ပင်အုပ်အုပ်ကလေးများ ကွက်ကြားပေါက်နေသော တောင်ကုန်းလေးတွေပေါ်မှ သွားရပြန်သည်။

နာရီဝက်နီးနီးလောက်သွားပြီးသောအခါ မိုးကပိုသည်းလာသလို၊ လေကလည်း တဟူးဟူး . . . တိုက်နေသဖြင့် လူမှာချမ်းတုန်လာသည်။ ထင်ကျော်ဦးက မိုးနည်းနည်းလုံသော သစ်ပင်အောက်သို့ ဝင်လိုက်ရင်း . . .

"ဟေ့ကောင် ပုလင်းဖွင့်ကွာ ချမ်းတယ် . . ."

ကျွန်တော်က ပုလင်းအဖုံးမှချိတ်တွေကို ဓာတ်မီးဖင်ဖြင့် ရိုက်ခွာရင်း . . .

"ဟူး . . . အေးလိုက်တာကွာ၊ လူလည်းကြွက်စုတ်ဖြစ်နေပြီ၊ ရောက်ခါရောနီးပြီလား . . ."

ထင်ကျော်ဦးက ချေသားကင်အထုပ်ကိုဖြေ၍နှိုက်ယူရင်း . . .

"လယ်ကန်သင်းရိုးဘေးက တောတန်းလေးထဲ ဝင်လာကတည်းက ငါလမ်းပျောက်သွားလို့ အခုဘယ်ရောက်နေမှန်းတောင် မသိတော့ဘူး"

"ဟေ . . . ဒါ . . . ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ပုလင်းအဖုံးကိုသာ ရအောင်ဖွင့်စမ်းပါ၊ ဒီမှာ ချမ်းလို့သေတော့မယ်။ နည်းနည်းလောက်သောက်ပြီးမှ ေ ုးစားပါရစေ"





"နားထောင်စမ်း ဟောဒီတောအုပ်လေးရဲ့ ဘယ်ဘက်နားလောက်က ရေစီးသံကြားနေရသလားလို့"

ထင်ကျော်ဦးလည်း နားစွင့်လိုက်ပြီး . . .

"အေး . . . ကြားတယ်၊ ကြားတယ် . . . သေချာပြီ အဲဒါ ပဲနောက်ချောင်းကြီး၊ အဲဒီချောင်းကမ်းပါးအတိုင်းသွားရင်'သခွတ်ရင်း' ရွာကြီးနဲ့ငါတို့ရွာအရှေ့ကဲခါးပေါက်ကိုဆက်ထားတဲ့ လှည်းလမ်းကြောင်းကိုတည့်တည့်ကြီးတိုးမှာ သေချာပေါက်ပဲ၊ ဟာ . . ပုလင်းက ဖွင့်လို့မရသေးဘူးလား"

"ပွင့်သွားပြီကွ ဒါပေမယ့် ခွက်မရှိဘဲဘယ်လိုသောက်မလဲ"

"ဒီအတိုင်း မော့သောက်တာပေါ့ . . . ပေး"

ကျွန်တော်က 'ကလောက် . . . ကလောက် . .' မြည်သွားအောင်ပါးစပ်ထဲသို့လောင်းချလိုက်ပြီးမှ သူ့ကိုပေးလိုက်သည်။ သူကလည်း ကလောက်ကလောက်မြည်အောင် မော့ချနေရာ . . .

"ဟေ့ကောင် ထင်ကျော်ဦး မင်းကလောက်၊ ကလောက်သံက ကြာလှချည်လား၊ အဲဒီလောက်ကြီး မသောက်နဲ့ ဧည့်သည်ဖို့ချန်ရဦးမယ်"

"ဟ . . . ငါ့ ကလောက်၊ ကလောက်သံက နှစ်ခါတည်းရယ် မင်းသာ ကလောက် သံရှည်တာ"

မှောင်ကြီးမည်းကြီးထဲတွင် မမြင်မစမ်းနှင့် 'ကလောက် . .' သံကို နားစွင့်ကာ အချမ်းဖြေကြရသော ကျွန်တော်တို့နှစ်ယောက်က သူကလောက်သံရှည်သည်၊ ငါကလောက်သံရှည်သည်ဟု အော်ကြီးဟစ်ကျယ်ငြင်းခုံရင်း တစ်စိတ်နီးပါးလောက် ဗိုက်ထဲဝင်သွားသလို ချေသားကင်များလည်း တစ်ဝက်ကျော်ကျော်လောက်ကုန်သွားသောအခါ ချောင်းဘက်မှ လှည်းသံကို ကြားလိုက်ရသဖြင့် . . .

"ဟေ့ကောင် ချောင်းဘက်ကလှည်းသံကြားတယ်၊ ငါတို့တွေနှစ်ရွာကြားက လှည်းလမ်းကိုရောက်နေတာ ဟုတ်မဟုတ်။ အဲဒီလှည်းကို လိုက်မေးကြရအောင် သိမ်း . . . သိမ်း . . . ပစ္စည်းတွေသိမ်းတော့"

ကျွန်တော်ကပစ္စည်းများကိုသိမ်းပြီး လွယ်အိတ်ထဲထည့်ကာ လွယ်အိတ်ကိုစလွယ်သိုင်း၍ လွယ်လိုက်စဉ် 'ဂွိမ်း . . .'ခနဲမြည်သံနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



တစ်လောကလုံးလင်းထိန်သွားအောင် လက်လိုက်သောလျှပ်စီးကြောင့် ပတ်ဝန်းကျင်ကို ထင်ရှားစွာမြင်လိုက်ရသည်။

ကျွန်တော်တို့က သစ်တောအုပ်ကလေးရှိသည့် ကုန်းမြင့်ပေါ်မှာ ရောက်နေသည်။ ကိုက်တစ်ရာခန့်အကွာတွင် ကျွန်တော်တို့ရောက်နေသော ကုန်းထက်အနည်းငယ်နိမ့်သော ကုန်းပြင်မြင့်ပေါ်ရှိ ကောက်စိုက်ပြီးသား လယ်ကွက်များကို တမျှော်တခေါ်ကြီးတွေ့နေရသော်လည်း လှည်းကိုမတွေ့ရ၊ လှည်းက ကုန်းနှစ်ခုကြားရှိချောင်းထဲတွင်ရောက်နေပုံရသည်။ ထို့ကြောင့်

"ဟေ့ကောင် . . လှည်းက ချောင်းထဲမောင်းနေတာထင်တယ်"

"အေးဟ အသံကအဲဒီကထွက်နေတာပဲ ချောင်းရေမကျသေးဘူး ထင်တယ်။ လာလာမြန်မြန်ပြေး . . . "

လှည်းသံကြားရာသို့ ကျွန်တော်တို့နှစ်ယောက်အပြေးသွားလိုက်ရာ ကြားနေရသော လှည်းသံနှင့် ပိုနီးလာချိန်တွင် 'ဂျိမ်း . . ခနဲ' မြည်သံနှင့် အတူ ပတ်ဝန်းကျင်တစ်ခုလုံးလင်းထိန်သွားသောလျှပ်ရောင်ဖြင့် ထင်ရှားစွာ မြင်လိုက်ရသည်။ မြင်ကွင်းတစ်ခုကြောင့် ကျွန်တော်တို့နှစ်ဦး မိုးကြိုးအပစ်ခံ လိုက်ရသလို တုန်လှုပ်သွားသည်။

မြင်ကွင်းကတော့ ကျွန်တော့်တို့ရှေ့တည့်တည့် ငံခေါင်းလောက် နက်ပြီး ပေနှစ်ဆယ်သာ ကျယ်သောကမ်းပါးနှစ်ခုအကြား ချောင်းလေး အတွင်း ကျွန်တော်တို့ကိုကျောပေးပြီး ဒုန်းစိုင်းပြေးနေသော လှည်းတစ်စီး၊ ထိုလှည်း၏ 'လှည်းစည်းကုံး' ဟုခေါ်သော နွားနှစ်ကောင်ကြားရှိထမ်းပိုးပေါ် တည့်တည့် တစ်တောင်ခန့်အကွာလေထဲတွင် ခြေကားယား၊ လက်ကားယား ဖြင့် မားမားကြီးရပ်နေသည့် လူတစ်ယောက်၊ အလန့်တကြားဖြင့်ကျွန်တော် တို့ နှစ်ယောက် အပြေးရပ်လိုက်သော်လည်း အရှိန်မထိန်းနိုင်ဘဲ ခြေချော်၍ ချောင်းထဲသို့ 'ဗွမ်း . . . ခနဲ' ပြုတ်ကျသွားသည်။

ချောင်းရေမှာ ဒူးခေါင်းလောက်သာရှိသလို အောက်ခြေမှာ သဲတွေ သာရှိ၍ အကျမနာပါ။ သို့သော်လည်း နှစ်ယောက်သားလူးလဲထရင်း . . .

"ဒါ . . ဒါ . . ပဲနောက်ချောင်းမဟုတ်ဘူး . . သက် . . သက်ပျောက်ချောင်း"





"ဟင် . . ဒါ . . ဒါဆို ခုနက ငါတို့အရက်သောက်ခဲ့တဲ့နေ . . နေရာက"

"သင်း . . သင်္ချိုင်းထဲမှာ"

"မင်း . . မင်း . . မြင်လိုက်သလား . . လေ . . လေထဲမှာခြေကား ယား၊ လက်ကယားနဲ့ မြောက်တက်နေတဲ့ ဟာ . . ဟာကြီး . . လှည်း . . လှည်းကလည်း ဒုန်းစိုင်းပြေးလို့ . . "

ကျွန်တော့်အမေးကို ထင်ကျော်ဦးက ပြန်မဖြေတော့ဘဲ တစ်ဖက် ကမ်းပါးပေါ် ခုန်တက်လိုက်သဖြင့် ကျွန်တော်လည်း လိုက်တက်ရင်း လယ် ကွက်တွေကို တဗွမ်းဗွမ်းမြည်အောင်ဖြတ်ကာ ကျွန်တော်တို့နှစ်ဦး သုတ်ခြေ တင်လေတော့သည်။

တစ်ကိုယ်လုံးစိုရွှဲ၍ ရွံ့အလိမ်းလိမ်းဖြင့် ညစ်ပတ်ပေတေနေ အောင်အလဲလဲအကွဲကွဲဖြင့်ပြေးလာခဲ့သော ကျွန်တော်တို့နှစ်ဦးအမောဆို့ပြီး မပြေးနိုင်တော့လောက်အောင် ဒူးများတုန်ပြီး ခြေကုန်လက်ပမ်းကျချိန်တွင် တော့ 'တဝုန်းဝုန်း . . . ' ဖြင့်ရေစီးသံကြီးကိုကြားလိုက်ရ၍နှစ်ယောက်သား ဒူးညွတ်ကာခွေလဲသွားရင်း . . .

"ဟောဟဲ . . ဟောဟဲ . . ဒါ . . ဒါကမှပဲ . . ပဲနောက်ချောင်း အစစ်"

"ချောင်း . . ချောင်းကိုဖြတ်ပြီး . . သခွတ်ရင်းရွာကိုသွားမလား ဟောဟဲ"

"ချောင်းရေတွေ တဝုန်းဝုန်း . . ကျချိန်ကြီးမှာ ဖြတ်ကူးရင် သေ. . သေကုန်မှာပေါ့ကွ ဟောဟဲ . . ဟောဟဲ . . ဒီ . . ဒီမှာ လှည်းလမ်းတွေ့ပြီ"

"ရွာအရှေ့တံခါးဘက်ကနေ ပြန်လာမှာလား . . ဟောဟဲ . . ဒါဆို ဒီလွယ်အိတ် မင်းလွယ်"

ကျွန်တော်ပေးလိုက်သော လွယ်အိတ်ကို ထင်ကျော်ဦးက ယူ၍ စမ်းကြည့်ရင်း . . .

"ဟင် . . ပုလင်းက အဖုံးပွင့်နေပါလား၊ပုလင်းထဲကရှိစုမဲ့စုလေး



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ရွှံ့ရေတွေဝင်ပြီးသားဖြစ်နေပြီ။ ဟာ . . ဟင်းတွေရော၊ အသားကင်တွေရော ရေဝင်ပြီး တစ်စွိစွိဖြစ်နေပြီကွ။ ကဲဟာ . . ."

ပုလင်းနှင့်တကွ ရိက္ခာထုပ်များကို ချောင်းထဲသို့ ပစ်ချပြီးနောက် လေးကန်သောခြေလှမ်းများဖြင့် လှည်းလမ်းအတိုင်း ရွာကိုပြန်လာခဲ့ကြသည်။ ကြောက်စိတ်က မပျောက်သေးသဖြင့် တစ်ယောက်လက် တစ်ယောက်ဆွဲရင်း ဟိုကြည့်၊ သည်ကြည့်ဖြင့်လာခဲ့ကြသော ကျွန်တော်တို့နှစ်ဦး ရွာအရှေ့ဘက်စည်းရိုးနှင့် ကပ်လျက်တည်ရှိသည့် စာသင်ကျောင်းနားရောက်လာမှ သက်ပြင်းချနိုင်တော့သည်။

မနက်တိုင်းကျောင်းမတက်ခင် ကျောင်းသား၊ ကျောင်းသူများကို ဘုရားရှိခိုးခိုင်း၍ မေတ္တာပို့အမျှဝေခဲ့သော ကုသိုလ်တောင်းမှုများကြောင့် ကျောင်းစောင့်နတ်ကတော့ ကျွန်တော်တို့ကျောင်းဆရာနှစ်ယောက်အား မျက်နှာလွှဲမည်မဟုတ်ဟု ယုံကြည်မိသလို ရွာအရှေ့တံခါးသို့ရောက်ရှိပြီဖြစ်၍လည်း ကြောက်စိတ်တို့လွင့်ပါးသွားပေပြီ။

ရွာတံခါးက မပိတ်သေးပေ။ ကာလသားများသည် ကျွန်တော်တို့စည့်သည့်ကို စည့်ခံနေရသဖြင့် တံခါးပိတ်ဖို့မေ့နေဟန်တူသည်။ ထို့ကြောင့် တံခါးကိုထောက်ထားသော မျောတိုင်ကိုဆွဲဖယ်၍ ရွာတံခါးကိုပိတ်လိုက်ရာ 'တကျွီ . . ကျွီ . .' မြည်သွားသော တံခါးသံကြောင့် ရွာတံခါးနှင့် အနီးဆုံးတွင်ရှိသည့် အိမ်မှ 'ဂျီးအိုတင်နု' တစ်ယောက် မှန်အိမ်ကြီးကို ဆွဲ၍ထွက်လာပြီး ကျွန်တော်တို့ကို မြင်သွားသဖြင့် . . .

"ဟောတော် ဒီအချိန်ကြီးကျမှ ဆရာတွေက ပြန်လာရတလား၊ စောစောလေးကတင် ထွေးလေးကိုဖိုးကဲ့တစ်ယောက် တချိုင်းထဲကနေ မကောင်းဆိုးဝါးတွေ ထွက်လိုက်လို့အော်ဟစ်ပြီး ပြေးလာတာ၊ ဒီရောက်တော့အကြောက်လွန်ပြီး တတိလစ်သွားလို့ ဆရာတော့်ကျောင်းကို ပို့ထားရပါပကောလား . . ."

'ဗျာ . .' ဟူသော အာမေဍိတ်သံကြီးက ကျွန်တော်တို့ပါးစပ်များမှ တစ်ပြိုင်တည်း ထွက်သွားသောအခါ ဂျီးအိုတင်နုက တုန်တုန်ရင်ရင်ဖြင့် . . .





"ထွေးလေးကိုဖိုးကဲ့က မနက်ဖြန်ကောက်စိုက်အားချရှိလို့ တက်ပျောက်ချောင်းဘေးက တူ့လယ်ကို ပျိုးတွေပို့နေတာတဲ့၊ နောက်ဆုံးအခေါက်ပျိုးပို့ပြီးလို့အပြန်မှာ တချိုင်းထဲကနေအော်တဲ့၊ ဟစ်တဲ့တွေကြားရလို့ တူ့လည်းကြောက်လန့်ပြီး လှည်းကိုဒုန်းစိုင်းမောင်းရင်း တချိုင်းဘက်ကို မျက်ခြည်မပြတ်ကြည့်နေတတဲ့၊ တူ့ကအနိမ့်ပိုင်းချောင်းရိုးထဲမှာဆိုတော့ ကုန်းမြင့်ပိုင်းတချိုင်းဘက်ကို အမှောင်ထဲမှာတောင် ထင်ထင်ရှားရှားမြင်ရတာပေါ့။

အဲဒီမှာတင် တချိုင်းထဲက မည်းမည်းကြီးနှစ်ကောင်က တူ့ဆီကို ဦးတည်ပြီးပြေးထွက်လာတာကိုလည်း မြင်လိုက်ရော တူ့လည်း လှည်းစည်းကုံးပေါ်ကနေ လှည်းရှေ့ကိုခုန်ချပြီး အပြေး၊ လျှပ်စီးကလည်းအလက်၊ အဲဒီအချိန်မှာ တူ့မျက်စိရှေ့တင် တရဲနှစ်ကောင်က ချောင်းထဲကို 'ဗွမ်း . .'ခနဲ မြည်အောင်ခုန်ချတာကို မြင်လိုက်တာနဲ့ တစ်ပြိုင်နက်နောက်ကိုတောင် တူ့လှည့်မကြည့်တော့ဘဲ တစ်ချိုးတည်းပြေး၊ နွားတွေလည်း လန့်ပြီးပြေးရင်း ရွာအနောက်တံခါးလည်းရောက်ရော တတိလစ်ပြီးပုံလဲကျသွားလို့ ဆရာတော့်ကျောင်းကို ခေါ်သွားပြီး ရေမန်းတွေတိုက်၊ ပရိတ်တွေရွတ်နဲ့ တော်တော်ကို လုပ်ယူရတာ။

ခုနကမှ တတိပြန်လည်လာလို့ အကြောင်းစုံတိခဲ့ရတာ၊ ဒါပေမယ့် ကြောက်စိတ်ရော၊ မိုးမိပြီး အအေးပတ်တာလည်းပါမှာပေါ့၊ ဖျား နေလို့ ဆရာတော့်ကျောင်းမှာပဲ တိပ်ထားလိုက်ရတယ်။

ကဲကဲ ဆရာတွေလည်း မိုးစိုကြီးနဲ့ဖျားနာနေဦးမယ် သွားသွား နောက်ဆို တစ်ရွာတစ်ကျေးကို အချိန်မတော်ကြီး သွားသွား၊ လာလာမလုပ်ပါနဲ့၊ မကောင်းဆိုးဝါးနဲ့ တိုးနေဦးမယ်"

ကျွန်တော်တို့က ခေါင်းညိတ်ပြလိုက်သောအခါ ဂျီးအိုတင်နုက မှန်အိမ်ကြီးကို ဆွဲ၍သူ့အိမ်ထဲဝင်သွားသည်။

သက်ပျောက်ချောင်းရိုးအတွင်း လေထဲ၌ ကိုးရိုးကားရားမြောက်တက်နေသော မကောင်းဆိုးဝါးကြီးက သချိုင်းထဲမှပြေးထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးနှစ်ကောင်ကိုကြောက်၍ လန့်ဖျားဖျားသွားကြောင်းကို သိလိုက်ရသည့်အတွက် . . .

ခြေကားယား၊ လက်ကားယားဖြင့် လေထဲမြောက်တက် နေသော မကောင်းဆိုးဝါးကြီးကိုကြောက်၍ သက်ပျောက်ချောင်းအတွင်းမှ ထွက်ပြေးလာခဲ့ရသော သချိုင်းထဲက မကောင်းဆိုးဝါးနှစ်ကောင်ကတော့ တခွီးခွီးဖြင့်ကြိတ်ပြီး၊ ရယ်ပြီးရင်း ရယ်နေမိတော့သည်။

☠ ☠ ☠

ဝါးဝါး တဟားဟား . . ဖြင့် ရယ်မောပြီး ပြောဆိုနေကြသော သင်္ကြယ်မြောင်ကျောင်းဆရာနှစ်ယောက်ကိုကြည့်ရင်း ကျွန်တော့်မှာ အားမလို၊ အားမရဖြစ်လာသည့်အတွက် . . .

"သချိုင်းထဲက ပြေးထွက်လာတဲ့သရဲနှစ်ကောင်ဟာ မင်းတို့ကျောင်းဆရာနှစ်ယောက်ပါလို့ ရွာကလူတွေကိုပြောမပြဘူးလား"

ထင်ကျော်ဦးက ရေနွေးကြမ်းကိုငုံ့ရင်း . . .

"ရွာကိုပြန်ရောက်ရောက်ခြင်းတန်းပြီး ပြောပြလို့မဖြစ်သေးဘူးလေဗျာ၊ ထွေးလေးကိုဖိုးကဲ့က မိုးမိလို့ ငှက်ဖျားပြန်ထတဲ့ကြားထဲ၊ အကြောက်လွန်ပြီး ကယောင်ကတမ်းဖြစ်နေတဲ့ အချိန်ကြီးမှာ ကျွန်တော်တို့ကဖြစ်ကြောင်းကုန်စင်ပြောပြပါပြီတဲ့၊ မတော်တဆထွေးလေးကိုဖိုးကဲ့သာ သေသွားခဲ့ရင် ကျွန်တော်တို့နှစ်ယောက်ကြောင့်လို့ဆိုပြီး တစ်ရွာလုံးက လက်ညှိုးထိုးမှာပေါ့ . . ."

လက်ဖက်စားနေသော ထွန်းကြီးကလည်း . .



www.burmeseclassic.com

www.burmeseclassic.com



"သူနေကောင်းသွားတဲ့အခါကျမှ ကျွန်တော်တို့လည်း ပြောပြရတာပေါ့"

"အဲဒီတော့ . . တစ်ရွာလုံးတအုံးအုံး . . နဲ့ ရယ်ကြမှာကိုမြင်ယောင်သေးတယ်ဟေ့ ဟား ဟား ဟား"

"ရယ်ဖို့နေနေသာသာ ထွေးလေးကိုဖိုးကဲ့နဲ့ တစ်ရွာလုံးက သူတို့တွေ အကြောက်အလန့်ပြေအောင် ကျွန်တော်တို့ကျောင်းဆရာ နှစ်ယောက်က လိမ်ညာပြီးပြောတယ်ထင်လို့ အကြောက်ပြေအောင်တော့ ဆရာတွေကကြားထဲကနေ ငရဲအကြီးခံပြီး မုသာဝါဒတွေမပြောကြပါနဲ့။ ဆရာလေးတို့ရဲ့စေတနာကို တစ်ရွာလုံးကနားလည်ပါတယ်ဆိုပြီး တစ်ရွာလုံး ဝိုင်းပြောကြလို့ ကျွန်တော်တို့လည်း ပါးစပ်ပိတ်နေရတော့တာပေါ့"

"အေးလေ . . မင်းတို့တွေကရှင်းပြရဲ့သားနဲ့ သူတို့တွေမယုံတာကတော့ ဘယ်တတ်နိုင်ပါ့မလဲ"

ဟု ကျွန်တော်က ညည်းညည်းညူညူပြောလိုက်သောအခါ ထွန်းကြီးက . .

"အဲဒါ ထားပါဦး။ ကျွန်တော်တို့တွေ သက္ကယ်မြောင်ရွာကို ကျောင်းဆရာသွားလုပ်လို့ မြို့နဲ့အဆက်ပြတ်သွားတာ ဘာမှမကြာသေးဘူး၊ ကိုညီညီကဘယ်လိုလုပ်ပြီး မစံပယ်နဲ့ညားသွားတာလဲ"

ကျွန်တော်က ရှက်ပြုံးပြုံးလိုက်စဉ် ထင်ကျော်ဦးကလည်း . .

"ဟုတ်ပါရဲ့ အရှက်အကြောက်ကြီးလွန်းလို့ ဘယ်လိုလူမှ အနားအကပ်မခံတဲ့ မစံပယ်က ကိုညီညီလိုလူစားနဲ့ ညားသွားတယ်ဆိုတော့ . . .

"ဘာလဲ . . မစံပယ်နဲ့ငါနဲ့ ညားသွားတာကို မင်းတို့နှစ်ယောက်က မနာလိုဖြစ်နေတာလား . . ."

"အားးကျနေကြတာပါဗျာ . . ကိုညီညီတို့နှစ်ယောက်ကြိုက်သံမကြား၊ ဘာမကြားနဲ့ ဆိုင်းမဆင့်ဗုံမဆင့်ရသွားလို့ အံ့ဩနေတာ၊ လုပ်စမ်းပါဦးဗျ၊ နည်းကောင်းလေးဘာလေးရှိရင်လည်း အတုယူရအောင်ပါ"

မိုးစံပယ်ထမင်းဆိုင်ကြီးအတွင်း ကောင်တာစားပွဲတွင်ထိုင်ကာ စာရင်းလုပ်နေသော ကျွန်တော့်မိန်းမ မစံပယ်ကို ကြည်ကြည်နူးနူးဖြင့်

တော်ဝင်မြိုင် စာအုပ်တိုက်



ကျွန်တော်လှမ်းကြည့်လိုက်ရင်း စားပွဲခုံအောက်တွင် ဖွက်ထားသော ပုလင်းပြားလေးကို လှမ်းယူ၍ ရေနွေးပန်းကန်ထဲသို့ငှဲ့ကာ အာစွတ်ရုံလောက်မော့လိုက်ပြီးမှ . . .

"ဒီလိုကွ . . . ."

☠☠☠

www.burmeseclassic.com

www.burmeseclassic.com

## တာ တေ ကြီး ရေး တဲ့ ဖူး စာ

ဒီလုပ်ကိစ္စက မပြတ်သဖြင့်ကားဂိတ်သို့ ကျွန်တော်အရောက် နောက်ကျခဲ့သည်။ ထင်ထားသည့်အတိုင်း ကျွန်တော်တို့မြို့အထိ ရောက်သော လိုင်းကားကမရှိတော့၊ အချိန်တိကျစွာဖြင့်ထွက်သွားပေပြီ။

အချိန်မီမပြီးပြတ်သည့်လုပ်ငန်းအတွက် စိတ်ပျက်လာရသည့်အထဲ၊ ကျွန်တော်တို့မြို့နှင့်တစ်မိုင်ခန့်အကွာ ကန်နှစ်ဆင့်ရွာအထိသာ ရောက်သောလိုင်းကားကြီးကို မဖြစ်မနေစီးရတော့မည့်အတွက်လည်း ပူပင်သောကတွေပွားနေမိသည်။ သယ်စရာပိုးစရာအလေးအပင် ဘာပစ္စည်းမှ မပါသည့် လူလွတ်သက်သက်က တစ်မိုင်ခရီးကို လမ်းလျှောက်ရမည်မှာ ခြေထောက်အညောင်းပြေရုံလောက်သာရှိပါသော်ငြားလည်း ကျွန်တော် စိတ်ပူနေသည့်အကြောင်းက . . .

ယခုစီးရတော့မည့် လိုင်းကားက၊ ရွာစဉ်ရွာဆက် မပျက်မကွက် ရပ်နား၍သာ ခရီးသွားတတ်သည့် လိုင်းကားဖြစ်ရုံမက၊ တစ်ခါတစ်ခါ ရပ်





လိုက်လျှင်လည်း ကားဘီးတာယာမှ အမြစ်ထွက်လုမတတ်ရပ်တတ်သဖြင့် ကန်နှစ်ဆင့်ရွာသို့ ဤလိုင်းကားကြီးရောက်ပါက မိုးစုပ်စုပ်ချုပ်ပေတော့မည်။ ထိုအချိန်ကြီးကျမှ ကန်နှစ်ဆင့်ရွာနှင့် ကျွန်တော်တို့မြို့အကြားလမ်းခရီးတစ်ဝက်ရှိ ရေကန်ကြီးနှစ်ခုအကြားက ညောင်မုတ်ဆိတ်အပင်ကြီးအောက်မှ မြေနီလမ်းအကွေ့လေးပေါ်သို့ ဖြတ်သွားဖို့အရေးအတွက် ကျွန်တော်စိတ်ပူပင်သောက ရောက်နေခြင်းသာဖြစ်ပါသည်။

ညောင်မုတ်ဆိတ်၏ မုတ်ဆိတ်အမြစ်မွှားများက မြေကြီးကို ထောက်ကာ ဖြာပြုရင်း ကြီးထွားချင်တိုင်းကြီးထွား၍ လမ်းကွေ့တစ်ခုလုံးကို နေပြောက်မထိုးနိုင်လောက်အောင် အုပ်ဆိုင်းစွာဖြင့် ဖုံးလွှမ်းထားသော ထိုညောင်ပင်မုတ်ဆိတ်ပင်ကြီး၏ ကြီးမားထည်ဝါမှုနှင့်အတူ၊ စစ်အတွင်းက သူသတ်ကုန်းဖြစ်ခဲ့သော ထိုနေရာ၌ခေါင်းနှင့်ကိုယ်အိုးစားကွဲခဲ့သူအပေါင်းက မရေတွက်နိုင်အောင် ရှိခဲ့သည့်နောက်ခံအကြောင်းတရားများကြောင့် မြေကြမ်းသည်ဟုဆိုကာ မှောင်ရိပ်သမ်းလျှင်ပင် ဖြတ်သွား၊ ဖြတ်လာသူမရှိဘဲ လူသူကင်းမဲ့သော ထိုနေရာကိုမလွဲမသွေ ကျွန်တော်ဖြတ်ရပေတော့မည်။

သို့ပါသော်လည်း ဖူးစာရေးနတ်နှင့် မျက်နှာကျော့မတည့်၍ လူပျိုကြီးဖြစ်နေရသည်မှလွဲ၍ အတွေ့အကြုံရင့်ကျက်စ လူလတ်ပိုင်းအရွယ် ကျွန်တော့်အတွက် မမြင်ရသည့် မကောင်းဆိုးဝါးဆိုသည်မှာ $H_1N_1$ လောက်ပင် ရင်ခုန်စရာမရှိဟု စိတ်ကိုတင်းရင်း၊ ခေတ်မီးမပါ ဘာမပါဖြင့် မှောင်နဲ့မည်းမည်းသွားရမည့်ခရီးအတွင်း မတော်တဆမွေပါး၊ ကင်းပါးနှင့် ကြုံလေမလားဟု စိုးရွံ့လာပြန်ပါသဖြင့် . . .

တစ်ချက်ခုတ်နှစ်ချက်ပြတ်အောင် ပေါင်လယ်သာသာ၊ အလွန်ဆုံးခါးလောက်နတ်သည့် ရေကန်အတွင်းမှဆင်း၍တည့်တည့်ကြီး ဖြတ်သန်းသွားပါက မြွေပါး၊ ကင်းပါးရှောင်ရှားပြီးဖြစ်သလို ညောင်မုတ်ဆိတ်အပင်၏ စက်ကွင်းမှလည်း လွတ်ကင်းပေတော့အံ့ဟု တွေးမိသဖြင့် ရေအလျဉ်ကို ခြေကျင်လျှောက်၍ဖြတ်မည်ဟုဆုံးဖြတ်ကာ ဟီးနိုးရိန်းဂျားခေါင်းတို ကားကြီး၏ နောက်ခန်းရှိခုံရှည်ပေါ်တွင်ထိုင်ရင်း မြို့သို့အပြန်ခရီးဖော် လူကြုံများ လေဦးမလားဟု ကျီးကန်းတောင်းမှောက် ကြည့်ရှုရှာဖွေနေမိတော့သည်။



www.burmeseclassic.com

သူတော်ကောင်းကြီး၏ စိတ်ဓာတ်အဟုန်ကို မိုးနတ်မင်းကြီးက မရှုရက်လေသလားမသိ၊ ကျွန်တော့်သူငယ်ချင်းရှောက်ပေါင်း၏ဇနီး ကလေးနှစ်ယောက်အမေ ဝက်သားသည်မကြည်အောင်က အပျိုပေါက်အရွယ် သူ့သမီးနှစ်ယောက်ကိုလက်ဆွဲရင်း ကားဂိတ်ထဲသို့ဝင်လာ၍ ကျွန်တော်ဝမ်းသာသွားသလို . . . .

သူကလည်း ကျွန်တော့်ကိုမြင်၍ရွှင်လန်းသွားပြီး ကားပေါ်တက်လာကာ ကျွန်တော့်ဘေးတွင်ဝင်ထိုင်ရင်း သူ့ယောကျ်ားမကောင်းကြောင်းကို စီကာပတ်ကုံးပြောရုံမကသေး ဝက်လိုင်စင်လေလံကြမ်းခင်းဈေးတွေက တရိပ်ရိပ်ဖြင့် နတ်ပြည်ခြောက်ထပ်ကိုကျော်လာပြီဖြစ်ကြောင်း၊ ကုန်ကြမ်းဈေးနှုန်း၊ ကုန်ချောဈေးနှုန်း၊ သယ်ယူပို့ဆောင်စရိတ်စသည်ဖြင့်၊ စသည်ဖြင့် ဂဏန်းသင်္ချာတွေကို တတွတ်တွတ်ရွတ်ပြရင်း . . .

လက်ငုပ်လက်ရင်းလုပ်ငန်းဖြစ်၍သာ လုပ်နေရသော်လည်း မကိုက်ပါကြောင်းများကို တဲတောင်ဆစ် အထိရောက်နေသော လက်ကောက်များ၏ အသံတညံညံပေးရင်းချူသံပါအောင် ညည်းညူပြနေ၍ ဘယ်လိုခံစားပေးရမှန်းမသိဖြစ်နေစဉ် သူကဆက်လက်၍ သို့ကလို မကိုက်သည့်အတွက် ကိုယ့်မြို့ ကိုယ့်ရွာက ဝက်လိုင်စင်သာမက ဉာဏ်မြို့မှ ဝက်လိုင်စင်ကိုပါ လာရောက်လေလံဆွဲယူ၍ ရခဲ့ပြီဖြစ်ကြောင်း ထပ်ဆောင်းပြောပြပြန်သောအခါ . . .

မကိုက်ခြင်းအကြောင်းအရာကို ဘယ်လိုမှ နားမလည်နိုင်တော့သည့်အတွက် မကြည်အောင်တစ်ယောက် ပျော်ပျော်ကြီးကိုက်စေရန် အလို့ငှာ ခွေးရူးကို သူ့ခြေထောက်တွင်ချည်၍ မြွေပွေးကို သူ့ခေါင်းပေါ်တင်ပေးရကောင်းလေမလားဟု စေတနာရှေ့ထား၍ စဉ်းစားနေစဉ်အတွင်း

မစံပယ်တစ်ယောက် ကားဂိတ်သို့ရောက်ရှိလာကာ ကားပေါ်တွင် ထိုင်နေသော ကျွန်တော်တို့ကို တစ်ချက်လှမ်းကြည့်ပြီးနောက် ဂိတ်မှူးနှင့် စကားပြောရင်း ကားခေါင်းခန်းထဲသို့ တန်းတက်သွားသည်။

မစံပယ်ကိုမြင်လိုက်ပုံမရသော မကြည်အောင်က ယောကျ်ားမကောင်း သူ့အကောင်းဇာတ်လမ်းကြီးကို အမြုပ်ထွက်လုမတတ်ပြောပြနေ





သော်လည်း ကျွန်တော်စိတ်မဝင်စားတော့၊ ကျွန်တော် ဝိတ်ဝင်စားနေသည်က မစံပယ်၏အကြောင်းသာဖြစ်တော့သည်။

အပျိုလေးဘဝဖြင့် မစံပယ်တစ်ယောက် ဝန်ထမ်းမိဘနှစ်ပါးနှင့်အတူ ကျွန်တော်တို့မြို့လေးသို့ပြောင်းရွှေ့လာခဲ့သည်။ အသားဖြူဖြူချောမောလှပရုံမျှမက ခန္ဓာကိုယ်ပါကျော့ရှင်းသော သူမက ကျွန်တော်တို့မြို့ကလေး၏ တော့(ပ်)တန်း (Top 10) စာရင်းတွင် နံပါတ်တစ်ချိတ်ခဲ့သည်။ ထို့ကြောင့် သူမတို့မိသားစုက ကျွန်တော်တို့မြို့တွင် ထမင်းဆိုင်ဖွင့်လှစ်လိုက်သောအခါ ကိုယ့်အိမ်၊ ကိုယ့်ယာရှိပါလျက်နှင့် ဆိုင်ထမင်း၊ ဆိုင်ဟင်းကို လပေးစားသည့် လူတန်းစားတစ်ရပ်ပင် ပေါ်ပေါက်ခဲ့သေးသည်။

တစ်မြို့လုံးနီးပါး သူ့ဆိုင်စား၍ သူ့အလှတွင်ယစ်မူးကာ သူ့အချစ်ပန်းကို လှမ်းဆွတ်ရန်ကြိုးစားကြပါသော်လည်း အရှုက်အကြောက်ကြီးရုံမက ရိုးရိုးအေးအေးသာနေတတ်သော သူမ၏အနားသို့ပင် မည်သူမျှကပ်၍ မရခဲ့ကြပေ။ ယခုတော့လည်း အပျိုကြီးစာရင်းသို့ပင် ဝင်စပြုနေသော သူမက (Top 11) စာရင်းသို့ပင် ရွှေ့လျောကာ ရောက်ရှိနေပေပြီ။

လွင့်မျောနေသော ကျွန်တော့်အတွေးများကို ဖြတ်တောက်လိုက်သည်က ကားဂိတ်အနားသို့ ထိုးဆိုက်လာသော အငှားသုံးဘီးဆိုင်ကယ်တစ်စီး၊ ထိုဆိုင်ကယ်ပေါ်မှ ယိုင်ထိုး၊ ယိုင်ထိုးဖြင့်ဆင်းလာသူက ရှောက်ပေါင်း။ မကြည်အောင်ကို လက်တို့၍မေးဆတ်ကာပြလိုက်သည်။ မကြည်အောင်က လှည့်ကြည့်ရင်း သူ့ယောကျ်ားကိုမြင်သွားသည်နှင့် တစ်ပြိုင်နက် 'ကာလနာ' ဟု သူမပါးစပ်ဖျားက အသံထွက်လာသလို . . .

"ပိုက်ဆံအိတ်ကြီးက အဖေ့ဆီမှာ" ဟုပြောလိုက်သော သူ့သမီး၏စကားအဆုံး မကြည်အောင်က သမီးနှစ်ယောက်လက်ကိုဆွဲ၍ ကားပေါ်မှ လွှားခနဲဆင်းကာ ရှောက်ပေါင်းဆီသို့ ဦးတည်လိုက်သည်။ လူတောသူတော ကြီးထဲမှာ ရိုက်နှက်ကြဦးမလားဟု စိုးရိမ်မိသော်လည်း ဗိုက်ခေါက်လိမ်ဆွဲရုံဖြင့်ပွဲက ပြတ်သွားသည်။ ထို့နောက် သူတို့မိသားတစ်စု သုံးဘီးဆိုင်ကယ်ဖြင့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလိုက်ကြသည်မှာလည်း ယိုင်းကားကြီး ထွက်သွားသည်အထိပေါ် မလာကြတော့ပေ။

ကန်နှစ်ဆင့်ရွာသို့ရောက်တော့ ဆင်းမည့်ခရီးသည်က ကျွန်တော်နှင့်မစံပယ်နှစ်ယောက်တည်း။ မစံပယ်က ကျွန်တော့်ကိုတစ်လှည့်၊ ပတ်ဝန်းကျင်ကိုတစ်လှည့် ဟိုဟိုသည်သည်ကြည့်ရင်း မဝံ့မရဲဖြင့် . . .

"ဟို . . . ဟို . . . မကြည်အောင်တို့ သားအမိတွေရောဟင်"

"ကားထွက်ခါနီးမှာ သူ့ယောကျ်ားလာခေါ်လို့ ကျန်နေခဲ့တယ်"

"ဟင် . . ."

ဟူသော အာမေဍိတ်ဖြင့် ထိတ်လန့်သွားသည်။ မစံပယ်ကို ကြည့်ရင်း မှောင်နှဲ့မည်းမည်း ဤခရီးလမ်းကို သူမ မသွားရဲကြောင်းသိရှိလိုက်သလို၊ အားကိုးစရာ ကျွန်တော်တစ်ယောက်ရှိနေကြောင်း သူမသိရှိသဘောပေါက်စေရန်အတွက် . .

"ဘာဖြစ်လို့လဲ . . ."

ဟု မသိချင်ယောင်ဆောင်၍ မေးလိုက်ရာ မစံပယ်က စိတ်ပျက်လက်ပျက်ဖြင့် . . .

"ကားနောက်ခန်းမှာ မကြည်အောင်တို့မိသားစုထိုင်နေတာမြင်လို့ မြို့ကိုပြန်မယ့် လူကြုံအဖော်ကောင်းရပြီဆိုပြီး ဒီကားနဲ့လိုက်လာမိတာ"

"အခု လူကြုံက အဖော်ကောင်းမဟုတ်လို့ စိတ်ပျက်သွားတာလား . . ."

ကန်နှစ်ဆင့်ရွာလေးသည် ဤနေရာသို့ လယ်ယာလုပ်ငန်း လုပ်ကိုင်လာသောသူများက စုပေါင်းတည်သော ရွာစုလေးဖြစ်၍ အိမ်ခြေသုံးဆယ်ပင်မပြည့်။ မြို့ခံဖြစ်သော ကျွန်တော်ပင်လျှင် ဤရွာ၌ရင်းနှီးသူ အသိမိတ်ဆွေတစ်ယောက်မှမရှိလျှင် မစံပယ်အဖို့ ဤနေရာ၌ ကျွန်တော်မှ တစ်ပါးအခြားရွေးချယ်စရာ လုံးဝမရှိတော့မှန်း အပိုင်သိရှိထား၍ တမင်နှဲ့ပြောလိုက်ရာ သူမက ဘာပြန်ပြောရမှန်းမသိဖြစ်သွားပြီး ခေါင်းကိုသာ တွင်တွင်ယမ်းပြနေသဖြင့် ကျွန်တော့်မှာ သနားစိတ်တွေဝင်လာပြီး သူမ အားရှိသွားစေရန်အတွက် . .





"စိတ်ချစမ်းပါဗျာ ဒီလမ်းဒီခရီးမှာ ကျွန်တော်တစ်ယောက်လုံး ရှိနေတာပဲ ဘာသရဲမှကြောက်စရာမရှိပါဘူး"

"ကျွန်မက သရဲကိုမကြောက်ဘူး လူတိုပဲကြောက်တာ"

မျက်လုံးအဝိုင်းသားဖြင့် ပြန်ဖြေလိုက်သော သူမ၏စကားကြောင့် ကျွန်တော်အောင့်သက်သက်ဖြစ်သွားသော်လည်း အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားတည်းဟူသော ဂုဏ်ကိုဆယ်ယူရန်အတွက် . . .

"ကိုယ့်ကိုယ်ကိုယ်ကော့ လုံးဝစိတ်ချပြီးသားပါ။ မစံပယ်ဘက်ကလည်း ကိုယ့်ရဲ့ဆန္ဒကို ကိုယ့်ရဲဂုဏ်သိက္ခာနဲ့ထိန်းပေ့ါဗျာ"

ဟု နှဲ့ပြောကာ ရင်ကော့၍ ခရှေ့မှလျှောက်လိုက်သည်။ မစံပယ်တစ်ယောက်ကျွန်တော့်နောက် မလှမ်းမကမ်းမှ လိုက်ပါလာကြောင်းကို ကျွန်တော်လှည့်မကြည့်ဘဲ သူမ၏ခြေသံအရသိရှိနေသည်။ တဖြည်းဖြည်းဖြင့် ညောင်မုတ်ဆိတ်နားရောက်လာသည်။

ထိုနေရာတွင် လမ်းက 'ဂငယ်' ပုံ တစ်ဆစ်ချိုးထောင့်ချိုးကွေ့ဖြစ်၍ သစ်ပင်ချုံပင်ကင်းမဲ့သော ရေပြင်ကိုဖြတ်ကာ ကျွန်တော်တို့မြို့ကလေးအဝင် ဆင်ခြေဖုံးရှိအိမ်လေးများမှ မီးရောင်ပျပျကိုမြင်နေရသည်။

ယခုနေ ပေါင်လယ်သာသာနက်မည့် ရေထဲမှဆင်း၍လျှောက်ပါက ညောင်မုတ်ဆိတ်ပင်ကြီး၏ အရိပ်အာဝါသအောက်မှ ဖြတ်သန်းစရာမလိုဘဲ မြို့အနားသို့ ဒုတ်ဒုတ်ထိရောက်ရှိသွားပေလိမ့်မည်ဟု တွေးမိသဖြင့် ရေထဲမှဖြတ်သွားလိုစိတ်များ တဖွားဖွားပင်ပေါ်ပေါက်လာပါသည်။

ကျွန်တော်ကဲ့သို့သော ယောကျ်ားသားအဖို့ ပုဆိုးကိုလှန်ပြီး ရေထဲမှသွားလျှင်ဖြင့် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ တင့်တယ်ပါသော်လည်း မစံပယ်ကဲ့သို့သော နုနုရွရွမိန်းမလှလေးအဖို့ ထဘီမ၍ရေထဲကဖြတ်ရမည့်အရေးမှာ ရွှေပေးလို့မရသော မိန်းမတို့၏ဣန္ဒြေကို လေလံတင်သလိုဖြစ်ပေတော့မည်မဟုတ်ပါလား။ ထို့ကြောင့် သူမကိုငဲ့ညှာသောအားဖြင့် ညောင်မုတ်ဆိတ်အပင်ကြီးအောက်မှ ဖြတ်သန်း၍သွားရပေတော့မည်။

လမ်းအကွေ့'ဂငယ်'ပုံစံ၏ထိပ်တည့်တည့်တွင် ညောင်မုတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



အပင်ကြီးက တစ်ပင်တည်းနှင့်တောအုပ်ငယ်တစ်ခုသဖွယ် အုံ့မှိုင်း၍ လမ်းတစ်ခုလုံးကို ဖုံးလွှမ်းထားသည်။

ဆန်းစသော်တာလမင်း၏ အရောင်အဝါကို ကန့်ရေပြင်က ရောင်ပြန်ဟတ်၍ တဲ့ပြန်နေသောကြောင့် ပတ်ဝန်းကျင်ကို လူလုံးကွဲလုနီးပါးမြင်နေရသော်လည်း ညောင်မုတ်ဆိတ်ပင်ကြီးကတော့ အမှောင်ထုကို သိပ်သိပ်သည်းသည်းဝါးမြိုထားသည့်အပြင် လေပြည်အနေ့ာတွင် ဆော့ကစားနေကြသည့် ညောင်ရွက်တို့၏ "တရှဲရှဲ . . ." မြည်သံများက တိတ်ဆိတ်သောညကို အသံပေး၍ ခြောက်လှန့်နေသလို . . .

လေအလာမှာ ယိမ်းထိုးလှုပ်ရှားနေကြသော ညောင်မုတ်ဆိတ်အမြစ်မွှားကြီးများကလည်း မကောင်းဆိုးဝါးများ နိုးထလာ၍ အညောင်းဆန့်နေသကဲ့သို့ ထိတ်လန့်ဖွယ် ရာအသွင်ထင်မြင်နေရရုံမျှမက . . .

အလန့်တကြားဖြင့် ပျံသန်းသွားရင်း 'တဂီးဂီး . . .' အော်မြည်သံပေးနေသည့် ငှက်ဆိုးတို့၏ ချောက်ချားဖွယ်ရာ အမင်္ဂလာအသံဆိုးများဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးက သွေးပျက်စရာအတိ ဖြစ်နေသည်။

အသည်းငယ်တတ်သူအဖို့ လိပ်ပြာလွင့်စင်သွားလောက်အောင် စိုးရိမ်ကြောက်လန့်စရာကောင်းနေပါသော်လည်း ကျွန်တော့်အတွက်ကတော့ ခြေလှမ်းတုန့်သွားရုံထက်မပိုပါ။

ထိုကဲ့သို့ ကျွန်တော့်ခြေလှမ်းတုန့်သွားမသာကြောင့် သရဲကို မကြောက် လူကိုသာကြောက်သည်ဟု ဖွင့်ဟဝန်ခံထားသော မစံပယ်က ကျွန်တော့်ညာဘက်ဘေးသို့ ရင်ပေါင်တန်းပြီး ရောက်ရှိလာသဖြင့် သူမ၏ ညာဘက်ဘေးတွင် ရေကန်၊ ကျွန်တော့်၏ဘယ်ဘက်ဘေးတွင်တော့ ညောင်မုတ်ဆိတ်ကြီးသာရှိတော့သည်။

စိုးရိမ်ထိတ်လန့်မှုကြောင့် ခြေဖျား၊ လက်ဖျားများပင် အေးလာသော်လည်း ယောကျ်ားတို့၏ဂုဏ်ရှိန်ကို အပွန်းအပဲ့မခံဘဲ ရင်ကိုကော့ကာ ထိမထင်ဟန်ပြင်ထားပြီး စိတ်ထဲမှာတော့ တတ်သမျှ၊ မှတ်သမျှ၊ ဘုရားစာများကို ရွတ်ဆိုရင်း ညောင်မုတ်ဆိတ်အပင်ကြီးအောက်သို့ ဝင်ရောက်ခဲ့ရသည်။





ခေါင်းပေါ်တွင် လရောင်ခြည်မထိုးဖောက်နိုင်လောက်အောင် သိပ်သည်းစွာပိတ်ဆို့ထားရင်း တရှဲရှဲမြည်သံပေးနေသော ညောင်ရွက်များ၊ လေမှာတလူလူလွင့်မျောနေသော ညောင်မုတ်ဆိတ်အမြစ်မွှားများ၊ မြေကြီးကိုထိပြီးနောက် တိုင်လုံးကြီးများသဖွယ် ထိုးထိုးထောင်ထောင်နှင့် ကြီးထွားနေသော ညောင်မုတ်ဆိတ်အမြစ်မွှားတို့ကြောင့် သရဲခြောက်သော အိမ်ကြီးအတွင်းသို့ ဝင်လာခဲ့ရသလို ခံစားလိုက်ရသဖြင့် အာခေါင်များ ခြောက်သွေ့ကာ ဇောချွေးများပင်ပြန်လာသောကြောင့် . . .

ဤအပင်ကြီး၏ အရိပ် အာဝါသ၊ အမှောင်ထုထဲမှ လွတ်မြောက်ရာ အလင်းရောင်ဝိုးတဝါး ပေါ် ထွက်နေသည့်နေရာသို့ ခြေလှမ်းကျဲကျဲဖြင့် ခပ်သွက်သွက်လှမ်းကာ သွားနေရသောကြောင့် နောက်တွင်ကျန် မနေရအောင် ခြေကုန်သုတ်နေသော မစံပယ်၏ပခုံးနှင့် ကျွန်တော့်ပခုံးထိနေသည်ကိုပင် ကျွန်တော့်မှာ မသာယာနိုင်ပါ။

ညောင်ပင်၏ နယ်နိမိတ်အတွင်းခရီးသုံးပုံတစ်ပုံအရောက် ကျွန်တော့်ဘယ်ဘက်ရှိညောင်မုတ်ဆိတ်ပင်မကြီးနှင့်ထောက်တိုင်အကြားလေထဲတွင် ဝဲန်းလန်းကျနေသည့် ညောင်မုတ်ဆိတ်မြစ်မွှားကို ဟီးလေးခိုရင်း မည်းမည်းကြီးဆင်းလာသည်ကို မြင်လိုက်ရ၍ နှစ်ယောက်သားခြေလှမ်းကိုရပ်ကာ ကြက်သေသေသွားသည်။

ထိုမည်းမည်းကြီးက မြေပြင်ပေါ်သို့ခုန်ဆင်းလိုက်ပြီး လက်နှစ်ဖက်ကိုမြှောက်ကာ မြေကြီးကိုဖနောင့်ဖြင့် 'ဖျောင်း . . ခနဲ' မြည်အောင်ပေါက်ရင်း 'သယ် . . .' ဆိုသည့် ချောက်ချားဖွယ်ရာအသံနက်ကြီးဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်နှင့် တစ်ပြိုင်နက် . .

ကျွန်တော်လည်း မစံပယ်ကိုဆွဲကာ ရေကန်ထဲသို့ 'ဝုန်း . . ခနဲ' ခုန်ချလိုက်လေတော့သည်။

ရေကခါးလောက်သာသာနက်သော်လည်း အလျင်အမြန် ပြေးလို့လွှားလို့ မရအောင်တားဆီးနေသလိုဖြစ်နေသောကြောင့် ကျားရဲသတ္တဝါကသားကောင်ကိုခုန်အုပ်သည့် ဗျူဟာအတိုင်း လက်နှစ် ဖက်ကိုမြှောက်၍ရေထုကိုခုန်အုပ်ရင်း လက်ရော၊ ခြေရောစုံကန်၍ပြေးရင်း 'ဘိလူး . . ဘီလူး



www.burmeseclassic.com

www.burmeseclassic.com



ကြီး . . ' ဟု ကျွန်တော့်ပါးစပ်မှ အော်နေသလို မစံပယ်ကလည်း ထိုသို့ နှင်နှင်သာတည်း။

'ဝိုး . . ခန်' 'ဖရော . . ခန်' 'ဝွမ်း . . ခန်' အသံမျိုးစုံနှင့် ခဲများ၊ သဲများ၊ သစ်ကိုင်းခြောက်ကြီးများက ကျွန်တော်တို့နောက်နှင့် ဘေးဝဲယာသို့ တဖွဲဖွဲကျလာသဖြင့် ပြေးအားတိုထပ်မြှင့်လိုက်ချိန်တွင် မစံပယ်တစ်ယောက် စူးစူးဝါးဝါးဗလုံးဗထွေးအော်ဟစ်ရင်း ရေထဲသို့မြုပ်သွား၍ ကျွန်တော်က သူမကို ညာဘက်လက်ဖြင့် ဆွဲဖက်ရင်း ဒရောသောပါးဖြင့် ပြေးရသောကြောင့် လူမှာအမောဆို့သလိုပင်ဖြစ်လာပါသည်။

မစံပယ်က ပါးစပ်ထဲသို့ ရေဝင်ကာရေသီးပြီးချောင်းတဟွတ်ဟွတ် အဆက်မပြတ်ဆိုးနေသည့်ကြားက ဝူးဝူးဝါးဝါးဖြင့် မပီမသစကားများကို ပြောကာ ရုန်းရင်းကန်ရင်းဖြင့် ကျွန်တော်ဆွဲခေါ်ရာသို့ပါလာသည်။

ခါးလောက်နက်သည့် ရေထဲတွင်တစ်ယောက်တည်း ပြေးလွှားရသည်မှာ မလွယ်ကူရသည့်ကြားထဲ ယခုကဲ့သို့ မစံပယ်ကိုပါဆွဲခေါ်လာရသောကြောင့် အမောဆို့ကာမျက်လုံးများပင် ပြာသလိုလိုဖြစ်လာသည်။ မစံပယ်ကိုထားခဲ့ပြီး ကျွန်တော်ကိုယ်လွတ်ရုန်းလျှင် ရနိုင်ပါသော်လည်း ကျွန်တော် လွတ်မြောက်ရေးအတွက် သူမကို မစတေးခဲ့နိုင်ပါ။

သူမကိုဆုံးရှုံးပြီးမှရရှိခဲ့သော ကျွန်တော့်လွတ်မြောက်မှုသည် တန်ဖိုးမဲ့၊ ဂုဏ်သိက္ခာမဲ့၊ တစ်သက်လုံးလိပ်ပြာမလုံဘဲ အခြောက်အလှန့်ခံနေရတော့မည်ဖြစ်ကြောင်း သိရှိထား၍ ရင်နှစ်ခြမ်းပြန်းပြန်းကွဲအောင် ပြေးရင်းလွှားရင်းဖြင့် ကျွန်တော့်တို့မြို့နှင့်နီးသော ကမ်းပါးဘက်သို့ တဖြည်းဖြည်းရောက်လာသည်။

ကျွန်တော့်ကဲ့သို့သော ယောကျ်ားရင့်မာကြီးပင်လျှင် အသည်းကြွေလုမတတ် တဖျတ်ဖျတ်တုန်နေအောင် ကြောက်လန့်ခဲ့သေးလျှင် မစံပယ်ကဲ့သို့သော ခံစားလွယ်သည့်မိန်းမသားအဖို့ ဆိုဖွယ်ရာမရှိတော့။

ယခုလည်း အကြောက်လွန်ကာ သွေးပျက်ပြီး သွေးရူးသွေးတန်းဖြစ်နေသော မစံပယ်က ကျွန်တော့်လက်မှအတင်းရုန်းထွက်နေသဖြင့်





ကျွန်တော်က တအားဖက်လိုက်စဉ် ကမ်းပါးပေါ်မှ ဓာတ်မီးတဝင်းဝင်းနှင့်ပြေးလွှားနေကြသော လူတစ်စုတို့မြင်လိုက်ရ၍ အားတက်သွားပြီး . . .

"မကြောက်နဲ့ မစံပယ် မကြောက်နဲ့၊ ဟိုမှာ ကူညီမယ့်သူတွေလာကုန်ပြီ"

မရပါ။ ဘယ်လိုမှပြောမရတော့ပါ။ အကြောက်လွန်၍ သွက်သွက်ခါနေသော မစံပယ်က ကျွန်တော့်ကိုထုရိုက်ပြီးရုန်းထွက်နေသောကြောင့် ကျွန်တော်လည်း သူ့လက်နှစ်ဖက်တို ဖမ်းချုပ်ရုံမက သူ့ကိုပါပွေ့၍ ရေပေါ်သို့မြှောက်ထားလိုက်ရင်း . . .

"သတိထားမစံပယ် သတိထားပါဗျာ ကျွန်တော်တို့လွတ်လာခဲ့ပါပြီဗျ"

ကျွန်တော့်စကားအဆုံး မစံပယ်က ကျွန်တော့်ရင်ဘတ်ကို သူ့ခေါင်းဖြင့်ဆောင့်ရင်း . .

"အောက်ချပေးပါ၊ အောက်ကိုမြန်မြန်ချပေးပါ၊ ကျွန်မမှာလုံချည်ပါမလာဘူး အီး . . . . အီး . . . "

ဟုငိုရှိုက်ကာပြောလိုက်မှ ကျွန်တော်လည်းကြောင်ပြီး ကြည့်လိုက်မိသည်။ မှေးမှိန်သောလရောင်နှင့်အမောဆို့ကာဖျာနေသော မျက်လုံးအစုံကြောင့်သဲသဲကွဲကွဲမမြင်ရသော်လည်း ပွေ့ပိုက်ထားသောလက်က ရေထဲသို့ပြန်ချလိုက်ရန် အချက်ပေးနေသဖြင့် ယောင်ယမ်းကာလွှတ်ချလိုက်ရင်း . .

"တယ် . . ဘယ်နေရာမှာကျန်နေခဲ့တာလဲ"

"ရေကန်ထဲ ခုန်ချပြီးသိပ်မကြာဘူး ထဘီကျွတ်သွားလို့ ပြန်ဝတ်မလို့ပြင်တုန်း ရှင်က အတင်းဆွဲလာတာ ပြန်ရှာပေး၊ ပြန်ရှာပေး အီး အီး"

ကျွန်တော့်ပါးစပ်အဟောင်းသားဖြင့် ဘာပြန်ပြောရမှန်းမသိဖြစ်နေစဉ်တွင် မှေးမှိန်ဖျော့တော့၍ အားနည်းသောဝါကျင့်ကျင့် ဓာတ်မီးရောင်များက ကျွန်တော်တို့ရှိရာသို့ ဝေ့ဝဲလာရင်း . .

"ရေကန်ထဲကိုဆင်းပြီး ငါးဖမ်းနေတာ ဘယ်ကောင်တွေလဲကွ ဟေ . . ကန်ထဲက ငါးတွေမဖမ်းရဘူးလို့ အမိန့်ထုတ်ထားတာမသိဘူးလား။ အခုတက်ခဲ့ကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



မစံပယ်က ကျွန်တော့်နောက်တွင် ဝင်ကွယ်ရင်း ကျွန်တော့်ကျော ကို ထုပြီး ငိုရှိုက်နေ၍ ကျွန်တော်လည်း စိတ်ရှုပ်စွာဖြင့် . .

"ငါ . . ငါတို့ပါ ငါးမဖမ်းပါဘူး . ."

"ဘယ်က ငါတို့လဲ တုန်းပေါ်ကို တက်ခဲ့ကြစမ်း . ."

"သူ့နောက်မှာ လူတစ်ယောက်ကွယ်နေသေးတယ်ဗျ . ."

"သေချာပါပြီ ဒီနှစ်ကောင် 'ယက်သဲ့ထိုး' (တစ်လံကျော်ခန့်ရှိသော ပိုက်ကွန်အသေးကို လူနှစ်ယောက်တစ်ဖက်စီမှကိုင်၍ ပိုက်စိတ်တိုက်ငါး ဖမ်းခြင်း) ပြီး ငါးခိုးဖမ်းနေတာ"

စသည်ဖြင့် စသည်ဖြင့် တစ်ယောက်တစ်ပေါက်ထင်ကြေးများနှင့် အတူ ကျွန်တော်တို့နှစ်ယောက်လည်း ဘာလုပ်ရမှန်း၊ ဘာပြန်ပြောရမှန်း မသိဖြစ်နေစဉ် . .

"ကဲ တက်ဆိုတက်ခဲ့ကြစမ်း။ ငါတို့က ရပ်ကွက်လူကြီးတွေရော၊ ရဲတွေရော၊ မီးသတ်တွေရော အကုန်ပါတယ် မင်းတို့တက်မလာရင် ရေထဲ အထိ ဆင်းဖမ်းမှာနော် အဲဒီကျမှ အဆိုးမဆိုနဲ့"

မစံပယ်က ထုရိုက်ရုံဖြင့်အားမရဘဲ ရေစို၍နူးနေသော ကျွန်တော့် အသားကိုလိမ်ဆွဲနေသဖြင့် . .

"ရေ . . ရေထဲတော့ဆင်းမလာပါနဲ့ တက်ခဲ့ပါ့မယ်။ ဒါပေမယ့် ပုဆိုးပါမလာဘူးဗျ"

ပြောပြောဆိုဆို ကျွန်တော့်ပုဆိုးကိုချွတ်ပြီး ကျွန်တော့်ကိုလိမ်ဆွဲ နေသော မစံပယ်၏လက်ထဲကိုထိုးထည့်ရင်း . .

"မ . . မစံပယ် ခင် . . ခင်ဗျား ခါးမှာကျန်နေသေးတဲ့ ဟို . . ဟို ဝါဝန်လား၊ စကတ်လားဖြူဖြူတိုတိုလေး ကျွန်တော့်ကိုပေးဗျာ ကျွန်တော်ဝတ် ပြီး ခါးတောင်းကျိုက်ထားပါရစေ၊ ကျွန်တော့်မှာ အောက်ခံဘောင်းဘီပါ မလာဘူး"

ရေထဲတွင်ကုန်းကုန်း၊ ကုန်းကုန်းဖြင့် နှစ်ဦးသားပစ္စည်းဖလှယ်ကြ သည်။ ကျွန်တော့်ဟာကိုကျသူယူပြီး၊ သူ့ဟာကို ကျွန်တော့်မပေးသဖြင့် ရော့





ပတ္တာများ၊ ရော့ နဂါးမှသာလျှင် အလဲအလှယ်လုပ်မည်ဖြစ်ကြောင်း ပြောဆို ရင်း တိုးတိုးတိတ်တိတ် အချင်းများနေစဉ် . .

"ဒီကောင်တွေ ဖမ်းမိတဲ့ ငါးတွေကို ပုဆိုးထဲမှာထည့်ထားတာ အခု လူမိမှပြန်လွှတ်နေကြတာထင်တယ်။ သွားဆင်းဖမ်းကြ"

တဗွမ်းဗွမ်းဖြင့် ရေထဲဆင်းလာကြသူများကြောင့် ကမန်းကတန်း အလဲအလှယ်လုပ်ပြီးပြီးချင်း ကမ်းပါးပေါ်သို့ တက်ခဲ့ရသည်။

ကုန်းပေါ်မရောက်ခင် မာတ်မီးတစ်ကမ်းသို့ရောက်ကတည်းက

"ဘယ်သူများလဲလို့ ညီညီကိုး၊ ဘာလဲ အမူးလွန်ပြီး ရေထဲလိမ့် ကျတာလား"

"အရက်အပူပျံပြီး အိုက်လွန်းလို့ရေဆင်းကူးတာနေမှာပါ"

"မူးမူးရူးရူးနဲ့ အမြည်းလိုလို့ ငါးဆင်းဖမ်းတာဖြစ်မှာပေါ့"

စသည်ဖြင့် စသည်ဖြင့် ထင်မြင်ယူဆသံ တညံညံပေးရင်း သောင်းသောင်းဖျဖျကြိုဆိုကြရင်း ကျွန်တော့်ကို ကွယ်၍လျှောက်လာသော မစံပယ်ကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် . .

"ဟင် . . မစံပယ် ပါလား "

"မစံပယ်က ဘယ်လိုလုပ်ပြီး ရေကန်ထဲရောက်နေတာလဲ"

"ဟိုကောင် ညီညီက ဆွဲလားရုန်းလားလုပ်ပြီးခေါ်လာတာနေမှာ ပေါ့"

"လက်ပူးလက်ကြပ်ကိုမိတာဟေ့"

"ကံကောင်းလို့ မစံပယ်ရေတိမ်နစ်တော့မလို့"

"သေချာပြီ အဲဒါကြောင့် ဒီကောင်ပုဆိုးမပါဘူးလို့အော်နေတာ ကိုး"

ကျွန်တော်၏ဖြူစင်လှသော အကျင့်စာရိတ္တကို သိရှိထားကြသူ အပေါင်းက ကောင်းနိုးရာရာ စွပ်စွဲချက်များကို ဖောဖောသီသီထုတ်ပြန်နေ စဉ်တွင် ဒုရဲအုပ် သိန်းတန်က . .

"ကိုညီညီတို့ ဘယ်လိုဖြစ်ပြီး ရေကန်ထဲရောက်နေတာလဲ . ."

"တို့မြို့က လိုင်းကားမမီလို့ ကန်နှစ်ဆင့်ရွာဘက်ရောက်တဲ့

www.burmeseclassic.com



လိုင်းကားနဲ့လိုက်လာတာ ညောင်မုတ်ဆိတ်အပင်အောက်ရောက်တော့ သရဲလား၊ ဘီလူးလားမသိဘူး ညောင်ပင်ပေါ်က ခုန်ဆင်းလာလို့ ရေထဲကနေ ဆင်းပြေးလာတာပါကွာ။

ရေထဲဆင်းပြေးတာတောင် ခဲတွေ၊ သဲတွေနဲ့ ပစ်ပေါက်သေးတယ်ဟ။ တော်တော်ကြမ်းတဲ့ သရဲ အဲ ဘီလူးဖြစ်မယ်ထင်တယ် အစွယ်ကတော့ တစ်တောင်လောက်ရှိမှာပေါ့ မျက်လုံးကတော့ မီးခဲကြီးလို ရဲနေတယ်ဟေ့။ တစ်လုံးတစ်လုံး ဟို ဟာ လောက် . . "

"ဘယ် . . ဘယ်ဟာလောက်လဲ . . "

"ဟိုဟာကွာ . . စက်ဘီးနောက်မီးက ရောင်ပြန်လေ မီးကျောက်ခွက်လို့ ခေါ်ထယ်လေကွာ အဲဒီလောက်ကြီးကိုရှိတာ . . အမွေးစုတ်ဖွားကြီးနဲ့ အရပ်က ဆယ်ပေအောက်မလျော့ဘူး . . "

"တ . . တကယ်လား ကိုညီညို . . "

"ငါ့ကိုမယုံရင်တောင် မစံပယ်ပါတာပဲ သူ့မေးကြည့်"

အားလုံးနီးပါး အလန့်တကြားဖြင့် ကြက်သီးတွေ တဖြန်းဖြန်းထနေကြသော်လည်း ရဲသိန်းတန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း . .

"သူ့အသံကြားခဲ့သေးလား ဘယ်လိုကြီးလဲ"

"ဟာ ကြားမှကြားပဲဟေ့ 'သယ် . . 'ဆိုပြီးရင်ခေါင်းသံကြီးနဲ့ အော်လိုက်တာများ နားပင်းမလားတောင်မှတ်လို့ရတယ်။ စကြဝဠာတံတိုင်းကိုပဲ့တင်ထပ်သွားတဲ့ အာဠာဝကဘီလူးကြီးရဲ့အော်သံနဲ့ နင်လားငါလားပဲဟေ့၊ နောက်ပြီး မြေကြီးကိုဖနောင့်နဲ့ပေါက်ချလိုက်တာ ငါတော့ လျှင်လှုပ်သွားသလားတောင် ထင်မိတယ် . . . "

ကျွန်တော့်စကားအဆုံး အားလုံး၏မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်သွားပြီး ပွစိ ပွစိဖြင့် ဘာတွေရွတ်ဖတ်နေမှန်းမသိသော်လည်း ဆယ်အိမ်ခေါင်းစိန်ထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်အငယ်လေးတို့က အလုအယက်ဖြင့် . . .

"ဟေ့ ညီညီ အဲဒီဇာတ်လမ်းကို ငါရေးပြီးမဂ္ဂဇင်းတိုက်ကိုပို့မယ်"





"ဟ . . ငါက သူပြောကတည်းက ခေါင်းစဉ်တောင်ရွေးထားပြီးပြီ၊ 'ကန်စောင့်ကြီးရဲ့ ဖနောင့်သံ' တဲ့ ကဲ ဘယ်လောက်ကောင်းလဲ ငါပဲရေးမယ်"

"မကောင်းဘူး၊ မကောင်းဘူး ဘယ့်နှယ် မဟုတ်ကဟုတ်က ကန်စောင့်ကြီးတဲ့ ဟိုက ညောင်မုတ်ဆိတ်အပင်ကအစောင့်ကြီးပဲ အဲဒါကြောင့် 'ဘုရားမကြိုက်တဲ့လူတစ်စုနဲ့ အစောင့်ဘီလူး' အဲဒီလိုခေါင်းစဉ်တပ်မှ ပရိသတ်က စိတ်ဝင်စားမှာပေါ့"

သူတို့၏စကားများကြောင့် ကျွန်တော့်မှာကြောက်စိတ်နှင့် ရှက်စိတ်တို့ပျောက်ပြီး ဒေါသစိတ်တွေရောက်လာသဖြင့် . .

"ဘာ . . ဘုရားမကြိုက်တဲ့ လူတစ်စုလဲ၊ ဘုရားမကြိုက်တာ ငါ ဘာလုပ်လို့လဲ တစ်ယောက်မှ မရေးရဘူး၊ လုံးဝမရေးရဘူး"

စိန်ထွန်းနှင့်အငယ်လေးက တစ်ယောက်ကိုတစ်ယောက်မျက်စိမှိတ်ပြရင်း . .

"အေးပါကွာ၊ အေးပါ မင်းကြိုက်တာတွေပဲ မင်းလုပ်နေရလို့ ဘုရားကြိုက်တာတွေလုပ်ဖို့တောင် အချိန်အားမရှိမှန်းသိပါတယ်ကွာ၊ အဲဒါကြောင့်ငါတို့ရေးပြီးရင် မင်းကိုလာပြပါ့မယ်။ မင်း ကျေနပ်မှမဂ္ဂဇင်းတိုက်ကိုပို့မှာပေါ့၊ တို့နှစ်ယောက်တိုင်ပင်ပြီး သေသေချာချာကိုရေးမှာပါ၊ ဒီလိုဇာတ်လမ်းမျိုးက ရှားတယ်ကွ။ တကယ့်ဖြစ်ရပ်မှန်လေ. . "

ပြုံးစိစိဖြစ်နေသော ရဲသိန်းတန်က မျက်နှာပိုးသတ်ရင်း . .

"တကယ့်ဖြစ်ရပ်မှန်ကိုပြောရရင် အဲဒါ 'တာတေကြီး' ပဲ၊ တာတေကြီး ညောင်မုတ်ဆိတ်အပင်အောက်မှာ သေချာပေါက်ရှိနေပြီ"

သူ့စကားကြောင့် ကျွန်တော်အံ့အားသင့်သွားပြီး . .

"ဘာ . . ဘာပြောလိုက်တယ်။ မင်း . . မင်းက ဘီလူးရဲ့နာမည်ကိုပါ သေချာပေါက်သိနေတယ် ဟုတ်လား ရဲသိန်းတန် မင်းတို့စခန်းက မသက်ာစရာစောင့်ကြည့်ရမယ့် လူစာရင်းထဲမှာ ချောက်တတ်လှန့်တတ်တဲ့ သရဲတစ္ဆေ၊ ဘီလူးတွေရဲ့နာမည်တွေကိုပါ စာရင်းသွင်းထားတယ်ပေါ့"

"ဘာတွေလျှောက်ပြောနေတာလဲ။ ဟို . . ကွက်သစ်(ရပ်ကွက်သစ်)ထဲက သိပ်စိတ်မမှန်တဲ့ တာတေကြီးကိုပြောတာ မမှောင်ခင်လေးတင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖောက်ပြီး ဓားဆွဲထွက်သွားလို့ ရဲစခန်းကိုလာအကြောင်းကြားတာနဲ့ ရပ်ကွက်လူကြီးတွေရော၊ မီးသတ်တွေပါ တို့နဲ့ပေါင်းပြီး သူ့ကိုလိုက်ရှာနေကြတာ။

သူ့လက်ထဲမှာ ဓားပါသွားတာ မတော်တဆခုတ်မိ၊ ပြုမိမှာစိုးလို့ နောက်ပြီး တာတေကြီးက သူ့အိမ်ခြံဝင်းတံခါးကို ဓားနဲ့ခုတ်ပြီး 'ပေါ်ရိသာဒတဲ့ ဟေ့' လို့အော်ပြီးမှ ထွက်ပြေးသွားတာဆိုတော့ ကိုညီညီတို့နဲ့ အပင်အောက်မှာတွေ့လာတာ သူပဲဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး ဟိုက အစွယ်ထွက်နေတာတစ်တောင်လောက်တောင်ရှိတယ် ငါမျက်စိနဲ့ သေသေချာချာမြင်လိုက်တာ . ."

မှောင်နဲ့မည်းမည်းတွင် မည်းမည်းသဏ္ဌာန်ကြီးသာ မြင်လိုက်ရသော်လည်း ပြောမိကြွားမိလက်စနှင့် အလျှော့ပေးလို့မဖြစ်နိုင်သောကြောင့် ခံပြီး ငြင်းလိုက်သော်လည်း ရဲသိန်းတန်က ပခုံးတွန့်ရင်း . .

"ကဲ . . အပင်အောက်ကိုသွားကြည့်မယ် လာ လာ မြန်မြန်သွားရအောင်။ အခုတောင် အစွယ်ကတစ်တောင်လောက်ထွက်နေပြီဆိုတော့ တော်ကြာ ကန်နှစ်ဆင့်ရွာထဲရောက်သွားရင် ဝေသာလီပြည်ကို ဘီလူးစီးသလို ဖြစ်ကုန်လိမ့်မယ်"

သူတို့တွေအားလုံး ညောင်မုတ်ဆိတ်အပင်ကြီးဆီသို့ ချီတက်ဖို့ပြင်ကြစဉ် အငယ်လေးက ကျွန်တော့်ဖင်ကို 'ဖျန်း . . ခနဲ' ပုတ်ရင်း . .

"ဟေ့ကောင် ငါရေးမယ်နော် အယ် . . မင်း . . မင်းရဲ့ အောက်ခံဘောင်းဘီက 'ဇာ'တွေနဲ့ အနားကွပ်ထားပါလား၊ ဘယ်လိုဘောင်းဘီကြီးလဲဟ . . ."

ဟု ပြောပြောဆိုဆိုကိုင်ကြည့်ရုံမက ဓာတ်မီးနှင့်ပါထိုးလိုက်သဖြင့်ခြေလှမ်းပြင်သူအပေါင်းက သမင်လည်ပြန်လှည့်ကြည့်ကြရင်း . .

"ဟာ ဟုတ်ပါရဲ့ မိန်းမတွေဝတ်တဲ့ ဝါဝန်လိုကြီးပါလား . ."

အငယ်လေးက သေသေချာချာဆွဲရှုန်းကြည့်ရင်း . .

"အစစ်ဟေ့ . . မိန်းမတွေ ထဘီအောက်မှာခံဝတ်တဲ့ ဂါဝန်ကြီး . ."





စိန်ထွန်းက အငယ်လေးပခုံးကိုပုတ်ရင်း ဝမ်းသာအားရဖြင့် . .

"ဂျာနယ်တွေထဲမှာ ဟိုး . . ဟိုး . . ကျော်သွားတဲ့ မိန်းမဘာဝကနေ ယောက်ျားဘာဝကို ပြောင်းသွားတဲ့အဖြစ်မျိုးဟေ့၊ ပိုဆန်းတာက ဒီကောင်က ယောက်ျားကနေ မိန်းမဘာဝပြောင်းသွားတာ ဒီကိစ္စကိုတော့ ငါရေးမယ်၊ အငယ်လေး ဟိုကိစ္စကို မင်းရေးတော့ . . ."

"အဲဒီကိစ္စအသာထားဦး၊ ငါငယ်ငယ်လေးထဲက ဒီကောင်နဲ့အတူအိပ်၊ အတူစားပြီး လည်ပင်းဖက်ပေါင်းလာခဲ့တာ သူ့ကိုမိန်းမမှန်းမသိခဲ့ဘူး"

"ဟုတ်ပါရဲ့ အနေအထိုင်တော်တော်ပိရိတဲ့ကောင်"

ကျွန်တော့်မှာ မိုးကြိုးအပစ်ခံလိုက်ရသလို တုန်လှုပ်နေရသည့်ကြားထဲ သင်းတို့လက်ရောက်မှုတွေ ကျူးလွန်လာကြသဖြင့် ကျွန်တော်က ရုန်းကန်ရင်း . . .

"ဖြည်းဖြည်းဆွဲပါဟ . . ပြကုန်လိမ့်မယ် လွှတ်စမ်း၊ လွှတ်စမ်း၊ ဒါ ငါ့ဟာမဟုတ်ဘူး အား နာတယ်၊ နာတယ်"

ဟု ကျွန်တော် ကုန်းအော်လိုက်ရာ အားလုံးက ကျွန်တော့်စကားကြောင့် ခြေလှမ်းသွက်သွက်ဖြင့် အပြေးတစ်ပိုင်းသွားနေသော မစံပယ်တို့ကြည့်ရင်း . .

"ဟောဗျာ . . မစံပယ်ကလည်း အပေါ်က ပါတိတ်နီညိုရောင်နဲ့ အောက်က ထဘီက အစိမ်းရောင်ပိုးတွဲကြီးဝတ်လို့ပါလား . ."

☠☠☠

www.burmeseclassic.com

www.burmeseclassic.com

ဒါနွေးကြွမ်းသီးသွားသည်အထိ ရယ်မောနေသော ထင်ကျော်ဦးက . .

"ခင်ဗျားဟာကလည်း ပြောမယ့်ပြောတော့ ညားတဲ့အထိပြောပါဗျ ဟား ဟား"

ကျွန်တော်က ခွက်ထဲမှလက်ကျန်ကို အပြတ်ရှင်းလိုက်ပြီး လေ့ပူကို မှုတ်ထုတ်ကာ ကုလားထိုင်ပေါ်တွင် သက်တောင့်သက်သာကျောမှီလိုက်ရင်း . .

"ဘာအထူးပြောစရာလိုသေးလို့လဲ ငါ့ကောင်ရာ၊ တကယ့်တကယ် အရေးဟဲ့ အကြောင်းဟဲ့၊ အန္တရာယ်နဲ့ရင်ဆိုင်တိုးတဲ့အချိန်မှာ ကိုယ့်အသက်ကို ပမာနမထားဘဲ စွမ်းစွမ်းတမံကာကွယ်နိုင်စွမ်းရှိတဲ့ အားကိုးရတဲ့ ငါလိုယောကျ်ားပီသတဲ့လူမျိုးကို မစံပယ်က လတ်လွှတ်ခံနိုင်ပါဦးတော့မလားကွာ ဟား ဟား ဟား"

ကျွန်တော့်ရယ်သံမဆုံးသေးခင် . .

"ဘာ အားကိုးရတဲ့ ယောကျ်ားပီသတဲ့ လူမျိုးလဲ၊ စကတ်နဲ့ပိုးတွဲကိစ္စကို တစ်မြို့လုံးသိအောင် အရှက်မရှိ ရှင်ပြောလိုက်တာလေ၊ လူကြီးဇတွ





မပြောနဲ့ကလေးတွေကအစ လူမြင်ရင်စကြ၊ နောက်ကြလွန်းလို့ လမ်းတောင်မထွက်ရဲတော့ဘူး။ ပိုဆိုးတာက တန်ဆောင်တိုင်သူခိုးကြီးများနေ့ ကျီးမနိုးပွဲမှာ ဂါဝန်နဲ့စကတ် လက်လီလက်ကားငှားသည်ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ဆိုင်ရှေ့မှာလာထောင်ထားတယ်လေ။ အဲဒါကလည်း ရှင့်လက်ချက်ပဲ မဟုတ်လား"

"ရိုးရိုးအအ ကျွန်မမိဘတွေကလည်း မျက်နှာကပူပူနဲ့ လူတောကို မတိုးဝံ့ကြတာက တစ်မျိုး၊ ဒီကိစ္စရှင့်ကို မယူမချင်းအေးမှာမဟုတ်တော့ဘူး ဆိုပြီး နားချကြလို့ မတတ်သာတဲ့အဆုံး ရှင့်ကိုမယူချင်ဘဲ ယူလိုက်ရတာ၊ ဒါကိုများ မသိတဲ့သူတွေအထင်ကြီးအောင် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေ ဘာတွေနဲ့ အရှက်မရှိလျှောက်ပြောနေသေးတယ်"

ဘယ်အချိန်က ကျွန်တော့်နောက်ရောက်နေမှန်း မသိသည့် မစံပယ်၏ ရင်တွင်းဖြစ်များကြောင့် ကျွန်တော်က တဟားဟားရယ်ရင်း . .

"ကဲ သက္ကယ်မြောင်ရွာက ကျောင်းဆရာတွေ တို့နှစ်ယောက် ဘယ်လိုညားခဲ့ကြတယ်ဆိုတာ မစံပယ်ပြောလို့ အားလုံးသိပြီမဟုတ်လား ဟား ဟား ဟား။ အဲဒါကြောင့် ငါ့လိုလူမျိုးကို မစံပယ်က လက်လွှတ်မခံနိုင်ပါဘူးလို့ . . ."

ကျောင်းဆရာနှစ်ယောက်လည်း တဟားဟားရယ်ရင်း . .

"ယူလိုက်တော့လည်း နားအေးရောမဟုတ်လား မစံပယ်ရဲ့"

"ဘယ်ကလာ နားအေးရမှာလဲ။ သူ့ယူလိုက်မှ ပျားအုံကို တုတ်နဲ့ထိုးမိသလို ပိုဆိုးလာလို့ မင်းတို့မြို့မှာမနေရဲတော့ဘဲ ဒီကိုပြောင်းလာရတာ သာကြည့်ပေတော့ . ."

မစံပယ်က စူစူအောင့်အောင့်ပြောလိုက်သဖြင့် . .

"အဲဒီလိုတော့ တစ်ဖတ်သတ်မပြောပါနဲ့ မင်းပဲ မင်းမိဘတွေ လောင်းရိပ်အောက်မှာ မနေချင်တော့ပါဘူးဆိုပြီး ဇွတ်တိုက်တွန်းလို့ ဟောဒီ မင်းတို့ရဲ့ ဇာတိမြို့ကို ငါ့မှာ ဆံထုံးနောက်သျှောင်ပါ ပြောင်းလာခဲ့ရပြီး ဆိုင်ဖွင့်ပေးရတာကိုလည်း ထည့်ပြောဦးလေကွာ . ."

"အစ အနောက်သန်တဲ့ ရှင့်တို့မြို့မှာ မနေချင်တာက အဓိကပဲ



www.burmeseclassic.com

www.burmeseclassic.com



ကဲ အဲဒါ အသာထားဦး အရေးကြီးတဲ့ ဦးလေးကိုဘဲဥ အကြောင်းပြောရဦးမယ်"

ရေနွေးကို မှုတ်သောက်နေသော ထွန်းကြီးက . .

"ဦးလေးကိုဘဲဥဆိုတာ အသားဖြူဖြူထောင်ထောင်မောင်းမောင်း ဝဝဖိုင့်ဖိုင့်ကြီးလေ၊ ပြီးခဲ့တဲ့ သင်္ကြန်မှာ ကျွန်တော်တို့ရပ်ကွက်က မဏ္ဍပ်မှာ မူးမူးနဲ့ဆုငွေတွေချခဲ့တဲ့သူကိုပြောတာလား . ."

"အစစ်ပေါ့၊ နှစ်သိမ့်ဆုရတဲ့အသင်းကို ပထမရတဲ့အသင်းထက် ဆုငွေတွေပိုချလို့ ယိမ်းကတဲ့အဖွဲ့တွေနဲ့ ဒိုင်တွေစကားများကြပါရောလား၊ အဲဒါ မစံပယ်တို့အဖေရဲ့ညီအရင်းခေါက်ခေါက်ကြီး၊ အဲဒီတုန်းက သင်္ကြန်မှာ မစံပယ်တို့ဆိုင်ကို အလည်လာရင်း မူးပြီးတော့လျှောက်လုပ်တာလေ၊ ကဲ ပြောပါဦး၊ အခု ဦးလေးတိုဘဲဥက ဘာဖြစ်လို့လဲ"

မစံပယ်က လေသံတိုးတိုးလေးဖြင့် . .

"ဒုလ္လဘရဟန်းဝတ်ချင်လို့၊ သူ့ကို ရဟန်းခံပေးပါတဲ့"

ကျွန်တော်က အလန့်တကြားဘုရားတလိုက်ရင်း . . .

"ဘုရား ဘုရား . . အမူးလွန်ပြီး ဘိုထိုင်လိုအိမ်သာခွက်မှတ်လို့ ဘိုရေချိုးကန်ထဲချေးပါတဲ့သူက ဒုလ္လဘရဟန်းဝတ်ချင်လို့တဲ့လား၊ အဲဒါ သံဃာတော်တွေကို သက်သက်ဒုက္ခပေးဖို့ကြံတာ . . ."

"အိုတော် သူဟာသူ ကျွတ်ချိန်တန်လို့ဖြစ်မှာပေါ့"

"သူ့ကိုဖန်ဆင်းလိုက်တဲ့ သူထက် သူ့အကြောင်းကို ငါကပိုသိတယ်ဟ မစံပယ်ရ၊ မင်းဦးလေးတ လူဝတ်ကြောင်ကိုစွန့်ချင်စွန့်နိုင်မယ်၊ ပုလင်းထောင်တာကိုတော့ ဘယ်တော့မှမစွန့်နိုင်တဲ့သူကွ မနက်ပုတီး၊ ညဘီအိုးသမားကြီး၊ သူကျွတ်ချိန်တန်တာက အမူးလွန်လို့ ပုဆိုးကျွတ်တာပဲရှိမယ်၊ အမူးသမားစကားကို မင်းမှိယုံတယ် မစံပယ်ရယ်"

"အလိုတော် ကျွန်မတ ရှင့်စကားကိုလည်း ယုံတာပဲလေ"

ကိုယ့်စကားနှင့်ကိုယ် ပိတ်မိသွားသော ကျွန်တော်က စားပွဲခုံအောက်ရှိ ပုလင်းပြားလေးကို ခြေထောက်ဖြင့်တွန်း၍ မစံပယ်မမြင်နိုင်သည့်နေရာသို့ ထပ်ရွှေ့ရင်းမလုံမလဲဖြင့် . . .

တော်ဝင်မြို့မ စာအုပ်တိုက်



"ဘယ့်နှယ် မဆီမဆိုင် ငါ့ကိုဆွဲထည့်ေနေတား လဲ၊ မင်းဦးလေးကိုဘဲဥက မသောက်ရရင် မနေနိုင်လောက်အောင်ပဲအရက်စွဲနေတာဟ၊ သူတကယ် ဘုန်းကြီးဝတ်ချင်ရင် အရက်ဖြတ်ခိုင်း၊ အရက်ပြတ်မှ ဝတ်ခိုင်း၊ အဲဒါမှ အဆင်ပြေမှာပေါ့ နောက်ပြီး သူ့သားသမီးတွေအကုန်လုံးက ဝင်ငွေကောင်းတဲ့ အလုပ်ကိုယ်စီနဲ့ နောက်ပြီး သူ့မိန်းမကရော အတိုးပေးစားနေတာ တစ်လတစ်လရတဲ့ငွေက နည်းမှတ်လို့ သူတို့ဟာသူတို့ ရဟန်းအမရဟန်းဒကာ လုပ်ကြပါစေတော့ကွာ . ."

"အိုတော် . . အဲဒီ သူ့စိမ်းအမျိုးတွေအကြောင်းပြောမနေနဲ့၊ ဦးလေးကိုဘဲဥက အသိတရားရလို့ ဒုလ္လဘရဟန်းဝတ်ချင်တယ်ဆို၊ သူ့မိန်းမနဲ့ သူ့သားသမီးတွေကိုတောင် စကားတစ်ခွန်းမဟရှာဘဲ အားကိုးတကြီးနဲ့ ကျွန်မကိုလာပြီး ရဟန်းခံခိုင်းတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ရဟန်းခံပေးချင်တယ်၊ ဦးလေးကိုဘဲဥလာရင်သာ ဒ ရ ပဲဖြတ်နိုင်၊ မဖြတ်နိုင် ရှင့်ဟာ ရှင်မေးကြည့်ပေတော့ . ."

ပြောပြောဆိုဆိုဖြင့် ကောင်တာစားပွဲဆီသို့သွားရန် ပြင်ပြီးမှ နောက်သို့ သမင်လည်ပြန်တစ်ချက်ကြည့်ရင်း . .

"ရှင့်ကိုမေးခိုင်းတာနော် အရက်နဲ့ဧည့်ခံခိုင်းတာမဟုတ်ဘူး နောက်ပြီး ရှင်လည်း ကြပ်ကြပ်သတိထား၊ ဗိုက်အောင့်သလေး၊ ဘာလေးနဲ့ ခိုညည်းညည်းသာနေတယ်၊ ဟိုလူနဲ့တွေ့သောက်၊ ဒီလူနဲ့တွေ့သောက်နဲ့ ဧည့်ဝတ်တွေကျေပြနေလိုက်တာ၊ ဒီတစ်ခါ သောက်လို့ကတော့ ကျွန်မ အဆိုးမဆိုနဲ့"

ဟု ရန်တွေ့ရင်း မစံပယ်ထွက်သွားသောအခါ စားပွဲခုံအောက်မှ ပုလင်းကိုမြင်နေကြသော ကျောင်းဆရာနှစ်ယောက်က ကျိတ်၍ရယ်မောရင်း . .

"ဒါနဲ့ နေပါဦး၊ ညောင်မှုတ်ဆိတ်အပင်အောက်မှာ ကိုညီညီတို့ တွေ့ခဲ့တာဘာကြီးလဲ . ."

"တာတေကြီးပါကွာ၊ ရဲသိန်းတန်တို့ရောက်သွားတဲ့အချိန်မှာ

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူက ဘီလူးစိတ်ပျောက်ပြီး မျောက်စိတ်ဝင်နေလို့ သစ်ပင်ပေါ်အထိတက်ပြီးဖမ်းရတယ်တဲ့"

"လတ်စသတ်တော့ ခင်ဗျားရဲ့ ဖူးစာရေးနတ်က ဘီလူးစိတ်ဝင်ပြီး ရူးနေတဲ့ တာတေကြီးကိုးဗျ ဟား ဟား . . ."

"ရယ်မနေနဲ့ ကျောင်းဆရာတွေ ဟိုမှာလိုင်းကားလာနေပြီ . ."

ကျွန်တော့်ဆိုင်ရှေ့လမ်းမကြီးအတိုင်း တရှေ့ရှေ့ဖြင့်မောင်းနှင်လာသော လိုင်းကားအိုကြီးကိုတား၍ ကျောင်းဆရာနှစ်ယောက် ရယ်မောရင်း လိုက်ပါသွားလေတော့သည်။

☠☠☠

## မျက်နှာပြောင်ကြီး

ကျွန်တော်တို့ 'မိုးစံပယ်' စားသောက်ဆိုင်က မြို့အစွန်ကားလမ်းဆုံသောနေရာတွင်ရှိကာ လူနေအိမ်ခြေအနည်းငယ်ကျဲပါး၍ မြို့လယ်ခေါင်နှင့်လည်း အနည်းငယ်လှမ်းသည်။ သို့ပါသော်လည်း ဖြတ်သန်းသွားကြသော လိုင်းကားများ ခရီးတထောက်ဝင်ရောက်ရပ်နားရာနေရာဖြစ်၍ လိုင်းကားများဝင်လာပါက ယားလို့ပင်မကုတ်အားအောင် အလုပ်ရှုပ်သည်။ ထိုအချိန်မျိုးတွင် ဆိုင်ရှိစားပွဲထိုးလူစုံတက်စုံ လက်မလည်နိုင်အောင်ဖြစ်နေ၍ ကျွန်တော့်မှာ ခေါက်ဆွဲ၊ ထမင်း၊ ကြာဇံ စသည်တို့ကို ကြော်လှော်ပေးရရုံမကသေးဘဲ ဝင်ရောက်၍စားပွဲထိုးပေးနေရသေးသဖြင့် လူမှာဖတ်ဖတ်မောနေတော့သည်။

ဒီကြားထဲ မြို့ထဲမှပြန်လာသော မစံပယ်တစ်ယောက် ဘာဖြစ်လာမှန်း၊ ဘာတွေစိတ်အလိုမကျဖြစ်နေမှန်းမသိ၊ မျက်နှာရှစ်ခေါက်ချိုးကြီးဖြစ်နေသည်။ ဘာမဟုတ်တာလေးနှင့်ပင် ဒေါသတွေထွက်နေသည်။ သူ့ဟာသူထွက်နေသည့် ဒေါသက မဆီမဆိုင်ကျွန်တော့်ကိုခေါင်းတပ်ပြီး ဆူဆူပူပူလုပ်နေသောကြောင့် စားသောက်နေသူအပေါင်းက ကျွန်တော့်ကိုသာ လှမ်းလှမ်းကြည့်နေကြသဖြင့် ကျွန်တော့်မှာ အများအာရုံစိုက်ခံနေရသော အလှအိမ်ကဖလားစုံ ကွမ်းအစ်ကဲ့သို့ဖြစ်နေပေပြီ။

လင်မရခင်တုန်းက အရှက်မကြောက်ကြီးခဲ့သော မစံပယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လင်တစ်ယောက်ရမှ အရှက်အကြောက်အစားဒေါသတွေ ကြီးပြနေသောအခါ မညားခင်က ခြေသုတ်ပုဆိုးမြွေစွယ်ကျိုးဟန်ဆောင်ခဲ့ပြီး ညားပြီးကာမှ အစွယ်အသစ်ကို ရွေ့ကွပ်ပြီး ဟန်ရေးပြတတ်သော ဒင်းတို့ မိန်းမတွေ၏ တစ်လင်စားညာဏ်ကို ကွက်ကွက်ကွင်းကွင်းကြီး အရှင်လတ်လတ် နဖူးတွေ့ဒူးတွေ့ကြုံလာရသည့်အတွက် သူမကိုယုံမှတ်၍ ဘဝကို ပုံအောကာ အလောင်းအစားပြုခဲ့ရသော ယောကျ်ားရင့်မာကြီးတစ်ယောက် ယောကျ်ားတန်မယ့် မျက်ရည်တစ်စကို မြေကို'ခ'ရတော့မည့်အလား ခံစားမိပါသည်။

မခံစားလို့ကလည်းမရ။ သူမက ဒေါသထွက်လျှင် ကျွန်တော့်ကို မျက်စိအောက်မှအပျောက်မခံဘဲ တတွတ်တွတ်ဖြင့် စကားတွတ်ထိုးတော့မည်။ ထိုအခါ ကျွန်တော်က ဖွက်ထားသောပုလင်းပြားလေးနှင့် ရှင်ကွဲကွဲရတော့မည်မဟုတ်ပါလား။

အသက်အရွယ်အရ လူလတ်ပိုင်းသို့ရောက်ရှိနေသော ယောကျ်ားတစ်ယောက်အနေဖြင့်ရော အိမ်ထောင်ဦးစီးတစ်ယောက် အနေဖြင့်ပါ ဘဝအတွေ့အကြုံများကို ရင်ဆိုင်ဖြတ်သန်းလာခဲ့ပြီးဖြစ်၍ ကြောက်သင့်၊ မကြောက်သင့်၊ လုပ်သင့်၊ မလုပ်သင့်ကိုခွဲခြား၍သိနေပြီးဖြစ်၍ ယောကျ်ား ပီပီရဲဝံ့စွာဖြင့် သူမရှေ့တွင် သူမပကြိုက်သောအရက်ကို ပေါ်တင်သောက်မိပါသည်။ သောက်ဝံ့ပါသည်။

ထိုသို့သောက်လိုက်ပါက (Unplauged, One Lady Show) အနုပလတ် ဝမ်းလေဒီရှိုးပွဲကြီးကို (non-stop) နန်းစတော့ ကျင်းပတော့မည်ဖြစ်သောကြောင့် သောက်ထားသမျှနှင့်မကာမိအောင် နားဝမသက်သာသည့်ကိန်းကိုကြုံတွေ့ရလိမ့်မည်ဖြစ်၍ အောင့်အီးသည်းညည်းခံရင်း လျှပ်တစ်ပြက်တိုက်ကွက်ကိုသုံး၍သောက်သုံးခြင်းသည်သာလျှင် အကောင်းဆုံးသောနည်းပရိယာယ်ဖြစ်၍ ယောကျ်ားမျက်ရည် မြေမခရအောင် မာန်တင်းရင်းဘာမှမဖြစ်ဟန်ဆောင်ကာ လုပ်စရာရှိတာများကို ဇယ်ဆက်သလို လုပ်ဆောင်ရင်း အကွက်ချောင်းနေမိသည်။

နောက်ဆုံး အဝေးပြေးလိုင်းကားများတုန်ဆုံး၍ ဆိုင်အတွင်း





လူရှင်းသောအခါ မစံပယ်က ကျွန်တော့်အနားသို့ကပ်လာသဖြင့် ကျွန်တော်က ပင်လျှင်စတင်ကာ တိုက်စစ်ကိုဖွင့်သလိုလိုနှင့် ခံစစ်ကိုပြင်လိုက်သည်။

"ကြော်တဲ့လှော်တဲ့နေရာမှာလည်းလုပ်ရတာကတစ်မျိုး၊ စားပွဲထိုးရတာကတစ်မျိုးနဲ့ လူလည်းဖတ်သနိလန်အောင်လုပ်ရလို့ အမောဆို့ရတဲ့ ကြားထဲ မင်းကလည်း ဒေါသတကြီး ဟိုလူ့မာန်လိုက်၊ ငါ့မာန်လိုက်၊ ဒီလူ့မာန်လိုက်၊ ငါ့မာန်လိုက်နဲ့ မင်းမြို့ထဲမှာ ဘာဖြစ်လာခဲ့လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဦးလေးကိုဘဲဥ လူထွက်သွားပြီ"

တစ်မနက်တည်းနှင့်လူထွက်ရမည်ဟုမှန်းထားသော်လည်း သုံးရက်ကြာခဲ့သဖြင့် အာဂစံချိန်ပဲဟု စိတ်ထဲမှကျိတ်ပြီး ချီးကျူးနေပေမယ့် မျက်နှာကိုတော့ အံ့အားသင့်ဟန်၊ မယုံသင်္ကာဟန်ပုံစံဖမ်းရင်း . . .

"ဟောဗျာ . . ဒုလ္လဘရဟန်းခံပေးလိုက်တာသုံးရက်တောင်မပြည့်သေးဘူး။ လူထွက်လိုက်ပြီတဲ့လား။ မင်းဟာက ဟုတ်ရော၊ ဟုတ်လို့လားကွာ"

"ဟုတ်ချက်ကတော့ သူလူထွက်လို့ခေါင်းတုံးထပ်ရိတ်ပေးလိုက်ရတဲ့ 'ချစ်ကိုကို' ဆံပင်ညှပ်ဆိုင်က မောင်စိုးကိုယ်တိုင်ပြောတာ . . ။ ဟွန်း . . ပြောတုန်းကတော့ အရက်တကယ်ပြတ်ပါပြီ။ ကိုယ့်စိတ်ကိုယ်နိုင်ပါတယ်။ အနည်းဆုံးတစ်လလောက်တော့ ဒုလ္လဘရဟန်းဝတ်ပါရစေ ရဟန်းအမ၊ ရဟန်းဒါယကာလေးခံပေးကြပါဆိုပြီး ငိုကြီးချက်မနဲ့ခြေသလုံးဖက်မတတ်ပြောလို့ အဟုတ်မှတ်ပြီး ချွေးနည်းစာလေးနဲ့ ရဟန်းခံပေးလိုက်မိပါတယ်။ သုံးရက်တည်းနဲ့လူထွက်လာသတဲ့"

"အရက်သမားတွေများ ပါးစပ်ထဲ အရက်ဝင်မိရင်လျှာကိုချောဆီထိုးထားလိုက်သလို အပြောအဆိုတွေက ရှောရှောရှူရှူရှိပါ!"

"မီးဖိုချောင်ဟောင်းလောင်းဖြစ်ပြီး ပင့်ကူအိမ်စွဲနေပါစေ သင်းတို့ကိုင်ထားတဲ့ခွက်ထဲ အရက်သာအပြည့်ရှိလို့ကတော့ ယုံကြည်မှုအပြည့်ရှိတဲ့ မျက်နှာကြီးတွေနဲ့ ကမ္ဘာကြီးသာယာဝပြောရေးဆွေးနွေးဖို့လည်း ဝန်မလေးဘူး"

"ခွက်ကိုကိုင်ပြီး မော့နိုင်သေးသရွေ့ပေးပြလိုက်မယ့် ကလိတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ရှွန်းရှွန်းကိုဝေလို့ အမူးလည်းပြေရော ပြောခဲ့သမျှ၊ လုပ်ခဲ့သမျှ၊ ပေးခဲ့သမျှ ကတိအားလုံး တစ်လုံးမှ မမှတ်မိဘဲနဲ့ မသိကျိုးကျွန်ပြုပြီး နောက်တစ်ခါ သောက်ဖို့အရေးအတွက်ပဲ လုံးပမ်းရင်း အချိန်ကုန်နေတဲ့လူစားတွေ"

"အရက်ကလွဲပြီး ဘယ်သူ့အပေါ်မှ သစ္စာမရှိ၊ မျက်နှာမတောက်တဲ့ လူစားမျိုးတွေ အရက်သမားစကား ခြင်းကြားရေယိုတစ်စက်မှ အဖတ်မတင်တာမို့ တော်ပါပြီ၊ တန်ပါပြီပဲ. . ".

"ရှင်လည်း ကြပ်ကြပ်ဂရုစိုက်၊ လာသမျှလူ ဧည့်ထောက်ခံပြီး ခွက်ရေးပြပြနေ ဒီတစ်ခါ ဗိုက်အောင့်လို့ကတော့ လှည့်မကြည့်ဘူးမှတ်"

"အောင်မယ် ခွက်ရေးပြတယ်လေး ဘာလေးနဲ့ မဆီမဆိုင် ငါ့ကို ဆွဲထည့်ပြန်ပြီ၊ သားသမီးတွေလုပ်စာကို အငြိမ့်သားထိုင်မစားဘဲ လျှောက်သောက်ရင်း အမြဲတမ်းမူးရူးနေတဲ့ ဦးလေးကိုဘဲဥကိုသနားလို့ဆိုပြီး ဇွတ်ကြီး ရဟန်းခံပေးခဲ့တာက မင်းလေ . . ."

"အဲဒီလူကြီးက အရက်ကိုဖြတ်နိုင်တာမဟုတ်ဘူး။ နောက်ပြီး သူ့မိန်းမအရင်းခေါက်ခေါက်ကြီးနဲ့ သူ့သားသမီးတွေရှိတာပဲ။ သူတို့မိသားစုတွေ လုပ်ကြပါလိမ့်မယ်ဆိုပြီး ငါအတန်တန်တားတဲ့ကြားထဲက သူ့စိမ်းအမျိုးတွေကြားမှာ ကျွန်မဦးလေးမျက်နှာဘယ်အငယ်မခံနိုင်ပါဘူး။ ကိုယ်လည်း တတ်နိုင်နေတာပဲ ဘာမှအပန်းမကြီးပါဘူးဆိုပြီး မင်းပဲ ဇွတ် ပြောပြော၊ ဇွတ်လုပ်လုပ်တာလေ၊ မင်းစိတ်ချမ်းသာရင် ပြီးရောဆိုပြီး ခေါင်းညိတ်ခဲ့တဲ့ ငါ့ကို အပြစ်ပုံမချနဲ့ . . . ဒီမှာ . . ."

ကျွန်တော့်စကားကရှေ့မဆက်ရသေးခင် အနာပေါ်ကျွဲနင်းခံလိုက်ရသလို ဒေါသအရောင်ဖြင့် ပြောင်ပြောင်လက်လာသည့် မစံပယ်၏ ဝင်းဝင်းတောက်မျက်လုံးများကိုမြင်လိုက်ရသဖြင့် အခုအချိန်မှာ ရွှေပြည်အေးတရားဟောပြီး ငြိမ်းချမ်းရေးကို မကာမ်းလှမ်းနိုင်ပါက ငါ၏ 'သောက်ရေး' ရင်လေးဖွယ်ရာဖြစ်လတ္တံ့ဟု အတွေးပေါက်ကာ ဖွက်ထားသောလက်ကျန်ပုလင်းလေး၏ တံဆိပ်နာမတော်ကိုထောက်ထား၍ လျင်မြန်စွာဖြင့် ငြိမ်းချမ်းရေးသံလွှင်ခက်ကို ပါးစပ်ထဲသို့ထည့်လိုက်ရသည်။

"ဟဲပါကွာ . . သူ့ဟာသူ မနေနိုင်မထိုင်နိုင် လူ့ထွက်တာက





သူ့ကိစ္စအသာထားလိုက်ပါ။ စေတနာသုံးတန်ပြတ်ပြတ်သားသားနဲ့ ဇွတ် အဲ . . မွန်မြတ်တဲ့စေတနာအပြည့်နဲ့ ရဟန်းခံပေးခဲ့တဲ့ ကုသိုလ်ကံအကျိုးတရားတွေ မှေးမှိန်ကုန်အောင် စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ စိတ်လျှော့စမ်းပါဦးကွာ။

အရက်ချိုးကပ်နေတဲ့ မင်းဦးလေး အမူးသမားကြီးကလည်း သုံးရက်လုံးလုံး အရက်ဖြတ်ပြီး ရဟန်းဝတ်ခဲ့တယ်ဆိုတာကလည်း နည်းတဲ့ ကုသိုလ်လားကွာ ကဲ ကဲ ရော့ ရေအေးအေးလေးသောက်လိုက် အပြင်ဟ ပြန်လာပြီးကတည်းက အဝတ်တွေမလဲနိုင်အောင် အလုပ်တွေရှုပ် နတော့၊ မင်းစိတ်အိုက်မှာပေါ့ သွား သွား အဝတ်အစားလဲပြီး အခန်းထဲမှာ နားနားနေနေ သက်တောင့်သက်သာနဲ့အနားယူစမ်းပါဦး၊ လုပ်စရာရှိတာတွေ ငါတစ်ယောက်တည်း လုပ်သားလိုက်ပါမယ်ကွာ . . . ."

အခန်းထဲသို့ သူမသွားပြီးအနားယူပါက ဤနေ့အတွက် လျာထားချက်ကိုပြည့်မီလုနီးပါး သောက်သုံးခွင့်ရလတ္တံ့ဟု အကြံဖြင့်ဖျောင်းဖျောင်းဖျဖျနားချလိုက်ရာ အနည်းငယ်လောက်ဒေါသပြေသွားပုံရသည့် မစံပယ်က သက်ပြင်းချရင်း . . .

"နားလည်းမနားနိုင်သေးဘူး။ အဝတ်အစားလည်း မလဲနိုင်သေးဘူး၊ ငါးစိမ်းသည် မိလုံးတို့မြင်းလှည်းနဲ့ 'အင်း' ထဲကိုငါးဝယ်လိုက်သွားဖို့ ချိန်းထားပြီးသားဖြစ်နေလို့ သူ့ပုံကိုစောင့်နေတာ ဒီမယ် ကျွန်မမရှိတုန်း ဆိုင်ကို သေသေချာချာဂရုစိုက် မိုးမချုပ်ခင်ပြန်လာခဲ့မယ်။ ဦးလေးကိုဘဲဥလာရင် ဆိုင်ထဲလည်း အဝင်မ[illegible]နဲ့၊ အရက်တိုက်ဖို့လည်း မစဉ်းစားနဲ့၊ တော်လည်း သောက်ဖို့မကြံနဲ့ . . "

သူမ ကြိုက်သလောက် အမိန့်တွေထုတ်ပါစေ၊ သူမ မရှိလျှင် ကျွန်တော် လုပ်ချင်ရာလုပ်ခွင့်ရတော့မှာမို့ ဝမ်းသာသွားသော်လည်း သူမ မရိပ်မိစေရန်မျက်နှာပိုးသပ်ရင်း အင်းထဲသို့ စိတ်ချလက်ချပို့ပြီး သွားစေရန်ရည်သန်၍ . . .

"မင်း အပြင်ကပြန်လာတာ ဘာမှမကြာသေးဘူး။ တစ်ခေါက်ပြန်ထွက်ဦးမလို့လား။ မင်းနယ်ကွာ အင်းထဲဆိုတာက အရိပ်မရှိ ဘာမရှိနဲ့ ကုန်းတစ်တန် ရေတစ်တန်သွားရမှာ မင်းကိုစိတ်မချပါဘူးကွာ မသွားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ စိတ်မချဘူး ဟုတ်လား။ စိတ်မချရအောင် ကျွန်မက ဘယ်ယောကျ်ားနဲ့ ပွတ်သီးပွတ်သပ်နေတာ မြင်ဖူးလို့လဲ . . ."

ခုတ်ရာတခြား ရှရာတလွဲဖြစ်သွား၍ အလျင်အမြန်စကားကို ဖာလိုက်ရသည်။

"မင်းရဲ့ စာရိတ္တက ငါ့ထက်စိတ်ချရမှန်းသိပါတယ်မိန်းမရယ်။ ငါစိတ်မချတာ၊ စိတ်ပူတာက နေပူစပ်ခါးထဲသွားလို့ မင်းဖျားနာနေမှာစိုးရိမ်လို့ပါကွာ၊ မင်းနဲ့ငါနဲ့ကလည်း ဒီလင်ဒီမယားနှစ်ယောက်ထဲရှိတဲ့ဥစ္စာ မင်းကိုမှ စိတ်မပူရရင် ငါကဘယ်သူ့တိုသွားပြီး ပူရမှာတုံး။

နောက်ပြီး မင်းက မိန်းမသားဖြစ်ပေမယ့် ဦးဆောင်ဦးရွက်ပြုပြီး အားကြိုးမာန်တက်စီးပွားတွေရှာနေတာမြင်ရတော့ ငါ့မှာ မင်းကိုသနားလွန်းလို့ စားရသောက်ရတာတောင်မှ မြိန်လို့တောင်မကျတော့ပါဘူးကွာ။ ကဲ ကဲ သွားစရာရှိတာ ဖြောင့်ဖြောင့်တန်းတန်းသွား၊ ဆိုင်ကိစ္စကို ဘာမှနောက်ဆံတင်းမနေနဲ့၊ ငါတစ်ယောက်လုံးရှိတယ် ဟုတ်ပြီလား . . ."

မစံပယ်က စကားတစ်ခွန်းမှ ပြန်မပြောဘဲ တွေတွေကြီးစိုက်ကြည့်နေသည်။ ငါ့လင်ကို ငါပေါင်းလာတာကြာပြီ၊ ဒါမျိုးစကားတွေ တစ်ခါမှ မပြောခဲ့ဖူးပါဘူး။ ရူးများနေသလား။ အပယ်မှီနေသလားဟု တွေးနေပုံရသည်။ ကျွန်တော်ဘာစကားမှ မပြောတော့ဘဲ ပန်းကန်ခွက်ယောက်များကို သိမ်းရင်း လင်ကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ စတိုင်လ်ဖြင့် လုပ်အားတန်ဖိုးကို ချစ်မြတ်နိုးပြနေရသည်။

ပန်းကန်များကိုဆေးကြောရန်အတွက် ဆိုင်နောက်ဖေးအုတ်ကန်ကို အဝီစိတွင်းရေမောင်းထည့်ရင်း ကျွန်တော်တစ်ယောက်အလုပ်ရှုပ်နေစဉ် ဆိုင်ရှေ့၌မြင်းလှည်းရပ်သံကြားလိုက်ရသည်ဟု ထင်လိုက်မိသည်။ စက်သံက ဆူညံနေသဖြင့်ဟုတ်မှဟုတ်ရဲ့လားဟု သေချာအောင် ဆိုင်ရှေ့သို့ထွက်ကြည့်လိုက်တော့ သေချာသည်။ မြင်းလှည်းက ထွက်သွားပေပြီ၊ ဝမ်းသာအားရ ကျွန်တော်လက်လှမ်းပြလိုက်တော့ . . .

"ရှင်က ဘယ်သူ့တိုလတ်ပြနေတာလဲ"





ဟူသော အသံက ကျွန်တော့်နောက်မှ ထွက်လာသဖြင့် တအံ့တသြ လှည့်ကြည့်လိုက်သော မစံပယ်ကိုတွေ့လိုက်ရသဖြင့် . .

"မင်း . . မင်းလိုက်မသွားဘူးလား . . မြင်းလှည်းပေါ်မှာ မင်းပါသွားတယ်ထင်လို့ဟ"

ဟုပြောလိုက်ရင်း စိတ်ထဲမှလည်း ငါ့ဒိုင်ယာလော့တွေက အပြင်းစားတွေဖြစ်ကုန်လို့ သူကြွေပြီးလိုက်မသွားဘဲနေတာဖြစ်မယ်ဟု ဝမ်းနည်းပက်လက်ဖြစ်မိသော်လည်း ဣန္ဒြေကိုဆယ်ရင်း . .

"လိုက်မသွားတာပဲ ကောင်းပါတယ်ကွာ။ လိုက်သွားရင် မင်းလည်း ပင်ပန်းမယ် ငါလည်း စိတ်ပူရမယ်"

"ရှင် စိတ်အေးအောင် [illegible]ခဲ့တယ်များ မှတ်နေလို့လား။ သူတို့မြင်းလှည်းလာတာနောက်ကျတော့ အပြန်လည်းမှောင်လိမ့်မယ်၊ ဒီနေ့ညက 'ဂွဲဝေါက်' . . လာမယ့်နေ့၊ မမီဘဲလွတ်သွားမှာစိုးလို့နေခဲ့တာ"

"အေးပါကွာ ဘာပဲဖြစ်ဖြစ် ဆိုင်မှာမင်းရှိတော့ ငါသက်သာ အဲ ငါလည်း စိတ်ချမ်းသာတာပေါ့"

ဟုလေပြေလေးဖြင့်ပြောရင်း စိတ်မသက်သာစွာဖြင့် ဖွက်ထားသော ပုလင်းပြားလေးကို မျက်စောင်းထိုး၍ကြည့်မိသည်။

ကျွန်တော်အရက်သောက်တာကိုသူမကြိုက်။ မကြိုက်မှန်းသိ၍လည်း သူမရှေ့တွင် ကျွန်တော်[illegible]သောက်။ ကွယ်ရာတွင်သာ ခိုးသောက်သည်။ လင်[illegible]ယားဆိုတော့ တ[illegible]တင်ထဲအတူအိပ်ရသဖြင့် ကျွန်တော့်ထံမှ အရက်နံ့ကို သူမရဘဲနေပါ့မ[illegible] ရ[illegible]ပမယ့်လည်း သူ့ကိုမြတ်နိုးလို့၊ သူ့တိုအလေးထားလို့၊ သူ့ကိုဂရုစိုက်[illegible] သူ့ရှေ့မှာမသောက်ဘဲ ခိုးချောင်ခိုးဝှက်သောက်လာတာပဲလေဆိုတဲ့ စာနာထောက်ထားမှုဖြင့် မသိချင်ယောင်ဆောင်ကာ တစ်ခွန်းမှမဟ၊ သို့ပါသော်လည်း ကျွန်တော်ခိုးဝှက်မသောက်စေရန်အတွက် မျက်စိအောက်ကအပျောက်မခံ၊ အလွတ်မပေးဘဲ သေချာစွာစောင့်ကြည့်လေ့ရှိသည်။ ထို့အတူ ကျွန်တော်ကလည်း သူမမျက်စိရှေ့မှာပင် ရအောင်ခိုးသောက်သည်။

ဤသည်ပင်လျှင် ကျွန်တော်နှင့်မစံပယ်တို့၏ တူနှိုင်းမရှိသော



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ထုံးဖွဲ့မှုနှင့်မွန်မြတ်သောချစ်ခြင်းမေတ္တာဖွဲ့သီမှုပင်မဟုတ်ပါလော။

သို့ပါသော်လည်း ဤနေ့ကတော့ ကျွန်တော့်ဘက်က အောက်ကြေးမှာရှိနေသည်။ အနုတ်လက္ခဏာပြနေသည်။ နေညိုရုံမက မိုးပါချုပ်သည်အထိ လျာထားချက်ကို ပြည့်မီအောင် သုံးဆောင်နိုင်ဖို့ဝေးစွ၊ ပါးစပ်ထဲသို့ တစ်စက်မျှပင်မထည့်ရသေးပေ။

ညနေစောင်း၍ လိုင်းကားများကုန်သွား သောအခါ ဆိုင်မှာလည်း လူရှင်းသွားသဖြင့် မစ်ပယ်၏မြင်ကွင်းအတွင်း ကျွန်တော်တစ်ယောက် ကိုယ်ယောင်မဖျောက်နိုင်တော့သောကြောင့် ထိုင်မ ရ ထမရဖြစ်နေသည်။

မှောင်ရိပ်ပျိုး၍ မီးထွန်းပြီးသည်အထိ မြို့ထဲမှလာရောက်၍ စားသောက်သည့်သူကလည်း တစ်ဝိုင်းနှစ်ဝိုင်းသာရှိ၍ ဤညအဖို့ ကျွန်တော်နှင့် ပုလင်းကွေကွင်းခြင်းသို့ ရောက်ရပေတော့မည်၊ ကိုရှီးယားဇာတ်လမ်းကယ်ပါမှ တစ်ခွက်တစ်ဖလားသာ သုံးဆောင်ခွင့်ကြုံရတော့မည်ဟု မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် စိတ်ကို ဒုံးဒုံးချလိုက်ချိန်၌ . . .

ဆိုင်တွင်အလုပ်လုပ်နေသော ကောင်မလေးတစ်ယောက်၏မိခင်ရောက်လာသဖြင့် မစ်ပယ်တစ်ယောက် ဧည့်ခံစကားပြောရင်း ကျွန်တော့်ကို မျက်ခြည်ပြတ်သွားချိန်ဝယ် အချိန်အခါကောင်းကိုစောင့်ရင်း အသင့်ပြင်ထားသော ကျွန်တော်ကဖွက်ထားသော ပုလင်းကို ဖျတ် . . ခနဲဆွဲယူ၍ ဆိုင်၏အရှေ့ဘက်ထောင့်ဆုံး ရေဗူးတင်ထားသော စားပွဲရှိရာသို့ သုတ်ခနဲသွားကာ ခွက်ထဲသို့ လက်နှစ်လုံးခန့်ငှဲ့ပြီး ရေရောလိုက်စဉ် . . .

စူးရှသည့် မီးအလင်းရောင်က ကျွန်တော့်အပေါ်ဖြာကျလာသဖြင့် အလန့်တကြားဖြင့်မော့ကြည့်လိုက်တော့၊ ကျွန်တော်ထိုင်နေသည့် စားပွဲခုံနားတွင်ကပ်၍ ထိုးရပ်လိုက်သောဆိုင်ကယ်တစ်စီး၊ ဆိုင်ကယ်ပေါ်မှ ဆင်းလာသူတွေက ဆိုင်ကယ်ပွဲစားလုပ်သော ချစ်အောင်နှင့်စိုးကျော်တို့ သူငယ်ချင်းနှစ်ယောက်။

သင်းတို့နှစ်ယောက်က ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး ရေးကြီးသုတ်ပြာဖြင့် ကျွန်တော့်အနားသို့ အပြေးအလွှားလာကာ ချစ်အောင်က ရေဗူးကိုယူ၍ မော့သောက်လိုက်သည်၊ စိုးကျော်ကလည်း ကျွန်တော့်လက်





ထဲမှ ခွက်ကိုဆတ်ခနဲယူပြီး မော့ချလိုက်သဖြင့် ကျွန်တော့်မှာတားချိန်ပင် မရလိုက်။

သူ့အမေနို့တို့ အောင်နက်စို့သကဲ့သို့ ရေဗူးကိုပါးစပ်မှမခွာဘဲ ချစ်အောင်တစ်ယောက် မော့သောက်နေစဉ်၊ စိုးကျော်ကလည်း ကုန်သွားသည့်ခွက်ထဲသို့ လက်နှစ်လုံးခန့်ထပ်ငှဲ့ပြီး သည့်အတိုင်းမော့ချလိုက်ပြန်သဖြင့် ပိုင်စိုးပိုင်နင်းနိုင်လှသော သင်းတို့နှစ်ယောက်ကို ဒေါသတွေထွက်သွားပြီး သင်းတို့၏လက်ကိုဆွဲရင်း . . .

"ဟေ့ကောင်တွေ မင်းတို့ဘာဖြစ်လာကြတာလဲ"

ချစ်အောင်လက်ထဲမှ ရေဗူးကို စိုးကျော်ကယူသောက်နေစဉ် ချစ်အောင်က အ. ထစ် အ. ထစ်ဖြင့် . . .

"သ . . သရဲနဲ့တွေ့ . . တွေ့ . . လာခဲ့လို့"

"ဘာ . . သရဲနဲ့တွေ့ခဲ့လို့ဟုတ်လား။ မိုးချုပ်တာတောင်မှ မကြာသေးဘူး။ သရဲကလည်း ဝီရိယကောင်းလှချည်လား။ မင်းတို့ဟာ ဟုတ်ရောဟုတ်လို့လားကွာ"

စိုးကျော်က ဇောချွေးတွေပြန်နေသည့် သူ့မျက်နှာကို လက်ဖြင့်ပွတ်ရင်း . .

"နှစ်ယောက်စလုံးတစ်ပြိုင်တည်းမြင်လိုက်ရတာဗျ။ ပြီးတော့ နီးနီးလေးရယ်"

"ဟေ . . ဟုတ်လား၊ ဘယ်နားမှာလဲ၊ ဘယ်တုန်းကလဲ"

"ကုလားတန်ရေကန်မှာ၊ အခုလေးတင်"

ကုလားတန်ရေကန်ဆိုသည်မှာ ဟိုးယခင်စစ်ကြီးမဖြစ်ခင်က နွားမွေးသော ကုလားများနေထိုင်ရာနေရာဖြစ်သလို၊ သူတို့နွားများရေတိုက်ရန်အတွက် နိမ့်လျှောလျှောဖြစ်နေသော မြေပြင်၏အနိမ့်ပိုင်းတွင် မြေဖို့ကာတမံတုပ်၍ တစ်ဖက်ဆည်ကန်လေးအဖြစ် ပြုလုပ်ထားသော ရေတန်လေးဖြစ်သည်။ တစ်နှစ်ပတ်လုံးရေရှိသဖြင့် ရေကန်ပတ်ပတ်လည်တွင် သစ်ပင်ချုံပင်များဖြင့် တောအုပ်ကလေးလိုဖြစ်နေသည်။

ထိုနေရာသည် ယခင်တ မြို့အပြင်တွင်ဖြစ်သော်လည်း ယခု

www.burmeseclassic.com



တော့တိုးချဲ့ရပ်ကွက်နှစ်ခုက ထိုကုလားတန်ရေကန်လေး၏ တစ်ဖက်တစ်ချက်တွင် နေရာယူထားသလို သစ်ပင်ချုံနွယ်များဖြင့် အုံ့ဆိုင်းနေသော ထိုတန်ပေါင်သည်လည်း ရပ်ကွက်နှစ်ခုကို ဆက်သွယ်ပေးထားသော ခြေလျှင်ဖြတ်လမ်းလေးသဖွယ်ဖြစ်နေသည်။

"မင်းတို့ဟာက ဟုတ်ရော ဟုတ်လို့လား။ အဲဒီကန်ပေါင်က သစ်ပင်ချုံနွယ်တွေနဲ့ ညဘက်ဆိုသိပ်မှောင်လွန်းလို့ လူသွားလူလာနည်းတာပဲရှိတယ်။ ခြောက်တယ်၊လှန့်တယ်လို့ တစ်ခါမှမကြားဖူးပါလား"

"ခင်ဗျားသာ မကြားဖူးတာ ကျွန်တော်တို့နှစ်ယောက်ကတော့ လက်တွေ့ကို အခြောက်ခံလိုက်ရပြီ"

"ကဲပါကွာ အခြောက်ခံရပုံ ခံရနည်းကို အစအဆုံးပြောစမ်းပါဦး"

"ဟို . . ဟိုဗျာ ခင်ဗျား တင်လှမေကိုသိလား"

"ရုပ်လှသလောက် ခပ်နန့်နန့်နေတဲ့ ကောင်မလေးမဟုတ်လား"

"ဟုတ်တယ် သူပဲ"

"ဟော . . သရဲက အဲဒီကောင်မလေး ယောင်ဆောင်ပြီး ခြောက်တာလား၊ ငါသာဆိုလန့်မှာ မဟုတ်ဘူးဟေ့"

"ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ ကျွန်တော်နဲ့ ချစ်အောင်မကွေးကိုသွားတော့ အဲဒီကောင်မလေးကို လူငယ်တစ်ယောက်နဲ့ လက်ချင်းချိတ်ပြီး မကွေးမြိုသလွန်ဘုရားပေါ်က ဆင်းလာတာကိုတွေ့ခဲ့တယ်။ အဲဒါ နေ့လယ်က။

ဟော . . ညနေကျတော့ ကုလားတန်ရေကန်နားမှာ ဒီပြင်ကောင်လေးတစ်ယောက်နဲ့ လက်ချင်းချိတ်ပြီး ရေတမာပင်ကြီး အောက်ဝင်သွားတာကိုတွေ့လိုက်ရတော့ အံ့သြတာကတစ်မျိုး၊ အချိန်က လည်းမှောင်စပြုနေတော့ ငါတို့မြင်လိုက်တာ တင်လှမေမှ ဟုတ်ရဲ့လားဆိုပြီး ဇဝေဇဝါဖြစ်သွားတာနဲ့ ဟုတ်မဟုတ်သိရအောင် ဆိုင်ကယ်ကို ကုလားတန်ကန်အလွန်မှာရပ်ထားခဲ့ပြီး ရေကန်ရဲ့အနောက်ဘက်ခြမ်းကနေ တကွေ့ကြီးပတ်ပြီး သွားချောင်းတာ"





ဘယ်အချိန်က ကျွန်တော့် နောက်ရောက်လာမှန်းမသိသော မစံပယ်က . . .

"ချောင်းရချောင်းရမယ်ဆိုရင် မင်းတို့ယောကျ်ားလေးတွေက သိပ်ဝါသနာပါတာပဲ။ စိုးကျော် မင်းကလည်း မိန်းမတစ်ယောက်ရပြီးတာတောင် ချောင်းချင်တုန်းပဲလား"

"ဟာဗျာ အစ်မစံပယ်ကလည်း ကျွန်တော်တို့က တင်လှမေ ဟုတ်မဟုတ်၊ ဟုတ်ရင်လည်း သူနဲ့တွဲတဲ့ကောင်လေးက ဘယ်သူလဲဆိုတာ သိချင်လို့သွားကြည့်တာပါဗျာ"

"ဟုတ်သားပဲကွာ။ မင်းကလည်း သူစကားဆုံးအောင်နားထောင်ပါဦး။ ကောင်းခန်းရောက်နေပြီ"

"ဘာကောင်းခန်းလဲ၊ ဘာကောင်းခန်းလဲ။ ယိုသူမရှက် မြင်သူရှက်တွေကို ချောင်းကြည့်တဲ့သူကလည်း ဒါမျိုးကိစ္စဆိုရင် မြွေကိုက်ကိုက်၊ ကင်းထိုးထိုး၊ လူမိမိ အရှက်မရှိမျက်နှာပြောင်တိုက်ပြီး ချောင်းကြည့်ဝံ့တယ်၊ ဒါတို နားအရသာခံပြီး နားထောင်ချင်သူကလည်း ရေလာမြောင်းပေးစကားတွေနဲ့ အားပေးအားမြှောက်ပြုလို့ တော်တို့ ယောကျ်ားတွေဟာလေ . . ."

"မင်းဘာတွေလျှောက်ပြောနေတာလဲ၊ စိုးကျော်တို့က သရဲအခြောက်ခံလာရတဲ့အကြောင်းပြောနေတာကွ။ ကဲ စိုးကျော်ဆက်ပြော. ."

"သူတို့နှစ်ယောက်က ကန်အရှေ့ဘက်က ရေတမာပင်လေးအောက်မှာ ကျွန်တော်တို့က ကန်အနောက်ဘက်ကနေ ချုံတွေတိုးပြီးသွားတာ သူတို့နားရောက်ခါနီးလေ နဘူးချုံ၊ ဆောက်ချုံ၊ ကနခိုပင်၊ ပဒိုင်းပင်တွေက ပိုပိုပြီးထူထပ်လာတယ်။

အဲဒီအချိန်မှာ လေကလည်း အရှေ့ကနေ အနောက်ကိုတိုက်နေတော့ အပုတ်နံ့လိုလို၊ အီးနံ့လိုလို မသတီစရာကောင်းတဲ့ အနံ့ကြီးတိုစ,ရတော့တာပဲ"

မျက်လုံးအဝိုင်းသားနှင့်မစံပယ်က ကျွန်တော့်ဘေးတွင် ဝင်ထိုင်သည့် စိုးကျော်ကဆက်၍ပြောပြန်သည်။

"သူတို့ချိန်းတွေ့နေတဲ့ ရေတမာပင်ကြီးနဲ့ကလည်း အရမ်းနီးနေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲမှာ နဘူးချုံကြီး နှစ်ချုံလောက်ပဲ ခြားတော့ပေမယ့် ပုတ်အဲ့အဲ့ အနံ့ကြီးကြောင့် မရှေ့ကိုဆက်ပြီး မတိုးချင်တော့ဘူး။

မှောင်ကလည်းမှောင်နေပြီ ဆိုပေမယ့် လူလုံးကွဲအောင်မြင်ရသေးတော့ ကျွန်တော်လည်းခပ်ပွပွမြေကြီး ခဲတစ်ခုတို ကောက်ယူလိုက်တယ်။ ချုံတွေပေါ်ကနေကျော်ပြီး ရေတမာပင်ကြီးကိုပစ်မလို့၊ ရေတမာပင်ကို မှန်လိုက်ရင် မြေကြီးခဲဟာ ကြေမွပြီးသဲနဲ့ ပက်သလို 'ဖွာ . . ခနဲ' ဖြစ်သွားမယ်။ သင်းတို့နှစ်ယောက် ကြောက်လန့်ပြီးထပြေးရင် ကျွန်တော်တို့ရဲ့ဘေးဘက်ကနေ ပြေးရမှာဆိုတော့ ဘယ်သူဘယ်ဝါ ကွဲကွဲပြားပြားမြင်ရမှာပဲ။ အဲဒါကြောင့် ကျွန်တော်လည်း ချစ်အောင်ကိုလက်တို့ပြီး စကားမပြောဘဲခြေဟန်လက်ဟန်နဲ့ရှင်းပြပြီး ခဲနဲ့ထုမလို့ မတ်တပ်အရပ်မှာ ရင်ခေါင်းလောက်မြင့်တဲ့ ချုံနှစ်ခုကြားထဲကနေ ခေါင်းတစ်လုံးပေါ်လာတယ်"

စိုးကျော်ကစကားကိုမဆက်သေးဘဲ ချစ်အောင်ကိုကြည့်သည်။ ချစ်အောင်ကထောက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြတော့မှ စိုးကျော်က တဲတွေးကို 'ဂလု . . ' ခနဲမျိုချရင်း . . .

"ရင်ခေါင်းလောက်ပဲမြင့်တဲ့ချုံနှစ်ခုကြားထဲကပေါ်လာတဲ့ ခေါင်းဖြူဖြူဖွေးဖွေးကြီးမှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် ဘာမှမပါတဲ့ မျက်နှာပြောင်ကြီးဗျ။ မျက်နှာပြောင်ကြီး"

မစံပယ်က ကျွန်တော့်ဘက်သို့တိုးကပ်လိုက်သည် ဟုထင်မိသလို ကျွန်တော်ကလည်း မစံပယ်၏လက်ကို ခပ်တင်းတင်းဆုပ်ကိုင်မိသည်။

"ကျွန်တော်တို့နှစ်ယောက်ကြက်သေသေပြီး ပါးစပ်အဟောင်းသားနဲ့ကြောင်ပြီးကြည့်နေချိန်မှာ အဲဒီမျက်နှာပြောင်နဲ့ခေါင်းကြီးက အငြိမ်မနေဘဲ လှုပ်လည်းလာရော၊ ကျွန်တော်တို့နှစ်ယောက်လည်းလန့်ပြီး ငယ်သံပါအောင် အသားကုန်အော်ရင်း ကျွန်တော့်လက်ထဲကမြေကြီးခဲနဲ့ အဲဒီမျက်နှာပြောင်ကြီးကိုထုပြီး နောက်လှည့်ပြေးလိုက်ကြတာဗျာ။ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲ . . ."

"ဒါ . . ဒါဆို ဟိုစုံတွဲရော ဘယ်လိုဖြစ်သွားလဲ"

"မသိဘူးလေဗျာ။ သူတို့ကိုလှည့်ကြည့်ဖို့နေနေသာသာ ရပ်ထားခဲ့





တဲ့ ဆိုင်ကယ်ကိုတောင် ကျော်ပြေးမိလို့ သတိရမှနှစ်ယောက်သားဆိုင်ကယ်ကို ပြန်ယူပြီး အနီးဆုံးဖြစ်တဲ့ ခင်ဗျားတို့ဆိုင်ကိုတန်းလာခဲ့တာ . . ."

ဇောချွေးများဖြင့် အဆီပြန်နေသော မျက်နှာကို ပုဆိုးခါးပုံစဖြင့် သုတ်နေသော ချစ်အောင်ကလည်း . . .

"ငယ်သံပါအောင် အော်လိုက်တဲ့အသံကိုကြားလိုက်သလိုတော့ ရှိသာလားလို့ပဲ။ သေသေချာချာတော့ ဂရုမထားမိဘူးလေဗျာ။ တစ်သက်နဲ့ တစ်ကိုယ်သရဲကို တစ်ခါမှမတွေ့ဖူးခဲ့တာ၊ တွေ့မယ့်တွေ့တော့လည်း အရှင်လတ်လတ်အနီးကပ်ကြီး၊ မှောင်စပြုနေတာတောင်မှ ဖြူဖြူဖွေးဖွေးနဲ့ သူ့ရဲ့ခေါင်းကြီးက ထင်းနေတာပဲ။ ပါးစပ်မပါ၊ နှာခေါင်းမပါ၊ မျက်လုံးမပါနဲ့ ပြောင်ထင်းထင်းကြီး အခုတောင်ပြောရင်း ကြက်သီးထတယ်"

စိုးကျော်က ပုလင်းပြားထဲရှိသမျှကို ခွက်ထဲသို့အကုန်ငှဲ့ပြီး တစ်ရှိန်ထိုးမော့သောက်လိုက်ပြီးမှ . . .

"ဟူး . . အခုမှပဲ အကြောက်ပြေ၊ အမောပြေသွားတော့တယ်။ ချစ်အောင် မြို့ထဲရောက်ရင် ဒီကိစ္စကိုလျှောက်မပြောနဲ့နော်၊ မယုံတဲ့သူတွေနဲ့တွေ့ရင် ငါတို့ကို အရူးလို့အပြောခံရမလိမ့်မယ်။ ကဲ ကိုညီညီတို့ သွားဦးမယ်ဗျာ"

ပြောပြောဆိုဆိုဖြင့် ဆိုင်ကယ်ရှိရာသို့ သွားဟန်ပြင်လိုက်သော စိုးကျော်ကို ကြည့်ရင်း မစံပယ်က . . .

"အပြင်က အရက်ကိုယူလာပြီး ငါ့ဆိုင်ထဲမှာသောက်တာ ငါမကြိုက်ဘူး မောင်စိုးကျော် မင်းဘေးကန့်ရဲ့မှာလည်း သတိပေးစာကပ်ထားတာမြင်တယ်မဟုတ်လား၊ ဒီတစ်ခါတော့ မျက်နှာမရှိတဲ့သရဲမျက်နှာနဲ့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ Sorry ပဲ"

စိုးကျော်က တအံ့တဩဖြင့် မစံပယ်ကိုတစ်လှည့် ကျွန်တော့်ကို တစ်လှည့်ကြည့်ရင်း . . .

"ကိုညီညီ ခင်ဗျားသောက်နေတဲ့ အဲဒီပုလင်းနဲ့ အရက်တွေက ခင်ဗျား တို့ဆိုင်ကဟာ မဟုတ်ဘူးလား"

စိုးကျော်၏အမေးစကားကြောင့် မစံပယ်မျက်လုံးအပြူးသားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုကြည့်နေ၍ ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြင့် ဘာပြန်ပြောရမှန်းမသိဘဲဖြစ်နေစဉ် စိုးကျော်က . .

"အင်း . . ထင်တော့ထင်သားပဲ။ အဲဒီတံဆိပ်နဲ့အရက်ကိုသောက်ရင် နှစ်ပက်၊ သုံးပက်ဆိုမူးပါတယ်၊ အခု လေးပက်ကျော်ကျော်သောက်တာတောင် ဘယ်လိုမှမနေပါဘူး။ ရိုတိတ်တောင် မဖြစ်ဘူးဆိုမှတော့ အဲဒီအရက်က အတုကြီး၊ သေချာတယ် ကိုညီညီ ခင်ဗျားတော့ အရက်အတုကြီးဝယ်မိပြီ။ ခင်ဗျားကြောင့် ကျွန်တော်ပါ အရက်အတုကြီးကိုသောက်မိသွားပြီ။ ခင်ဗျားတော်တော်ညံ့တဲ့လူဗျာ တကယ်ဆို ဘယ်ဆိုင်မှာဝယ်ရမလဲဆိုတာ မစံပယ်ကိုမေးဖို့ကောင်းတာပေါ့"

"အဲဒီလောက်ထိ ညံ့တဲ့လူမျိုးကို အစ်မစံပယ်ရေ ရိုက်နှက်သာဆုံးမလိုက်ပါဗျာ . . ."

ပြောပြောဆိုဆိုဖြင့် စိုးကျော်နှင့်ချစ်အောင်တို့ထွက်သွားသောအခါ မစံပယ်၏ မျက်လုံးများက ဒေါသကြောင့် ဝင်းဝင်းတောက်လာသဖြင့် . . .

"မင်း . . မင်း ဒီကောင်ပြောတာကိုယုံသလား။ ဒီကောင်တွေက ပွဲစားတွေနော်၊ စကားပြောသိပ်ကောင်းတယ်။ အညစ်အကြေးခွန့်သလို တဘွတ်ဘွတ်နဲ့ နောက်ပြီး ပွဲခကောင်းကောင်းသာရမယ်ဆိုရင် နှမအရင်းကိုတောင် မော်ဒယ်နိမ့်တယ်ဆိုပြီး အလိုက်ပေးလဲမယ့်ကောင်တွေ . . ယုံစရာမကောင်းဘူး။ မယုံနဲ့ . . ."

ကိုယ့်သောက်မယ့် အရက်ကိုလည်း လုသောက်သွားတဲ့အပြင် ရန်ပါတိုက်ပေးခဲ့တဲ့ စိုးကျော်ကို ကျိန်ဆဲနေမိသည်။ သင်း၏အတို့အထောင်ကောင်းမှုကြောင့် အပ်ကြောင်းထပ်၊ အလွတ်ရနေသည့် ဒိုင်ရာလော့တွေကို နာရီဝက်လောက်နီးနီး နားရွက်မလှုပ်၊ အမြီးကုပ်ပြီးနားထောင်နေလိုက်ရသည်မှာ 'ဂွီဒေါက်' ဇာတ်လမ်းလာမှ ဝင်္ဂကျွတ်တော့သည်။ ဒါတောင် ရှစ်ခေါက်ချိုးမျက်နှာက လေးခေါက်ချိုးလောက်ကျန်သေးသဖြင့် ခုတင်ပေါ်တက်အိပ်ခွင့်ဗီဇာရရန်အတွက် ဆိုင်နောက်ဖေးသွားပြီး ပန်းကန်များကိုဆေးပေးနေရတော့သည်။

သောက်စရာလက်ကျန်ကလည်း မျိုးကန်းသွားပြီဖြစ်၍ ဒီတစ်ည





တော့ သုရာမေရိယကို ဝေရာမဏီလုပ်ပြီး ပန်းကန်ဆေးနေစဉ် နောက်ဘက်ခြံတံခါးဝမှနေ၍ . . .

"ညီညီ . . ညီညီ"

ဟု လေသံတိုးတိုးဖြင့်ခေါ်နေသံကြောင့် လှမ်းကြည့်လိုက်သည်။ ခြံနောက်ဘေးတံခါးဘက်က အမှောင်ရိပ်ကျနေ၍ လူလုံးသဲကွဲအောင် မမြင်ရသော်လည်း ဖြူဖြူဖွေးဖွေး၊ ထောင်ထောင်မောင်းမောင်း၊ ဝဖိုင့်ဖိုင့် ခန္ဓာကိုယ်ကြီးနှင့် ရင်းနှီးသောအသံအရ ဦးလေးကိုဘဲဥမှန်းသိ၍ တံခါးနားသို့ အသာလေးသွားပြီးတံခါးဖွင့်ပေးရင်း လေသံတိုးတိုးဖြင့် . .

"ဘယ်လိုကြောင့် ဦးလေးကိုဘဲဥက နောက်ဖေးဘက်က ပတ်လာတာလဲ"

"မင်း မိန်းမနဲ့မျက်နှာချင်းခဆိုင်ရဲသေးလို့ပေါ့ကွ။ သွားကွာ ခွက်သွားယူခဲ့၊ ဒီမှာ မင်းအတွက်တကူးတကဝယ်လာခဲ့ရတဲ့ ဒရိုင်းဂျင်ပါလာတယ်"

ဦးလေးကိုဘဲဥ၏ စကားပင်မဆုံးသေး၊ ကျွန်တော်က ဆိုင်အတွင်းဝင်ပြီး ခွက်တင်မက သကြားပုလင်း၊ သံပုရာသီးစိပ်များနှင့် လိမ္မော်သီးနှစ်လုံးကိုယူရင်း ကျွန်တော့်မိန်းမ၏အခြေအနေကို လေ့လာလိုက်တော့ . .

"ဗို . . ဒါမတရားဘူး၊ ခေါင်းငုံ့ခံမနေနဲ့ သူ့ဟာသူ ဘာကြီးဖြစ်ဖြစ် ငါသာဆို ဒါမျိုးမရဘူး"

စသည့် စသည့် အသံမျိုးစုံနှင့် တီဗွီကိုရန်တွေ့နေသော မစံပယ်နှင့် သူမကိုထောက်ခံအားပေးနေကြသည့် အလုပ်သမားအားလုံးကို တစ်စုတစ်ဝေးတည်း တီဗွီရှေ့၌ တွေ့လိုက်ရသောကြောင့် ကိုရီးယားဇာတ်လမ်းတွဲများ အခွန့်ရှည်တည်တံ့ပါစေဟု တောင်းဆုပြုလျှက် တစ်ခွက်သောက်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

ခွက်နှစ်ခုကို 'ခွပ် . . ခနဲ' ထိလိုက်ပြီးနောက် တစ်ရှိန်ထိုးမော့သောက်လိုက်ကြသည်။ ကျွန်တော်က လိမ္မော်သီးတစ်စိတ်ကိုမြုံ့လိုက်စဉ် ဦးလေးကိုဘဲဥက ဝမ်းနည်းသည့်လေသံဖြင့် . .

"ငါ့စိတ်ကိုလည်း ငါနိုင်တယ် . . အရတ်လောက်ကတော့ Sorry



www.burmeseclassic.com

ပဲ ဘယ်အချိန်ဖြတ်ဖြတ်ရတယ်ထင်ပြီး ငါဒုလ္လဘရဟန်းခံခဲ့တာပါကွာ။ ငါ့ကိုမယုံတဲ့မိန်းမနဲ့ သားသမီးတွေကို ငါ့အကြောင်းကောင်းကောင်းသိစေရမယ်လို့ စိတ်ထဲမှာကြုံးဝါးပြီး မစံပယ်ကို ရဟန်းခံခိုင်းမိခဲ့တယ်။ တကယ့်တကယ်ရဟန်းဝတ်ပြီး အရက်မသောက်ဘဲလည်းနေရော ငါ့စိတ်က နေနိုင်ပေမယ့် ငါ့ခန္ဓာကိုယ်က အရက်ကိုတမ်းတတော့တာပဲ . . ."

"တအေ့အေ့နဲ့ လေချဉ်တွေတက်၊ တစ်နေကုန်ကြို့ထိုး၊ ဖော့ချွေးတွေပြန်ပြီး ဘာမှစားချင်စိတ်မရှိဘူး။ စားလို့လည်းမရဘူး။ ဆန်ပြုတ်တောင်မှ ပြန်အန်ထွက်တယ်။ သုံးရက်ပြည့်တော့ ငါ့အဖြစ်ကိုမကြည့်ရက်တဲ့ ဆရာတော်က "မင်းကွာ လူ့ဘဝတုန်းက အရက်ကိုဘယ်လောက်အထိ သောက်ခဲ့သလဲတော့မသိဘူး။ ရဟန်းဝတ်ပြီး သုံးရက်တိတိ အရက်နဲ့ပြတ်တာတောင်မှ မင်းကိုယ်ကထွက်တဲ့ ချွေးနံ့က အရက်စော်တိုန်ဟောင်နေတာပဲ။ စားမဝင်၊ အိပ်မရနဲ့ ဒုက္ခကလည်းတယ်ကြီးပါလား။ ဒီလိုပုံနဲ့ဆို လုံးပါးပါးပြီး မင်းသေဖို့ပဲရှိတယ်"

"အိမ်း . . . သေရင်လည်း သုရာမေရိယကို ဝေရာမဏီခဲ့တဲ့ ကုသိုလ်ကံကြောင့် နတ်ပြည်ခြောက်ထပ်မှာ စံစားရမှာ မြေကြီးလက်ခတ်မလွဲပေမယ့် ကြွင်းကျန်နေရစ်ခဲ့တဲ့ မင်းခန္ဓာကိုယ်အတ္တဘောကြီးက တထောင်းထောင်းထွက်နေမယ့် အရက်နံ့က သင်္ကန်းနဲ့ ဘယ်လိုမှ မအပ်စပ်တာမို့ မေးငေါ်ကာကဲ့ရဲ့ထုကြမယ့် လူအများမှာလည်း သူ့ဇတ်ကောင်းစော်ကားမိလို့ ငရဲကျကြမှာ မြင်ယောင်မိတာကြောင့် သတ္တဝါအများကိုရင်ဝယ်သားကဲ့သို့ သနားရင်ဖြင့် လူထွက်ပြီးအရက်ဖြတ်၊ တကယ်ပြတ်မှ တစ်ဖန်ပြန် ဝတ်ပါကွာလို့ အတန်တန်မိန့်ကြားတာကြောင့် ငါလည်း ဝမ်းသာအားရ . . အဲလေ . . မထွက်ချင်ဘဲနဲ့ လူထွက်ခဲ့ရတာပါကွာ . ."

ဦးလေးကိုဘဲဥက လွှမ်းလွှမ်းဆွတ်ဆွတ်ကြီးပြောရင်း တစ်ခွက်ထပ် ပြီးငုံ့လိုက်ပြန်သည်။ ပါးစပ်ထဲအရက်ဝင်လျှင် လျှာကိုချောဆီထိုးထားလိုက်သလို စကားလုံးတွေကချောချောချူချူရှိပါ ဟူသော မစံပယ်၏ စကားကိုပင် သတိသွားရမိပြန်သည်။ လျှာထားချက်ပြည့်မီရန်အတွက် ကျွန်တော် လည်း ထပ်ငုံ့လိုက်စဉ် ဦးလေးကိုဘဲဥကဆက်၍ . . .





"ဘယ်လိုဖြစ်ဖြစ် သုံးရက်တစ်ပိုင်းနဲ့လူထွက်ခဲ့တဲ့ ငါလိုလူ့အတွက် ရဟန်းခံပေးတဲ့ ရဟန်းအစ်မ ငါ့တူမ မစံပယ်က ဘယ်လိုနည်းနဲ့မှ ကျေနပ်ခွင့်လွှတ်မှာမဟုတ်ဘူး။ အဲဒီတော့ သူကျေနပ်အောင် ဘယ်လိုပြောရလုပ်ရကိုင်ရပါ့မလဲလို့ စဉ်းစားရင်း ခေါင်းပူလာတာနဲ့ ချစ်ကိုကိုဆံပင်ညှပ်ဆိုင်မှာ ခေါင်းတုံးထပ်တုံးတယ်ကွာ။

ဒါတောင်မှ အကြံမထွက်သေးတာနဲ့ သာဦးတို့ ထန်းတောကိုသွားပြီး တစ်နေကုန်ထန်းရည်သောက်ရင်း ငှက်ခါးတောင်ဆေးခါးကြီးအကူအညီနဲ့အကြံထုတ်လိုက်တာ အပုပ်ချိန်ရောက်လို့ထန်းရည်လေးမြူနဲ့ ပဲကြီးလှော်တစ်ဆယ်သားကုန်မှ အကြံရတယ်။

သာသနာတော်အတွင်းမှ ငါထွက်ခွာလာခဲ့ရခြင်းရဲ့ဖြစ်ကြောင်းကုန်စင်ကို အရင်းအမှန်အတိုင်း မင်းကိုပြောပြမယ်။ မင်းကတစ်ဆင့် မင်းမိန်းမကို တဖြည်းဖြည်းနဲ့အေးအေးဆေးဆေးနားသွင်း လိုက်ရင်တော့ ငါ့ဘဝရဲ့ဖြစ်ရပ်မှန်ကို အရင်းအတိုင်း မစံပယ်တစ်ယောက် သိရှိသွားတဲ့သကာလ ထိန်းမရသိမ်းမရနဲ့ ငိုခြင်းချရင်ပဲဖြစ်ဖြစ်၊ ဒေါသအမျက်ချောင်းချောင်း ထွက်ရင်ပဲဖြစ်ဖြစ်၊ မင်းတစ်ယောက်လုံး မားမားကြီးရှိနေတော့ လင့်ရဲ့စကားမယားမဖယ်ရှားဝံ့တာနဲ့ ပြဿနာခပ်သိမ်းငြိမ်းရော ပေါ့ကွာ"

ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် လင်နိုင်ဘွဲ့ထူးကြီးကိုဆွတ်ခူးထားတဲ့ သူ့တူမအကြောင်းသူသိရက်နဲ့ မှိုမကျအောင်လုပ်ရက်လေခြင်းဟု ခံစားမိသော်လည်း အသာငြိမ်နေလိုက်သည်။

"မင်းအဲဒီလိုကြီးတော့ မှုံစိစိလုပ်မနေပါနဲ့။ မင်းပြောရဲ ဆိုရဲအောင် ရဲဆေးတင်ပေးမယ့် ဟောဒီ ဒရိုင်းဂျင်ပုလင်းလေးကို မခင်မာအေးကို့ဆိုင်မှာဝင်ပြီးအကြွေးဝယ်တော့ မခင်မာအေးရဲ့အတွင်းရေးမှူး ခင်မာနှင်းက ငါ့ကိုမယုံဘူးဆိုလို့ အငြိမ်းစားဆယ်အိမ်ခေါင်းဒူကြီးတို့၊ အငယ်လေးတို့တွေက ငါ့ဘက်ကနေ ဝိုင်းပြီးအာမခံပေးလို့ ခက်ခက်ခဲခဲနဲ့ရလာခဲ့တဲ့ ဟောဒီပုလင်းလေးကိုပိုက်ပြီး မင်းဆီအလာ . . ."

"ခရီးလမ်းမတွင် အလယ် ××ခလုတ်ကန်သင်းတိုက်ခါလဲတယ်×× ပုလင်းလေးကျကာကွဲတယ် ××× ပုလင်းလေးက စကားပြောလာပြီဗွယ်××

www.burmeseclassic.com



သားလူလေး ရေများများရောပါသားရယ်××အဲဒီဟာသကြီးပြောမလို့မ ဟုတ်လား ဦးလေးကိုဘဲဥရဲ့ ရှိုးနေပြီဗျာ။ ဟင်္သာတထွန်းရင်ကြားရင် သူ့သီချင်းဖျက်ရမလားဆိုပြီး ဖနောင့်နဲ့လာပေါက်နေပါ့မယ်။ ဒီ့ပြင်ဟာ ပြော”

ကျွန်တော်ကဖြတ်၍ ဝင်ပြောလိုက်သောအခါ ဦးလေးကိုဘဲဥက ခေါင်းခါ၍ စီးတက်လာသော မျက်ရည်စများကို သူ့လက်ကြမ်းကြီးဖြင့် သုတ်ရင်း . . .

“ဒီနေ့ ငါက မကောင်းဘူး ညီညီ၊ ငါ့ရဲ့ ဘုန်းကံတွေ အရမ်းနိမ့်ပြီး အကုသိုလ်ဂြိုဟ်ဆိုးနဲ့ဝင်တိုးပုံက မင်းဆီကိုအလာလမ်းခရီးတစ်ဝက်လောက်ကတည်းက တစ်နေ့ကုန်သောက်ထားတဲ့ လေးမြူ့သောထန်းရည်နဲ့ ပဲကြီးလှော် တစ်ဆယ်သားက ထွက်ပေါက်တွေပိတ်မထားပါနဲ့ . . အာဟ . . အာဟ . . ဆိုပြီးကြွေးကြော်ကာ ရုန်းကန်လှုပ်ရှားလာတာကြောင့် ငါ့မှာလေ အပြေးအလွှားနဲ့ အနီးမှာရှိတဲ့ ကုလားတန်ရေကန်က ချုံတွေထဲကိုတိုးရင်း သစ်ရွက်တွေအုပ်အုပ်ဆိုင်းဆိုင်းရှိတဲ့ နဘူးချုံနှစ်ခုကြားထဲကိုဝင်ပြီး တဘွတ်ဘွတ် . . တဖြိုဖြို . . နဲ့ ဝမ်းမန်းရှူပွဲကြီးကို မြိမ့်မြိမ့်သည်းသည်းကျင်းပရတော့တာပေါ့ကွာ . . .”

ဦးလေးကိုဘဲဥက စကားမဆက်သေးဘဲ ခွက်ကိုကောက်မော့ပြန်သည်။ ကျွန်တော်ကတော့ ထိုဇာတ်[illegible]ကို ရိပ်မိသလိုလိုရှိလာ၍ တအံ့တသြဖြင့် ပါးစပ်အဟောင်းသားဖြစ်နေသည်။

“ထန်းရည်နဲ့ပဲလှော်ရောသမမွှေထားတဲ့အတွင်းပစ္စည်းတွေရဲ့ အနံ့ကလည်း ပြင်းလွန်းလို့ နှာခေါင်းပိတ်ရင်း ဝရော . . ခနဲ၊ ဗျော . . ခနဲ အတွဲလိုက်လွှတ်ပြီးလို့ ခဏနားချိန်မှာ စုံတွဲတစ်တွဲကငါထိုင်နေတဲ့ နဘူးချုံရှေ့က ရေတမာပင်အောက်ကိုရောက်လာတယ်ကွ”

“သူတို့ကိစ္စနဲ့ သူတို့အလုပ်ရှုပ်နေကြလို့ သင်းတို့က ငါ့ကိုမမြင်ပေမယ့် ငုတ်တုတ်ကြီးထိုင်ယိုနေတဲ့ ငါကတော့ မမြင်ချင်အဆုံးပေါ့ကွာ။ အဲဒါကြောင့် ယိုသူမရှက်၊ မြင်သူရှက်ဆိုတဲ့ စကားတယ်ပြီးမှန်ပါလားလို့တောင် တွေးမိလိုက်သေးတယ်”

သင်းတို့က မရှက်ပေမယ့် ငါ့မှာရှက်တာကတစ်မျိုး၊ ငါ့ကိစ္စ





ကလည်း အင်ဂျူရီတိုင်းရောက်နေပြီဆိုတော့ သူတို့နဲ့ဝေးရာကို ကဏန်းသွားလေး ဘေးတိုက်သွားပြီး ငါ့ကိစ္စကိုအဆုံးသတ်ရတော့တာပေါ့ . . .၊ ကိစ္စပြီးလို့ အသာနောက်ဆုတ်ပြီး ထိုင်ရာကအထ၊ ငါ့နောက်ဘက် နဘူးချုံထဲကနေပြီး . . .

ဝါး . . အား . . အား . . ဆိုတဲ့ကြောက်စရာကောင်းတဲ့ အသံနက်ကြီးက ပဲ့တင်ထပ်သလို တုန်ဟီးထွက်ပေါ်လာတာနဲ့တစ်ပြိုင်နက် ခွမ်း . . ခနဲအသံနဲ့အတူ ငါ့နောက်စေ့မီးပွင့်သွားသလို နာကျင်သွားတာနဲ့တစ်ခါတည်း ငါလည်း အကြောက်လွန်ပြီး ငါ့ရှေ့က နဘူးချုံကို ခုန်ကျော်ပြေးရတော့တာပေါ့ . .”

“ခင် . . ခင်ဗျားက နဘူးချုံကိုခုန်ကျော်ပြီးပြေးရတယ်ဆိုတော့ ဟိုစုံတွဲကိုမြင်ခဲ့မှာပေါ့၊ သူတို့ရော ကြောက်လန့်ပြီး ထွက်ပြေးမသွားကြဘူးလား”

“ငါက ကြောက်ကြောက်လန့်လန့်နဲ့ခုန်ပြီး ကျော်လိုက်တော့ သင်းတို့နှစ်ယောက်အပေါ် တည့်တည့်ကြီးကျသွားတာကွ၊ ကောင်မလေးကိုတော့ ဘယ်နားနင်းမိသွားလဲမသိဘူး၊ ဟိုကောင်ကိုတော့ ချက်ကောင်းနင်းမိတယ်ထင်ပါရဲ့ ငယ်သံပါအောင်အော်ပြီး ခုန်ပေါက်ကျန်နေခဲ့တာပဲ ထွက်ပြေးနိုင်မယ်တောင် မထင်ပါဘူး”

“ခင်ဗျား ခန္ဓာကိုယ်ကြီးနဲ့တက်နင်းမိတာဆိုတော့ ဟိုကောင်တော်တော်နာသွားမှာပဲ နလန်မှထူနိုင်ပါ့မလားမသိဘူး”

ဦးလေးကိုဘဲဥက ကျွန်တော့်ကိုစေ့စေ့ကြည့်ရင်း ဒေါသသံကြီးဖြင့်

“နေပါဦး ညီညီရဲ့ မင်းကငါ့ဘက်ကလား၊ ဟိုကောင့်ဘက်ကလား ငါ့မှာတော့ သရဲအခြောက်ခံလိုက်ရတဲ့အပြင် ဘုန်းကံနိမ့်လွန်းလို့ သရဲခေါင်းခေါက်တာတောင်မှခံလာခဲ့ရတဲ့ကောင်ပါကွ။ အဲဒါကိုတောင်မှ ဘာဖြစ်သွားသေးလဲ။ တော်တော်နာသွားလား ဘာလားနဲ့တောင်မေးဖော်မရဘဲ တိုကမြင်းကြောထတဲ့ကောင်တို့မှ နာသွားလားဘာလားမေးနေတော့ မင်းနဲ့ အဲဒီကောင်နဲ့ ဘာတော်လဲ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပါးစပ်အဟောင်းသားဖြင့် ခေါင်းခါပြလိုက်တော့ ဦးလေးကိုဘဲဥက သူ့ခေါင်းကြီးကို ကျွန်တော့်ထံထိုးပြရင်း . .

"ကြည့်စမ်းပါဦးကွာ နောက်စေ့မှာဖုသွားတာ ကံကောင်းလို့ ပေါက်ပြဲမသွားတာကွ"

အမွေးအမျှင်ဟူ၍ တစ်ပင်မှမရှိဘဲ ဝင်းလက်တောက်ပြောင်ချောမွတ်အောင်ရိတ်ထားသည့် လတ်လတ်ဆတ်ဆတ် ဖြူဖြူဖွေးဖွေးခေါင်းတုံးအသစ်စက်စက်ကြီးက အလင်းရောင်မှန်မှားမှားအောက်မှာပင် ထင်ရှားစွာပေါ်လွင်နေသည်။

ထိုခေါင်းတုံးကြီးကိုနောက်ဘက်မှကြည့်ပါက စိုးကျော်နှင့်ချစ်အောင်တို့တွေ့မြင်လိုက်ရသကဲ့သို့ မျက်လုံး၊ နှာခေါင်း၊ ပါးစပ် လုံးဝမပါသည့် ပြောင်ချောချောမျက်နှာကြီးသဖွယ်အူယားစွာတွေ့မြင်နေရသည့်အတွက်လက်ထဲတွင် ကိုင်ဆွဲထားသော ခွက်ဖြင့်ပစ်ပေါက်လိုက်ချင်စိတ်များတဖွားဖွားပေါ်လာသလို ကုလားတန်ရေကန်မှ မျက်နှာပြောင်သရဲကြီး၏ဖြစ်ရပ်မှန်ကိုလည်း တစ်တစ်ခွခွသိလိုက်ရသဖြင့် ကျွန်တော့်မှာ ဦးလေးကိုဘဲဥကို အသနားမဖက်ဘဲ ဟားတိုက်၍သာ ရယ်မိနေတော့သည်။

"ညီညီ . . မင်း . . မင်း . . ငါ့ဒုက္ခကို ရယ်ရက်တယ်နော် . ."

ဆိုနှင့်ကြေကွဲစွာဖြင့် ဦးလေးကိုဘဲဥက ပြောလာသောအခါ၊ ကျွန်တော်က ဣန္ဒြေဆည်လိုက်ရင်း . .

"ကျွန်တော်ရယ်ရက်တာကို ခင်ဗျားခေါင်းထဲမှာမထားပါနဲ့၊ ခင်ဗျားကို မြေကြီးခဲနဲ့ထုသွားတဲ့ကောင်တွေကို ဘယ်လိုပြန်ဆုံးမရမလဲဆိုတာသာတွေးထား . . ."

ဟု စကားကိုစလိုက်ပြီးနောက် ကုလားတန်ရေကန်နားမှ မျက်နှာပြောင်သရဲကြီး၏ ဖြစ်ပုံပျက်ပုံအလုံးစုံကိုရှင်းပြလိုက်ရင်း ကျွန်တော့်ကို ဒုက္ခပေးသော စိုးကျော်ကိုအပြစ်ထားတာ . . .

"ခင်ဗျားမှန်းမသိဘဲ သရဲထင်ပြီး မြေကြီးခဲနဲ့ထုသွားတာ စိုးကျော်ပဲ။ ခင်ဗျား အဲဒီကောင်ကို မှတ်လောက်သားလောက်ဖြစ်သွားအောင် ဆုံးမပေးတော့ . . ."





ဟု အချွန်ဖြင့်မလိုက်သော်လည်း ဦးလေးကိုဘဲဥက တွေတွေကြီးငေးငိုင်ကာ စဉ်းစားပြီးနောက် ခေါင်းကိုလေးပင်စွာ ယမ်းလိုက်ရင်း . .

"ပွဲစားဆိုတာမျိုးက လမ်းကြိတ်စက်ကိုတောင်မှ သုံးဘီးဆိုင်ကယ်ပါဆိုပြီး ညာရောင်းတတ်တဲ့ လူစားမျိုးတွေ၊ မွေးရာပါမျက်နှာကို လျှာအပိုတစ်ချောင်းနဲ့ တဲ့(ဒဲ့)လဲထားလို့ မျက်နှာပြောင်ကြီးနဲ့ လျှာနှစ်ချောင်းရှိတဲ့ လူစားမျိုးတွေဆိုတာ မင်းသိရက်သားနဲ့ကွာ။

စိုးကျော်က မင်းရှေ့မှာတော့ သရဲကို ခဲနဲ့ထုခဲ့တယ်လို့ သူပြောခဲ့ပေမယ့် မြို့ထဲရောက်သွားရင် သရဲကို ခဲနဲ့ထုရုံတင်မကတော့ဘူး။ လက်သီးနဲ့ထိုးတယ်။ ဖနောင့်နဲ့ပေါက်တယ်၊ ပါးရိုက်တယ်၊ တံတွေးနဲ့ထွေးတယ်၊ မုဒိမ်းကျင့်ခဲ့တယ်ဆိုပြီး လျှောက်ပြော တော့မှာမင်းမတွေးမိဘူးလား"

"အဲဒီကိစ္စကို မြို့ထဲမှာမပြောဖို့ ချစ်အောင်ကိုတောင် သူပိတ်ထားသေးတယ်လေ"

"ပွဲစားစကားဆိုတာ အဓိပ္ပါယ်ကိုပြောင်းပြန်ကောက်ရတယ်ဟ။ ချစ်အောင်ကိုမပြောနဲ့လို့ပိတ်တာက သူကိုယ်တိုင်ပြောချင်လို့ပဲ။ ငါ့မှာ ကံဆိုးလို့ သရဲခေါင်းခေါက်တာကိုခံလိုက်ရတယ် ထင်မိခဲ့တာ အခုတော့ မချိမဆန့်ကံဆိုးလွန်းလို့ သရဲထင်ပြီး ပွဲစားခဲနဲ့ထုတာခံလိုက်ရတဲ့ဘဝ"

"မျက်နှာပြောင်သရဲထက်တောင် ပိုပြီးမျက်နှာပြောင်တဲ့ ပွဲစားကြီးပါးစပ်ဖျားမှာ ဖွတ်ဖွတ်ကျေပြီး ဘဝပျက်တော့မယ့် မျက်နှာပြောင်သရဲဟာငါကိုယ်တိုင်ပါပဲလို့တောင်မှ ဝန်မခံဝံ့တော့တဲ့ဘဝမို့လို့ ကဲညီညီရေ ဒီကိစ္စကိုမင်းနဲ့ငါနှစ်ယောက်တည်းတင်သိပြီ၊ နှစ်ယောက်သား နှုတ်လုံလုံနဲ့ မေ့ပစ်ကြရအောင်လားကွာ . ."

"ကိုင်း . . ခွက်ကလေးကို မြှောက်ပြီး မိုးနတ်မင်းကို တိုင်တည်ရင်းတို့သေရည်သောက် ညီအစ်ကိုတွေ မျက်နှာပြောင်သရဲကိစ္စပြည်ဖုံးကားချကြစို့ . . . ."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## မြစိမ်းသရဲနှင့်နှစ်ယောက်တည်း

စံပယ်တစ်ယောက်ငယ်ထိပ်ကို သွေးရောက်တဲ့အထိ ဖေါသတွေ အလိပ်လိုက်ထွက်နေရသည့်အကြောင်းက သူ့လင်ကိုညီညီကြောင့်ပင် ဖြစ်သည်။ ရိုးရာအမွေအနှစ်နှင့်ယဉ်ကျေးမှုဓလေ့ထုံးစံကို လိုက်နာကျင့်သုံးတတ်သော မြန်မာအမျိုးကောင်းသမီးပီပီ၊ မိမိ၏လင်ညီညီကို အိမ်ဦးနတ်အဖြစ် သတ်မှတ်ကာ အိမ်ဦးခန်းတွင် တရိုတသေထားပါသော်လည်း သင်းကမရ ရေမိုးချိုးပြီး အမွှေးနံ့သာလိမ်းကျံကာ ဘယ်လောက်ပဲသန့်အောင်ထားထား၊ ဗွက်ထဲဆင်းပြီးနှာခေါင်းနဲ့ထိုးဖို့ ဝန်မလေးသော ဝက်ကဲ့သို့ သင်းကဇာတိပြလာသည်။

အိမ်ဦးခန်းတွင်မနေဘဲ ခြေနင်းဖက်ကိုခုန်ဆင်း၍ တွေ့သမျှလူနှင့် ပခုံးချင်းယှဉ်ကာ ခွက်ရေးပြဖို့ပဲပြင်နေသည်။ အိမ်ဦးခန်းသို့ တွန်းထိုးပြီး ပြန်တင်ပါသော်လည်းမရ၊ အနေအထိုင်ဆင်ခြင်ရန်ကိုလည်း ဘယ်လိုမှနား ချ၍မရသည့်အဆုံး၊ သင်းကိုဘယ်လိုမှ အားမရတော့သည့်အတွက် မိမိကိုယ်





တိုင်ပင် အိမ်ဦးခန်းသို့တက်၍ အိမ်ဦးနတ်မကြီးအသွင်ဖြင့် အရာရာတို စီမံခန့်ခွဲပြီး မိန်းမတန်မယ့် ဦးဆောင်ဦးရွက်ပြုရလေတော့သည်။

ဒီတော့လည်း ဩော် . . ငါ့မိန်းမက ငါ့ရှေ့ကနေ မားမားကြီးရပ် ပြီးလောကကြီးနဲ့ ရင်ဆိုင်အံတုနေပါလားလို့ စိုးစေ့မျှသင်းမတွေး၊ ငါဦးမ ဆောင်နိုင်လို့ မိန်းမတန်မယ့် သူတိုယ်တိုင်ဦးဆောင်နေပြီပဲ ခေါင်းဆောင် ကောင်းမဖြစ်ခဲ့ရင်တောင်မှ နောက်လိုက်ကောင်းပီသအောင်တော့ သူ့ နောက်ကနေ အလိုက်သင့်လေးမှေးပြီး လုပ်ကိုင်ပေးမယ်လေလို့များ သင်း နည်းနည်းလေးမှ မစဉ်းစား၊ ရှေ့ကလည်းမသွား၊ နောက်ကလည်း မလိုက် ကန့်လန့်တိုက်နေသည့် သင်းရဲ့ နေပုံထိုင်ပုံကိုအားမရလို့ ဆုံးမသွန်သင်ပြန် တော့လည်း ကိုယ်အသံလူကြားပြီး မိန်းမကြမ်းကြီး၊ လင်နိုင်မအဖြစ်အများ က သတ်မှတ်ကာ ကဲ့ရဲ့ကြသည်။

တကယ့် တကယ်တော့ မိအေးအော်တာသာလူသိပြီး၊ မိအေး လက်ကို ကဏန်းညှပ်တာကြတော့ ဘယ်သူမှမသိကြ၊ မခုတ်တတ်တဲ့ ကြောင်လိုလို သူတော်ကောင်းလိုလိုနဲ့ ဟန်ဆောင်ကောင်းတဲ့ ခွက်ပုန်းသမား က မီးကင်းစောင့်ဖို့ကိုတောင်မှ သူသွားဖို့စိတ်မကူးဘဲ မိန်းမကိုသွားခိုင်းတာ ပတ်ဝန်းကျင်က ဘယ်သူမှမသိကြ၊ ရှက်လွန်းလို့ ဘယ်သူ့ကိုမှလည်း ပြန်မ ပြောဝံ့။

ညားကာစကတော့ ငါ့ယောကျ်ားခမျာ မလုပ်တတ်မကိုင်တတ်နဲ့ ငါ့ထဘီနားခိုစားနေပါလားလို့ သနားစိတ်တွေ ဝင်လာခဲ့ပေမယ့် ကြာကြာ ပေါင်းလာတော့မှ သင်းက မိန်းမကိုရှေ့တန်းတင်ရုံတင်မကာ ထမ်းပိုးကို ပခုံးပေါ်တင်ပေးပြီးခိုင်းစားမှန်းသိရတော့တဲ့ဘဝ။

ကြောက်ချင်ယောင်ဆောင် နေတာကို ကြောက်တယ်မှတ်လို့ သင်းရှေ့ကနေ မားမားကြီးရပ်ရင်း အကာအကွယ်ပေးခဲ့ရသမျှ၊ အများ မြင်ကွင်းမှာကိုယ်ကတော့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးဖြစ်နေပြီး သင်း ကတော့ မယားထားရာနေ၊ စေရာသွား မယားဆူသမျှ ခေါင်းငုံ့ခံနေရတဲ့ သနားစရာကောင်းတဲ့ ပုရိသကောင်းကြီးအဖြစ်နဲ့ လူမြင်ကွင်းမှာ တင့်တယ် လို့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီယောက်ျားကောင်းကြီးရဲ့ ပုဆိုးဖြူအတွင်းမှ ခွက်ရေးပြတဲ့ဒဏ်နဲ့ ပြန်မပြောနားမထောင် ထင်ရာစိုင်းတဲ့ဒဏ်ကို ခါးစီးပြီး ခံရတာကြတော့ ဘယ်သူမှမသိကြ၊ ဘယ်သူမှမသနားကြ၊ သင်းအကြောင်းကိုတွေးရင် သင်းလုပ်ပုံကိုင်ပုံအချိုးမကျတာတွေကြောင့် လူမှာသွေးတိုးတာပဲ အဖတ်တင်တယ်။ သင်းအကြောင်းတွေးတောင် မတွေးချင်ဘူး။

အခုလည်းကြည့်ပါဦး။ ဆိုင်ရှေ့မှာ ကုန်အပြည့်နဲ့ဒိုင်နာကား တစ်စီးက ကန့်လန့်ကြီးပိတ်ရပ်တော့ ကိုရွှေညီညီက ဒေါနဲ့မောနဲ့သွားပြောပစ်လိုက်မယ် လုပ်ပါရောလား။ အပြည့်တင်ထားတဲ့ ကုန်တွေကို တာလပတ်(ကားမိုးကာ)နဲ့ အုပ်ထားတဲ့ အဲဒီကားကိုမြင်ကတည်းက ထမင်းစားမယ်ဆိုရင်တောင် အလွန်ဆုံးနှစ်ပွဲ၊ သုံးပွဲထက်ပိုပြီးရောင်းရမှာမဟုတ်၊ မကြာခင်ရောက်လာတော့မယ့် လိုင်းကားကြီးက ခရီးသည်တွေများသလို ဖောက်သည်တွေလည်းဖြစ်နေတော့ ဘယ်ကားကိုဦးစားပေးရမယ်၊ ဘယ်ကားကိုပိုရောင်းရမယ်ဆိုတာ ဒီကမသိဘဲနေပါ့မလား။

ဘာပဲဖြစ်ဖြစ် ကိုယ့်ဆိုင်ကိုလာတဲ့ ဝယ်သူ၊ စားသုံးသူတွေကို တစ်ခါဆက်ဆံ ဆယ်ခါလန်မဖြစ်အောင် ဒေါသတကြီးစိတ်လိုက်မာန်ပါ မပြောဖို့ တိုးတိုးတိတ်တိတ်ကျိတ်ပြီးပြောတာတောင်မှ မယားစကားကို နားမဝင်ဘဲ ဒေါနဲ့မောနဲ့ ကားနားသွားလို့ နောက်ကလိုက်အဆွဲ ကားပေါ်ကဆင်းလာသူက သူ့သူငယ်ချင်းအရင်းကြီးတဲ့။ မကွေးကောလိပ်မှာတုန်းက ကျောင်းအတူတက်ရင်း ဘွဲ့အတူယူခဲ့ကြတဲ့ သူငယ်ချင်း၊ ညီအစ်ကိုအရင်းထက်တောင်ပိုချစ်သတဲ့။

ဟုတ်လည်း ဟုတ်မှာပါ။ သူများတွေ လေးနှစ်နဲ့ယူခဲ့တဲ့ ဘွဲ့ကို သင်းတို့ က ခုနစ်နှစ်၊ ရှစ်နှစ်နဲ့ယူလာခဲ့ကြတာမဟုတ်လား။ ဘွဲ့ရပြီးကတည်းက နိုင်ငံခြားသွားလို့ ကွဲကွာသွားကြတဲ့ သူငယ်ချင်းနှစ်ယောက် မထင်မှတ်ဘဲ ပြန်တွေ့ကြတော့ လွမ်းလွမ်းဆွတ်ဆွတ်နဲ့တစ်ယောက် ကို တစ်ယောက်ဖက်ထားလိုက်ကြတာများ ရင်ချင်းဆက်အမြွှာကို ခွဲစိတ်ခန်းထဲသွင်းတော့မယ့် အတိုင်းပဲ။

“မိန်းမရေ ဒါငါ့သူငယ်ချင်း ကိုဝိုင်းတဲ့၊ သူငယ်ချင်း ဒါငါ့မိန်းမ





မစံပယ်လေ . . ” ဆိုတဲ့ ကြည်နူးဖွယ်ရာလေသံနဲ့ မိတ်ဆက်ပေးပြီးကတည်းက ‘မိန်းမရေ ငါ့သူငယ်ချင်းအတွက် . . ” ဆိုပြီး တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် အခိုင်းခံနေရပုံများ တစ်မြို့လုံးကိုတောင်ခေါ်ပြီးပြလိုက်ချင်ပါရဲ့။

သူစိမ်းယောက်ျားတစ်ယောက်ရှေ့ ကိုယ့်လင်သား သိက္ခာကျမှာစိုးလို့ ရင်ထဲမှ ဒေါသတွေကို ကြိတ်မှိတ်မြိုသိပ်ရင်း မျက်နှာကတော့ လူမြင်ကောင်းအောင် ပြုံးပြနေရတာများ မိုနာလီဇာတောင်မှ ငါ့လောက်ပြုံးတတ်မှာ မဟုတ်ဘူးလို့တောင် တွေးမိလိုက်ပါရဲ့။

ချစ်သူငယ်ချင်းကို ဧည့်ခံရင်း စကားတွေဖောင်ဖွဲ့လို့ မအားမလပ် အောင်ဖြစ်နေရှာတဲ့သင်းက ဒိုင်နာကားနောက်မှာဖြစ်သလို ထိုးဆိုက်ရတဲ့ လိုင်းကားကြီးက ခရီးသည်တွေကို စားပွဲမထိုး၊ ဧည့်မခံနိုင်ဘူးလေ၊ ဒီကောင်မကြီးကပဲ ခါးချိုးပြီးခြေတိုတဲ့အထိထောင့်စေ့အောင်လုပ်ရတော့တာပေါ့။

လိုင်းကားကြီးထွက်သွားမှ သင်းတို့အနားပြန်ခစားတော့ သူငယ်ချင်းဆီကို သုံးရက်လောက်အလည်လိုက်သွားမယ်ဆိုပြီး ဘယ်အချိန်ကဘည့်လိုက်မှန်းမသိတဲ့ ဟန်းဘတ်အိတ်ကြီးကိုဆွဲပြီး သူ့သူငယ်ချင်းကား နောက် ကောက်ကောက်ပါအောင်လိုက်သွားပါရောလား။

သူ့သူငယ်ချင်းက နိုင်ငံခြားကပြန်လာပြီး မြေလွတ်မြေရိုင်းတွေကို ဖော်ထုတ်လို့ စိုက်ပျိုးရေးစခန်းကြီးလုပ်နေတယ်လို့တော့ပြောတာပဲ ဒေါသတွေထွက်လွန်းလို့ ဘယ်နေရာမှာလဲလို့တောင်မမေးလိုက်မိဘူး။

ဘယ်နှယ့်တော် ဒေါသမထွက်ပဲနေပါ့မလား။ သူကအခုလို ဆိုင်းမဆင့်ဗုံမဆင့် ထွက်သွားတော့ အကြော်အလှော်နေရာမှာကူမယ့်သူ၊ စားပွဲထိုးတွေကို ထောင့်စေ့အောင်ထိန်းမယ့်သူ၊ စားပွဲထိုးမယ့်သူ လိုပြီပေါ့၊ ရက်ပိုင်းလေးနဲ့ဘယ်သူ့ကိုမှ ခေါ်ခိုင်းလို့မရတော့ ကိုယ်တိုင်ဝင်ပြီးလုပ်ရတော့မယ်လေ၊ ဒါ့ကြောင့် သင်းကို ဒေါသမထွက်ဘဲ မနေနိုင်တော့ဘူး . . .

www.burmeseclassic.com

www.burmeseclassic.com

ဇနီးမိန်းမစိမ်းလဲ့တင်က သူ့ထက်အသက်ခြောက်နှစ်ခန့်ငယ်သော်လည်း ရင့်ကျက်သော ဏ္ဍနြေနှင့် လိမ္မာရေးခြားရှိသလို သူ့ကိုချစ်ကြောက်ရိုသေကြောင်းများကို ပုံဆောင်သာဓကများဖြင့် တဲတွေးသီးသည်အထိ ကိုဝိုင်းက ရှင်းပြရင်း . .

"မေတ္တာဆိုတာ ရောင်ပြန်ဟပ်တော့ သူကငါ့ကိုသိပ်ချစ်သလို၊ ငါကလည်း ချစ်တာပေါ့ကွာ၊ အဲဒါကြောင့် ရန်ကုန်မှာ တစ်ပတ်လောက်လုပ်ရမယ့် အလုပ်ကိုလေးရက်နဲ့အပြတ်လုပ်ပြီးပြီးခြင်း ဒိုင်နာကားကို စီးလုံးငှားလို့ ငါ့ရဲ့စခန်းမှာ သုံးရမယ့်မြေဆိ(ဓာတ်မြေသြဇာ) တွေတင်ပြီး တန်းပြန်လာခဲ့တာကွ။

ငါကတော့ပြတ်ပြတ်ပဲ သန်ဘက်ခါမှ ငါပြန်ရောက်မယ်ထင်ပြီး မျှော်တော်ဇောနဲ့မောနေမယ့် ငါ့မိန်းမတော့ ဒီနေ့ညနေမှာသာ ရုတ်တရက်ငါ့ကိုတွေ့လိုက်ရရင်တော့ ဘယ်လောက်အံ့သြဝမ်းသာသွားမလဲ မသိဘူး။ နောက်ပြီး ရောက်ရောက်ခြင်း မင်းနဲ့တွေ့ဆုံမိတ်ဆက်ပွဲမှာ သူ့လက်ရာမွန်တွေ ဘယ်လောက်စားကောင်းတယ်ဆိုတာသိရအောင် သူ့ကိုတစ်ခါတည်း ချက်ခိုင်းလိုက်မယ်။ ဘာမှမပူနဲ့ အားလုံးကိုငါမီးသေတယ် ငါကတော့ပြတ်ပြတ်ပဲ"





ရန်ကုန်-မကွေးကားလမ်းမကြီးဘေးသို့ ဖဲ့ဆင်းသွားပြီး ဆယ်မိနစ်ခန့်မောင်းလိုက်သောအခါ ကိုဝိုင်း၏စိုက်ပျိုးရေးစခန်းသို့ရောက်ရှိလာချိန်တွင် မိုးချုပ်စပြုပြီဖြစ်သလို သူ၏မီးသေပုံကြီးကိုလည်း ကွက်ကွက်ကွင်းကွင်းတွေ့လိုက်ရသည်။

သူတို့စခန်းအဝင်ခြံတံခါးကို ဖွင့်ပေးသည့် ကိုဖြားကြီးဆိုသူက. .

"ဟာ . . ဆရာလေးကို သန်ဘက်ခါမှ ပြန်လာမယ်မှတ်နေတာ"

"စောစောပြီးတာနဲ့ စောစောပြန်လာခဲ့တာ၊ ကဲ ကဲ အလုပ်သမားတွေခေါ်ဗျာ။ ကားပေါ်က မြေဆီအိတ်တွေ ဂိုဒေါင်ထဲသွင်းရအောင်။ ဒီကားက တန်းပြန်မှာ . . ."

"အဲ . . ဟို . . ဟိုဟာ . ."

"ဘာဖြစ်နေတာလဲ။ ကဲဗျာ တာဝန်ခံပေါက်ပေါက်ကို ခေါ်လိုက်"

"ဆရာ . . ဆရာ့ယောက်ဖ ကိုပေါက်ပေါက်မရှိဘူး။ ခရီးထွက်သွားတာနှစ်ရက်လောက်ရှိပြီ . . ."

"ဘာ . . မရှိဘူးဟုတ်လား။ သင်းက စခန်းကိုပစ်ပြီး ဘယ်ကိုသွားတာတဲ့လဲ"

"အဲဒါတော့ မသိဘူးဆရာ"

"မိန်းမ မျက်နှာနဲ့ သင်းကိုစခန်းတာဝန်ခံခန့်ထားတာ. ဒီကိစ္စ စိမ်းလဲ့တင်နဲ့ ရှင်းရတော့မယ်၊ ကားကို ဂိုဒေါင်ဘက်မောင်းခိုင်းလိုက် . . လာ . . အိမ်ကိုသွားပြီး စိမ်းလဲ့တင်နဲ့ တစ်ခါတည်းရှင်းမယ်။ ငါကပြတ်တယ်"

"အဲ . . ဟို . . ဆရာ့ဇနီးမစိမ်းလဲ့ မရှိဘူး"

"ဟေ . . သူကရော ဘယ်ကိုသွားလဲ"

"သူ . . သူ့အမေအိမ်ခဏပြန်သွားတယ်၊ ဆရာက စောပြီးပြန်လာတာကိုးဗျ"

"တောက် . . ငါမရှိရင် မရှိသလိုပဲ ဒီမိန်းမတော့ တွေ့ဦးမယ်၊ ကဲ ကဲ စခန်းမှာရှိတဲ့လူတွေအကုန်ခေါ်ပြီး မြေဆီအိတ်တွေသာချထားလိုက်ပါတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . အဲဒါလဲ မဖြစ်နိုင်သေးဘူးဆရာရဲ့ စခန်းတစ်ခုလုံးမှာ ကျွန်တော်နဲ့အငယ်ကောင်နှစ်ယောက်ပဲရှိတယ်၊ ကျန်တဲ့သူတွေအားလုံးက စခန်းဘေးနားက ရွာတွေကို အလည်အပတ်သွားကြတယ်"

"အလည်အပတ်သွားကြလို့ ခင်ဗျားနဲ့ အငယ်ကောင်ပဲရှိတယ် ဟုတ်လား၊ ဒါဆိုခင်ဗျားကရော ဘာလို့သူတို့နဲ့လိုက်မသွားတာလဲ"

"သွားမလို့ပါပဲ ဆရာရယ်၊ ဒါပေမယ့် ပျောက်နေတဲ့ တိုက်ကြက်ကလေးရှာနေတာမတွေ့သေးလို့ဗျ"

ကိုဝိုင်းမျက်နှာရဲပတောင်းခပ်နေသည်၊ မိန်းမနှင့်စခန်းအပေါ် သူ၏ မီးသေပုံကို မျက်ဝါးထင်ထင်မြင်နေရ၍ ကျွန်တော်က တခွိခွိဖြစ်နေသည်။

"ကဲဗျာ မော့င်တော့မယ်၊ အနီးဆုံးရွာထဲသွားပြီး စခန်းက လူတွေ သွားခေါ်ချေဗျာ၊ ထော်လာဂျီယူသွား"

ကိုဖြားကြီးထွက်သွားသောအခါ ကျွန်တော်တို့နှစ်ယောက် ဂိုဒေါင်နှင့်မလှမ်းမကမ်းရှိ သူ၏အိမ်လေးသို့သွားကြသည်။ သူတို့အိမ်လေးက အောက်ခြေကို အုတ်ဖြင့်စီ၍ သံမံတလင်းခင်းထားပြီး ပျဉ်ကာသွပ်မိုး ဆောက်ထားသည်။ အိမ်သော့ကိုရိုက်ချိုး၍ အိမ်ထဲဝင်လိုက်တော့ ဆက်တီ တစ်စုံနှင့်အတူ ရုံးသုံးစားပွဲ၊ ကုလားထိုင်၊ ဗီရိုတို့ကိုပါရောပြီး ခင်းကျင်းထားသော ဧည့်ခန်းလိုလို၊ ရုံးခန်းလိုလို အခန်းကျယ်ကစ်ခုကိုတွေ့ရသည်။ ထို အခန်းနောက်တွင် သူတို့လင်မယားအိပ်ခန်းရှိ၍ နောက်ဘက်တွင် ရေချိုး ခန်းမီးဖိုနှင့်အိမ်သာကို တွဲလျက်ဆောက်ထားသည်။

ကိုဝိုင်းက ရေတစ်ခွက်ကို ခပ်သောက်ရင်း . .

"ဒီအချိန်ဟာ စိုက်ချိန်ပျိုးချိန်မဟုတ်ပေမယ့် စိုက်ပျိုးချိန်မှာ လိုအပ်မယ့်ဟာတွေအားလုံး စုဆောင်းပြီး အသင့်ပြင်ရမှာကို သိရက်သားနဲ့ အလေလိုက်နေကြတာ နောက်တစ်ခါ ခရီးထွက်ရင် ဘယ်နှရက်ကြာမယ် ဆိုပြီး ရက်ချိန်းပေးခဲ့လို့ မဖြစ်တော့ဘူးပေါ့ကွာ၊ ငါကတော့ ပြတ်ပြတ်ပဲ"

သူက အခန်းတံခါးများကိုဖွင့်ရင်း . .

"ငါ့မိန်းမရှိရင် မင်းနဲ့ငါနဲ့ ဟောဒီဧည့်ခန်းထဲမှာ အိပ်မယ်လို့





စဉ်းစားထားတာ။ သူမရှိတော့ အိပ်ခန်းထဲဝင်အိပ်ကြတာပေါ့ကွာ၊ ဟော့ . . ဟော့ . . အငယ်ကောင် အငယ်ကောင် ဒီကိုလာဦး"

ပြတင်းတံခါးကိုဖွင့်ခြင်း လှမ်းမြင်လိုက်ရသူကို ကိုဝိုင်းကခေါ် လိုက်သည်၊ အသက်နှစ်ဆယ်ခန့် အစိတ်ခန့် အသားမည်းမည်း၊ ပိန်ပိန်ပါးပါး ခေါင်း တုံးဆံထောက်နှင့် လူတစ်ယောက်အိမ်ထဲဝင်လာသည်၊ လူတစ်ကိုယ် လုံးတွင် ထင်ထင်ရှားရှားပေါ်လွင်သော နှာခေါင်းကြီးကို ကျွန်တော် သတိ ထား၍ ကြည့်မိလိုက်သည်၊ ထိုသူက အိမ်ထဲသို့ဝင်ဝင်ခြင်း . .

"ဆရာ ပြန်လာပြီလား။ သန်ဘက်ခါမှ ပြန်လာမယ်မှတ်နေတာ"

"ငါ့စခန်းတစ်ခုလုံးက လူတွေ ရွာနီးခ [illegible]ပဲကိုအလည်အပတ်သွား ကြတာ တစ်ယောက်မှမရှိဘူး [illegible]ခင်းကရော [illegible]လို့မသွားတာလဲ၊ သူတို့က မခေါ်လို့လား"

"ခေါ်ပါတယ်ဆရာ။ ကျွန်တော်ကိုယ်တိုင်က စခန်းကမခွာချင်လို့ ပါ"

အငယ်ကောင်စကားကြောင့် ကိုဝိုင်း၏မျက်နှာဝင်းလက်သွား သည်။ သူက ကျွန်တော့်ကိုလှမ်းကြည့်ပြီး ပခုံးတွန့်ပြသည်။ သူ့စခန်းတွင် အနည်းဆုံးတစ်ယောက်လောက်ကိုတော့ သူမီးသေကြောင်း အချက်ပြခြင်း ဖြစ်၍ ကျွန်တော်ခေါင်းညိတ်လိုက်စဉ် ကိုဝိုင်းက အငယ်ကောင်ကို စူးစူး စိုက်စိုက်ကြည့်ရင်း . .

"ငါခရီးသွားတာကို သေရွာသွားတယ်ထင်ပြီး ငါ့မိန်းမကအစ တစ်စခန်းလုံးရှိသမျှလူတွေ သွားချင်သလိုသွား၊ လာချင်သလိုလာနေကြတာ တောင်မှ မင်းကစခန်းကနေ တစ်ဖဝါးမှမခွာဘူးဆိုတော့ လိမ္မာလှချည်လား ကွ အငယ်ကောင်ရ"

အငယ်ကောင်က မရွှင်လန်းသောမျက်နှာဖြင့် သူ့နားထင်တို လက်မဖြင့် ဖိ၍ပွတ်ရင်း . . .

"လိမ္မာတယ်လို့လည်း မဟုတ်ပါဘူး ဆရာရယ်။ မနေ့ညက အရူး လွန်ပြီး အကြီးကောင်နဲ့ဟောင်ထိုးလားကြိတ်လားဖြစ်သေးတယ်၊ အဲ . . အဲဒါအရက်နာကျပြီး ခေါင်းတွေကိုက်နေလို့ တစ်နေကုန် ဘယ်မှမသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ အခုမှ ခေါင်းကိုက်ပြေသွားလို့ ရွာထဲဘက်ကိုသွားမယ်ဆိုပြီးထွက်လာတာ ဆရာနဲ့ တည့်တည့်တိုးတာပဲ"

ကိုဝိုင်း၏မျက်နှာ ရှုံ့မဲ့သွားသည်၊ ကျွန်တော်ကတော့ မျက်နှာကိုတခြားဘက်လှည့်ပြီး တခွီးခွီး . . ဖြင့် ကျိတ်၍ရယ်နေမိသည်၊ ကိုဝိုင်းကသက်ပြင်းရှည်ကြီးကိုချရင်း . .

"ကဲပါကွာ . . အဲဒါအသာထား . . မင်းရဲ့ကြက်သားနဲ့ခွေးတောက်ရွက်နဲ့ရောပြီးချက်တဲ့ ကာလသားချက်ဟင်းက တော်တော်နာမည်ကြီးတယ်ဆိုပါလား ငါလည်းမြည်းစမ်းမကြည့်ရသေးဘူး၊ နောက်ပြီး ငါ့မှာဧည့်သည်ကလည်းပါလာလို့ ချက်ပေးစမ်းပါဦးကွာ။ ထမင်းပါတစ်ခါတည်းချက်ပေး"

"ဟုတ်ကဲ့ ဆရာ ဒါဆို ကျွန်တော်တို့နေတဲ့ တဲတိုက်ဘက်ကိုသွားပြီး ဟင်းစားရှာလိုက်ဦးမယ်၊ အဲဒီမှာ ချက်ပြုတ်ပြီးမှ ဒီကိုယူလာခဲ့မယ်ဆရာ"

"ကောင်းတယ်၊ ဒါဆိုရင် လာကွာ မီးဖိုချောင်ထဲသွားပြီးချက်ဖို့ပြုတ်ဖို့အတွက်လိုတဲ့ ဆန်၊ဆီ၊ ဆား ဘာညာ ဘာညာတွေပါ တစ်ခါတည်းယူသွား"

သူတို့နှစ်ယောက်မီးဖိုချောင်ထဲဝင်၍ လိုအပ်သည်များကို ရှာဖွေမွှေနှောက်၍ယူနေကြစဉ် ကျွန်တော်က ရေဝင်ချိုးလိုက်သည်၊ ရေချိုးခန်းထဲက ထွက်လာတော့ ချက်စရာ၊ ပြုတ်စရာများကို တောင်းတစ်လုံးအတွင်းထည့်၍ ထမ်းသွားသော အငယ်ကောင်ကို မြင်လိုက်ရသဖြင့် ကျွန်တော်က အကြီးကိုလဲရင်း . . .

"သူ့နာမည်ကလည်း အငယ်ကောင်တဲ့လားကွာ"

"သူ့နာမည်အရင်းက မင်းနာမည်အတိုင်းပဲ ညီညီတဲ့ ဒါပေမယ့်ဒီစခန်းတစ်ခုလုံးက သူ့ကိုအငယ်ကောင်လို့ပဲခေါ်ကြတယ်၊ သူ့အစ်ကိုအကြီးကောင်ဆိုတာရှိသေးတယ်၊ သူတို့ညီအစ်ကိုက . . ."

ကိုဝိုင်းက စကားလက်စမသတ်သေးဘဲ စခန်းအပေါက်ဝမှဝင်လာသော ထော်လာဂျီကိုကြည့်ကာ . .





"ဟော . . ဟိုမှာ လာကုန်ကြပြီ။ မြေဆီအိတ်တွေ ချပြီးမှ သင်းတို့တွေကို ခွေးဆူသလို ဆူပစ်လိုက်ဦးမယ်၊ တာဝန်ခံအသုံးမကျတော့ လူမလေး၊ ခွေးမခန့်ဖြစ်ကုန်တာ၊ ဒီတစ်ခါတော့ ယောက်ဖသော၊ဘာသောနားမလည်ဘူး တစ်ခါတည်းရှင်းပစ်မယ်၊ ငါကတော့ပြတ်ပြတ်ပဲ"

ပြောပြောဆိုဆို ဂိုဒေါင်ဘက်သို့ဆင်းသွားသော ကိုဝိုင်းနောက်သို့ကျွန်တော်လည်း လိုက်သွားသည်၊ ထော်လာဂျီပေါ်မှဆင်းလာသူများကိုစေ့စေ့ကြည့်ရင်း ကိုဝိုင်းက . .

"ဟောဗျာ စခန်းက လူဟောင်းတွေမဟုတ်ပါလား၊ လူသစ်တွေကြီးပဲ ဘယ်တုန်းကခန့်ထားလိုက်ပါလိမ့်၊ ငါတောင် မသိလိုက်ဘူး၊ လူသစ်တွေမို့လို့ထင်ရာတွေ လျှောက်သွားနေတာဖြစ်မယ်၊ ဟင်း . . ငါရန်ကုန်ကိုလေးရက်လောက်သွားလိုက်တာနဲ့ ငါ့စခန်းကမမှတ်မိလောက်အောင်ပြောင်းသွားတာကိုး"

ဒိုင်နှာကားပေါ်ရှိ မြေဆီအိတ်များကို ဂိုဒေါင်ထဲသို့သွင်းဖို့အတွက်ကိုဖြားကြီးက လက်ညှိုးတညွှန်ညွှန်ဖြင့် ခိုင်းပြီးကျွန်တော်တို့ရှိရာသို့ လျှောက်လာရင်း . .

"ကဲ ဆရာရေ လုပ်အားခကိုတော့ ကြည့်ကျက်သာပေးလိုက်ပေတော့၊ သူတို့က သဘောကောင်းပါတယ်"

"ဘာကွ . . သူတို့သဘောကောင်းတာနဲ့ လုပ်အားခပေးရမှာလား၊ သူတို့လစာအပြည့်ပေးပြီးသား၊ ဒီစခန်းမှာနေရင် ဒီလိုအလုပ်လောက်တော့ လုပ်ပေးရမှာပဲ။ ခြောက်လတစ်ခါ ငါပေးတဲ့ဆုကြေးဘောနပ်စ်တွေက ဒီလိုတောက်တိုမယ်ရ လုပ်ခဲ့တဲ့ လုပ်ခတွေထက်လေးငါးဆရှိတယ်ဆိုတာ မသိကြဘူးလား၊ ဒီလိုအခွင့်ကောင်းကိုစောင့်ပြီး ငါ့ကိုအကျပ်ကိုင်တာမျိုးလာလုပ်ဖို့မကြိုးစားနဲ့၊ တစ်ပြားမှမပေးနိုင်ဘူး။ ငါကတော့ ပြတ်ပြတ်ပဲ"

ကိုဖြားကြီးက ခေါင်းကုတ်ရင်း . .

"သူ . . သူတို့က ပိုက်ဆံမရရင်လုပ်မှာမဟုတ်ဘူးဆရာ"

"ပိုက်ဆံမရလို့မလုပ်ရင် တစ်ခါတည်းအလုပ်ဖြုတ်လိုက်ပြီလို့ပြောလိုက် "



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို ဆရာက အလုပ်ဖြုတ်ရအောင် သူတို့က ဒီစခန်းကမှ မဟုတ်တာ၊ အနီးဆုံးရွာက တွေ့သမျှလူတွေကိုအကူအညီတောင်းပြီး ပြောဆိုခေါ်လာခဲ့တာဆရာရဲ့"

"ဟော . . ဒါဆို ငါတို့စခန်းက လူတွေရော ဘယ်နိုင်ငံအထိသွားတုန်ကြပြီလဲ"

"သူတို့ကိုသာစောင့်ပြီး တစ်ယောက်ချင်းသာလိုက်ခေါ်နေရရင်တော့ ကျွန်တော်လည်း သန်ဘက်ခါညနေမှပြန်ရောက်ဖြစ်လိမ့်မယ်"

ငါကတော့ ပြတ်ပြတ်ပဲဟု အမြဲတမ်းပြောသော ကိုဝိုင်းတစ်ယောက် ပြတ်ပြတ်သားသားဖြင့် ပိုက်ဆံပေးကာ ခိုင်းရလေတော့သည်။

မြေဆီအိတ်များကို ဂိုဒေါင်ထဲသွင်းပြီးရွာသားများကို ထော်လာဂျီဖြင့် ကိုဖြားကြီးက လိုက်ပို့သလို ငွေရှင်းပြီး၍ ဒိုင်နာကားလည်း ပြန်သွားသောအခါ မိုးစုန်းစုန်းချုပ်သွားပြီဖြစ်၍ မီးစက်ကိုနိုးချိန်တွင် အချိန်အခါမဟုတ်မိုးက တဖွဲဖွဲ ဖြင့်ရွာလာသည်၊

ရာသီဥတုက ကိုယ့်ဘက်ပါလာချိန်ဝယ် အငယ်ကောင်ခေါ် ညီညီ၏ လက်ရာ ကြက်သား၊ ခွေးတောက်ရွက်ကာလသားဟင်းရန့်ကလည်း ဆွဲဆောင်နေသဖြင့် ပုလင်းကိုဖွင့်၍ ဖန်ခွက်ထဲသို့လက်နှစ်လုံးခန့်ထည့်ပြီး ရေရောနေစဉ် ကိုဝိုင်းက မကျေမနပ်သောမျက်နှာကြီးဖြင့် . .

"ဒီစခန်းမှာ ဟိုအရင်ကရှိတဲ့တာဝန်ခံအသုံးမကျလို့ ငါဖြုတ်ပစ်လိုက်တယ်။ မင်းသိတဲ့အတိုင်း ငါကပြတ်ပြတ်ပဲ၊ ဒေါင်ဒေါင်မြည်စိတ်တိုင်းကျတာဝန်ခံရှာနေချိန်မှာ စိမ်းလဲ့တင်ပေါ့ကွာ။ သူ့မောင်ပေါက်ပေါက်ရှိပါတယ်၊ ဆယ်တန်းသာမအောင်ခဲ့တာ အတွက်အချက်စာရင်းဇယားလည်းနားလည်ပါတယ်။ သင်ခိုင်းလေးခိုင်းကြည့်ပါ၊ ဒီလိုတာဝန်ခံနေရာဆိုတာကတိုယ့်ဆွေ ကိုယ့်မျိုးတွေမှ စိတ်ချရတာ။ သူကိုယ်တိုင် ဒီစခန်းမှာနေရတော့သူ့မောင်ကို သူမျက်ခြည်မပြတ် ထိန်းသိမ်းပါ့မယ်ဆိုပြီး တတွတ်တွတ်နဲ့နားပူ၊ နားဆာတိုက်တွန်းလို့ နေရာတကာပြတ်သားတဲ့ ငါမှာ သူ့ကြောင့်မပြတ်မသားဖြစ်ပြီး သူ့မောင်ပေါက်ပေါက်ကို စခန်းတာဝန်ခံခန့်လိုက်ရတာ

မင်းစဉ်းစားကြည့်စမ်း ညီညီ၊ ငါကျော့ခိုင်းလိုက်တာနဲ့ ဟောဒီ





စခန်းတစ်ခုလုံး အငယ်ကောင်နဲ့ခြံစောင့်ကိုဖြားကြီးတို့နှစ်ယောက်ပဲရှိတော့တယ် ဆိုတာဘယ်လိုမှ မဖြစ်သင့်တဲ့ကိစ္စ"

ကျွန်တော်က ခေါင်းညိတ်လိုက်ရင်း သူ့ကိုခွက်လှမ်းပေးလိုက်သည်။ သူကခွက်ကိုယူ၍ စားပွဲပေါ်တွင် ချထားလိုက်ပြီး . .

"ပါကယ်ဆို ဒီစီးပွားရေးလုပ်ငန်းကြီးဟာ ငါ့လုပ်ငန်းဆိုပေမယ့်မိသားစုလုပ်ငန်းကြီးဆိုတာ စိမ်းလဲ့တင်ကောင်းကောင်းကြီး သဘောပေါက်ဖို့သင့်တယ်။ သူ့မောင်က သူ့စကားကိုနားမထောင်လို့ထွက်သွားရင်တောင်ဒါ ငါ့ယောက်ျားလုပ်ငန်း၊ ငါတို့မိသားစုစီးပွားရေးလုပ်ငန်းကြီးပါလားဆိုပြီးသူကိုယ်တိုင်ဦးစီးပြီး တကွဲတပြားစီဖြစ်မသွားအောင် စောင့်ရှောက်ရမှာပေါ့၊ အခုတော့ သူကိုယ်တိုင်စခန်းမှာ မရှိတာ ဘာကြောင့်လဲ"

"အေးပါကွာ ဘာကြောင့်လဲဆိုဘာ နောက်ထားပြီး နွေးနွေးထွေးထွေး ရှိသွားအောင် သောက်လိုက်ပါဦးကွ"

ကိုဝိုင်းက ခေါင်းခါရင်း . .

"ငါ့မိန်းမနဲ့မျက်နှာချင်းဆိုင်ပြီး ဒီကိစ္စကို ညတွင်းချင်းမဖြေရှင်းရရင် ဒေါသထွက်ပြီး အခုညငါသေလိမ့်မယ်။ အဲဒါကြောင့် အခုညတွင်းချင်းငါ့မိန်းမကိုသွားပြီး ပြဿနာရှာမယ်"

"ပြဿနာက နောက်မှရှာကွာ ကဲ ကဲ တစ်ခွက်လောက်သောက်စမ်းပါဦး။ ငါတစ်ယောက်တည်း သောက်နေရတာပျင်းတယ်"

"မသောက်ဘူး၊ လုံးဝမသောက်ဘူး ငါကပြတ်ပြတ်ပဲ၊ တစ်ခွက်သောက်လို့ ငါမမူးပေမယ့် ငါ့ပါးစပ်ကအရက်နံ့ထွက်နေရင် မူးလို့လာရမ်းတယ်ဖြစ်မှာစိုးလို့ မသောက်ဘဲနဲ့ကိုသွားမယ်။ ညတွင်းချင်းသွားမှာ . ."

"မှောင်ကြီးမည်းကြီးမိုးရွာကြီးထဲမှာကွာ။ နောက်ပြီး မင်းယောက္ခမမြို့က ဆယ့်ငါးမိုင်လောက်ဝေးတယ်မဟုတ်လား"

"မတားနဲ့ညီညီ။ မတားနဲ့ ငါကတော့ ပြတ်ပြတ်ပဲ"

"တားလည်းမတားဘူး၊ ငါလည်းမလိုက်ဘူး၊ ပြတ်ပြတ်ပဲ"

ပြတ်ပြတ်ပဲ ကျွန်တော်ပြောလိုက်သောအခါ ကိုဝိုင်းကရှုံ့မဲ့မဲ့မျက်နှာကြီးဖြင့် ကျွန်တော့်ကို ပြန်ကြည့်နေသဖြင့် . .



www.burmeseclassic.com

www.burmeseclassic.com



"အိုးကောင်းအောင်လို့ ရိုက်ပုတ်ပေးရတာတွေ၊ အရိုးကွဲမှ အသည်းစွဲတာတွေနဲ့ အိမ်ထောင်သည်အချင်းချင်းမြှောက်မပေးရက်ပါဘူးကွာ။ ခြေလွန်လက်လွန်တော့ လုပ်မလာပါနဲ့။ ငါ့မှာနှလုံးရောဂါအခံရှိလို့ပါ။ ဂိုဒေါင်ရှေ့မှာ နှစ်တစ်ဖျဉ်ချောင်းတွေပုံထားတာတွေ့တယ်။ သတိပေးတာတော့မဟုတ်ဘူးနော် . . တစ်ချောင်း၊ နှစ်ချောင်းတော့ ယူသွားပေါ့ ဟား ဟား ဟား"

သူက သုန်မှုန်နေသော မျက်နှာကြီးဖြင့် မရယ်ပဲ ခပ်တည်တည်လုပ်ရင်း စခန်းထဲသို့ ပြန်ဝင်လာသော ထော်လာဂျီကိုကြည့်၍ . .

"ကိုဖြားကြီးရဲ့ ထော်လာဂျီပြန်လာပြီ၊ အငယ်ကောင်ကိုခေါ်ပြီး အဲဒီထော်လာဂျီနဲ့ငါသွားမယ်။ စားစရာတွေကို မင်းနဲ့ကိုဖြားကြီးနဲ့ပဲ ရှင်းလိုက်ပေါ့။ အိပ်ချင်လို့ရှိရင် ကိုဖြားကြီးကို မီးစက်ပိတ်ခိုင်းလိုက်။ ဧည့်ခန်းထဲမှာ အင်ဗာတာနဲ့ဂျိုင်းပြီး နှစ်ပေချောင်းတစ်ချောင်းထွန်းထားလိုက် မင်းကတော့ အခန်းထဲဝင်အိပ်ပေါ့"

"မင်းက ပြန်မလာဘူးလား"

"မသေချာဘူး ဘာလဲ မအိပ်ရဲလို့လား"

"ဘာမအိပ်ရဲစရာရှိလို့လဲ။ ငါမေးချင်တာက တံခါးမကြီးကို အတွင်းက ဂျက်(ချက်)ထိုးပြီး ပိတ်ထားရမှာလား၊ မပိတ်ရဘူးလား"

"အတွင်းကနေ ချက်ထိုးပိတ်လည်း အဲဒီတံခါးကချောင်နေတော့ တံခါးကြားထဲ လက်သွင်းပြီး အပြင်ကနေဖွင့်လို့ရတယ်။ ပိတ်သာထားလိုက်ပါကွာ။ ငါပြန်လာဖြစ်ရင်လည်း ကိုယ့်ဟာကိုယ်တံခါးဖွင့်ပြီး ဝင်လာခဲ့မယ်ဟုတ်ပြီလား။ ကဲ အငယ်ကောင် မိုးလည်းပက်တယ်။ အေးလည်းအေးတယ်။ ပြတင်းပေါက်တွေကူပိတ်ပေးခဲ့ဦး"

တံခါးများပိတ်ပေးပြီးနောက် ကိုဖြားကြီးအိမ်ပေါ်သို့ တက်လာသောအခါ . .

"ကဲ . . ညီညီ ငါတို့သွားပြီဟေ့ မင်းဖျင်းမှာမပူရပါဘူး။ ကိုဖြားကြီးက အပြောကောင်းအဆိုကောင်းကွ။ သရဲအကြောင်းတွေ သူ့ကိုပြောခိုင်းကြည့် ညအိပ်ရမှာတောင် ရင်တထိတ်ထိတ်နဲ့ဖြစ်သွားမယ်"





ပြောပြောဆိုဆို ကိုဝိုင်းနှင့် အငယ်ကောင်တို့ဆင်းသွားပြီး ထော်လာဂျီကို စက်နှိုးကာ ထွက်သွားသည်။ ကိုဖြားကြီးက ပြူးတူးပြဲတဲဖြင့် ဟိုကြည့် သည်ကြည့် ကြည့်ရင်း . .

"ဆရာနဲ့ အငယ်ကောင်တို့က ဘယ်သွားတာလဲဗျ"

ကျွန်တော်က ကိုဝိုင်းထားခဲ့သော ခွက်ကို ကိုဖြားကြီးထံထိုးပေးလိုက်ပြီး . .

"ရော့ဗျာ . . သောက်လည်းသောက်၊ စားလည်းစား ခင်ဗျားနဲ့ ကျွန်တော်နှစ်ယောက်တည်းနဲ့ စားစရာ၊ သောက်စရာတွေက တစ်ပုံကြီး"

ကိုဖြားကြီးက ဆတ်ခနဲမော့၍သောက်လိုက်ပြီး . .

"သူတို့နှစ်ယောက် ဘယ်ကိုသွားတာလဲဗျ"

"သူ့မိန်းမဆီကိုသွားတာ . ."

"ဟောဗျာ . . . သွားပါပြီ"

"ဘာ သွားပါပြီလဲဗျ။ ခင်ဗျားစကားကလည်း"

"ကျွန်တော့်ဆရာက မိန်းမနဲ့ခွဲပြီး အိပ်တတ်တာဟုတ်မှန်းသိလို့ ရွာထဲကိုလူစုအောင်သွားကတည်းက စခန်းက လူတစ်ယောက်ကို ဆရာ့ဇနီး မစိမ်းလဲ့ဆီကိုလွှတ်ပြီး သတင်းပို့ခိုင်းပြီးသား၊ ဆရာပြန်ရောက်နေပြီ။ ဒေါသတွေထွက်နေတယ်။ အမြန်ပြန်လာခဲ့ပါလို့လည်းမှာလိုက်တယ်ဗျ။

ခိုင်းလိုက်တဲ့ ကောင်လေးလည်း အဝေးပြေးလမ်းမကြီးက ကားကြုံတားပြီးစီးသွားတာဆိုတော့ အခုအချိန်လောက်ဆို မစိမ်းလဲ့တို့ မီဘအိမ်ကို ရောက်ရောပေါ့ဗျာ"

ကျွန်တော်က ပြူးတူးပြဲတဲဖြင့် ကိုဖြားကြီးကိုကြည့်ရင်း . .

"ဟာ . . ခင်ဗျားက ဘာပြုလို့ အဲဒီကိစ္စ ကိုဝိုင်းကိုမပြောရတာလဲ"

"ပြောလိုက်ရင်လည်း ခိုင်းတာမလုပ်ဘူး၊ မဆိုင်တာတွေ လျှောက်လုပ်တယ်ဆိုပြီး အဆူခံအငေါက်ခံရမှာစိုးလို့ဗျ။ နောက်ပြီး ဆရာမသိအောင် သတင်းပို့လိုက်တော့ မစိမ်းလဲ့က ကျွန်တော့်ကိုမုန့်ဖိုးကောင်းကောင်းဆုချမှာလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သက်ပြင်းချလိုက်စဉ် ကိုဖြားကြီးကထပ်ငဲ့ရင်း . .

"အင်းလေ . . တကယ်လို့ မစိမ်းလဲ့ လိုက်လာရင်လည်း လမ်းမှာ တွေ့လောက်ပါတယ်လေ"

"စိမ်းလဲ့တင်က ဒီအချိန်ကြီး ဘာနဲ့လာမှာလဲ၊ လာရောလာမှာလား"

"ဆရာပြန်ရောက်မှန်းသိရင် သူမလာဘဲမနေဘူး၊ သူ့မှာ ဆိုင်ကယ် ရှိတာပဲ။ အဲဒါနဲ့လာမှာပေါ့။ ဆရာသာ မြန်မြန်ရောက်အောင် ဆိုပြီးဖြတ်လမ်းက မမောင်းပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

"စိမ်းလဲ့တင်ကရော ဖြတ်လမ်းက မလာဘူးလား"

"ဖြတ်လမ်းက အခုလို မိုးရွာထားရင် ဆိုင်ကယ်စီးလို့မကောင်းတော့ဘူး။ ထော်လာဂျီအတွက်ကတော့ ပြဿနာမရှိဘူးလေ။ နောက်ပြီး လူလှတ်ခေါ်နိုင်းထားတဲ့ လူသာမပါရင် မစိမ်းလဲ့က ဖြတ်လမ်းကနေ လာရဲမှာ မဟုတ်ဘူး"

"ဖြတ်လမ်းကနေ ဘာမလာရဲစရာရှိလို့လဲ"

ကိုဖြားကြီးက ကြက်သားဟင်းအရည်ကို ခပ်သောက်လိုက်ပြီး ကြက်ရိုးတစ်ချောင်းကို တပွတ်ပွတ်မြည်အောင်စုပ်ကာ ဆက်တီခုံပေါ်သို့ အလိုက်သင့်မှီလိုက်ရင်း . .

"အဲဒီမှာက နာမည်ကျော်ထိန်ပင်ကြီးရှိတယ်လေဗျာ"

တစ်ဖက်သားကို သိချင်စိတ်ပေါ်လာအောင် တတိတိဖြင့် စကားကို ရပ်နား၍ပြောတတ်သော အပြောကောင်းသော ကိုဖြားကြီးကြောင့် ကျွန်တော်လည်း စိတ်ဝင်စားသွားပြီး . .

"ထိန်ပင်က ဘယ်လိုနာမည်ကြီးလို့လဲဗျ"

ကိုဖြားကြီးက တစိမ့်စိမ့်သောက်လိုက်ပြီးမှ ခွက်ကိုချကာ လေပူတစ်ချက်မှုတ်ထုတ်လိုက်ရင်း . .

"ထိန်ပင်ကြီးအကြောင်းပြောရရင် မမြစိမ်းအကြောင်းကလည်း မပြောမဖြစ် ပြောရတော့မှာပေါ့ . ."

"မမြစိမ်း ဟုတ်လား၊ အဲဒီနာမည်ကြားဖူးသလိုလိုပဲ"





"ဆရာလေးကြားဖူးတာ 'မြစိမ်းသိုက်သမိုင်း' ဖြစ်မယ်ထင်တယ်၊ တိတ်ခွေဇာတ်လမ်းခေတ်မှာ အရမ်းနာမည်ကြီးခဲ့တဲ့ ဇာတ်လမ်းလေဗျာ၊ မမြိမ်းက ဥစ္စာစောင့်၊ ကိုဘုန်းကြွယ်ကလူ သူတို့ညားကြတာ ကလေးတစ်ယောက်တောင်ရလို့ရှော"

ကိုဖြားကြီးစကားမဆုံးခင် ကျွန်တော်ကဖြတ်ပြောလိုက်သည်။

"ဟုတ်ပြီ . . မှတ်မိပြီ။ သူတို့သားလေး ကိုရင်ဝတ်နိုင်တဲ့အရွယ်မှာ ကိုဘုန်းကြွယ်က သိုက်ဆရာကိုအိမ်ပေါ်ခေါ်တင်လိုက်လို့ လင်မယားကွဲသွားတာ မဟုတ်လား"

ကိုဖြားကြီးက မျက်နှာကို ရှုံ့မဲ့ရင်း . . .

"အိမ်ပေါ်ကိုမဟုတ်ပါဘူး။ လှေပေါ်ကိုတင်လာတာပါ ဆရာလေးရဲ့ အဲဒါကြောင့် 'ကိုဘုန်းကြွယ် လူညာကြီးရယ် ××သိုက်ဆရာကို လှေပေါ် တင်လို့ခေါ်လာခဲ့တယ် ×× ' ဆိုတဲ့ သီချင်းတောင်မှ ရေပန်းစားသွားသေးတယ်လေ"

"လှေပေါ်တင်ခေါ်ရုံနဲ့ လင်မယားကွဲတယ်ဆိုတာ ဘယ်လိုမှ သဘောတူစရာမရှိဘူး။ အိမ်ပေါ်ကိုတင်မှသာ လင်မယားကွဲကိန်းရှိတာ"

"ဘယ်လိုကြောင့်လဲဗျာ။ ကျွန်တော်တော့ နားမလည်ဘူး"

"နားမလည်စရာမရှိပါဘူးဗျာ။ ဇာတ်သိမ်းခန်းမှာ သားကို ကိုရင်ဝတ်ပေးပြီး ကိုရင်လေးလို့ခေါ်ရင် ဘယ်လိုထူးမှာလဲဆိုတော့ ဒကာကြီးလို့ ထူးမယ်လေဆိုပြီး ကိုရင်လေး၊ ဒကာကြီးနဲ့ခေါ်ကြ ထူးကြတဲ့အချိန်မှာ သားအဖနှစ်ယောက်ပဲ ရှိတော့တယ်လေဗျာ။ အဲဒီအချိန်မှာ မမြစိမ်းနဲ့ သိုက်ဆရာမရှိဘူး။ အဲဒါ အိမ်ပေါ်တင်မိလို့အနေနိုးစပ်ပြီး . ."

"ဟား ဟား ဟား . . ဆရာလေးက မဟုတ်က ဟုတ်ကတွေ လျှောက်ပြောနေတယ်။ မမြစိမ်းသာကြားသွားလို့ကတော့ လည်ပင်းလာညှစ်နေဦးမယ်နော် . ."

"ခင်ဗျား စိတ်ပျော်သွားအောင် တမင်သက်သက်စတာပါဗျာ။ ကဲ ပြောစမ်းပါဦး။ ထိန်ပင်ကြီးနဲ့မမြစိမ်းအကြောင်း"

"ထိန်ပင်ကြီးနဲ့မမြစိမ်း၊ မမြစိမ်းနဲ့ထိန်ပင်ကြီး ခွဲခြားလို့မရတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြောပြရရင် စိတ်ဝင်စားဖွယ် လွမ်းဆွတ်အောက်မေ့ဖွယ်တွေ နဲ့ အတူ မြင့်မြတ်တဲ့စွန့်လွှတ်ခြင်း၊အနစ်နာခံခြင်း၊ ရဲဝံ့ခြင်းစတဲ့ စတဲ့ အကြောင်းအရာ အဖြစ်အပျက်တွေကို သလဲသီးကိုခွဲလိုက်သလို သူ့ အကန့်နဲ့သူတစ်ကန့်စီလှလှ ပပကြီးတည်ရှိတာမို့ ဆရာလေး သေသေချာချာ ဂရုစိုက်နားထောင်စေချင်တယ်ဗျာ . . . "

ဟုလွမ်းဆွတ်ဆွတ်ကြီးပြောရင်း တစ်ခွက်ငှဲ့၍သောက်လိုက်သလို အမြည်းများကို ခေါင်းမဖော်တမ်းစားနေသည်။

မိုးအေးအေးတွင် စိတ်ဝင်စားစရာဇာတ်လမ်းလေးနဲ့ အပျင်းတော့ ပြေပြီဟု ကျွန်တော်တွေးရင်း ဆက်တီခုံပေါ်တွင် သက်သောင့်သက်သာထိုင်၍ ခွက်ကိုကိုင်လျက်နားစွင့်နေလိုက်သည်။ ကိုဖြားကြီးက စကားကို မဆက်သေးဘဲ အရည်သောက်အဖတ်စားအရှိုးစုပ်ဖြင့် စိတ်တိုင်းကျအလုပ်ရှုပ်ပြီးမှ လည်ချောင်းရှင်းရင်း . .

"အဟမ်း . . အဲဒီထိန်ပင်က ကျွန်တော်တို့စခန်းရဲ့မြောက်ဘက် ပေါက်ပန်းမြို့ရွာနဲ့ ကျွန်တော်တို့စခန်းကြားက ဖြတ်လမ်းပေါ်မှာရှိတာ။ ကျွန်တော်တို့စခန်းနဲ့ပိုနီးတယ် ဟောဟိုပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရင် ကောင်းကောင်းမြင်ရတယ်"

ပြောပြောဆိုဆိုပြတင်းပေါက်ကိုသွားဖွင့်မည်လုပ်၍ ကျွန်တော်က သူ့ကိုအတင်းဆွဲရင်း . . .

"မဖွင့်နဲ့၊ မဖွင့်နဲ့ . . အဲ . . ဟို . . အပြင်မှာ မိုးတွေရွာနေတော့ အေးတယ်ဗျ"

"အင်း . . ဟုတ်ပါရဲ့ . . မိုးတွေကအုံ့မှိုင်းပြီး ရွာနေသလို၊ ညဘက် အမှောင်ကြီးထဲမှာဆိုတော့ သဲသဲကွဲကွဲမြင်ရမယ် မထင်ပါဘူး။ ကျွန်တော်က လည်း လက်တွေ့မျက်မြင်ပြပြီးမှပြောချင်လို့ တံခါးဖွင့်မယ်ကြံတာပါ၊ ဒါနဲ့ ဆရာလေး သရဲမကြောက်တတ်ပါဘူးနော် . . "

"မကြောက်တတ်ပါဘူးဗျာ ကဲ ကဲ ခင်ဗျားလည်းထိုင်၊ သောက်ဦး စားဦး"





ကိုဖြားကြီးက ပြန်ထိုင်ရင်း သောက်၊ စား၊ စုပ်ဖြင့်စိတ်တိုင်းကျ လုပ်နေသည်။ အားရမှ . .

"အင်း . . ခုနက စကားတောင် ဘယ်ရောက်သွားလဲမသိဘူး"

"ထိန်ပင်ရဲ့ တည်နေရာကလွဲလို့ ဘာမှမပြောရသေးဘူးလေဗျာ"

"ဟုတ်ပါရဲ့ ကျွန်တော်ကလည်း မေ့တတ်လိုက်တာလွန်ပါရော၊ အဲ ခုနက ပြောခဲ့တဲ့ထိန်ပင်မှာသရဲရှိတယ်။ သရဲက သရဲမ၊ သူကခြောက်ရင် လူကိုရူတ်တရက်ဝင်ဖက်တာ သူ့ကိုယ်ကြီးက အေးစက်စက်ကြီးဆိုပဲဗျ"

ဟုပြောပြီး ခေါင်းမဖော်တန်းအလုပ်ရှုပ်နေသဖြင့် ကျွန်တော့်မှာ စိတ်ရှည်ရှည်ဖြင့် စောင့်ရပြန်သည်၊ သဘောရှိသောက်စားပြီးမှ . .

"ခုနက ကျွန်တော်ပြောခဲ့သလိုပေါ့၊ အဲဒီထိန်ပင်မှာ ခြောက်တဲ့ သရဲမကို မမြစိမ်းသရဲလို့ခေါ်ကြတယ် . . "

ဟု ပြောပြီးသကာလ ထပ်မံ၍အားရပါးရစားသောက်နေပြန်သဖြင့် ကျွန်တော်က စိတ်မရှည်နိုင်တော့ဘဲ . .

"လုပ်လေဗျာ ကိုဖြားကြီး ဇာတ်လမ်းဆက်ပါဦး"

သူက ကျွန်တော့်ကိုမော့ကြည့်ရင်း . . .

"ဘာဆက်ရမှာလဲ ဆရာလေးရဲ့"

"အဲဒီသရဲကို ဘာကြောင့်မမြစိမ်းသရဲလို့ခေါ်တယ်။ သူဘယ်လို ဖြစ်ပြီးသေလို့သရဲဖြစ်သွားတယ်၊ ဘယ်လိုလုပ်ပြီး အဲဒီထိန်ပင်မှာရောက်နေ တယ်ဆိုတာ ပြောဦးမှာပေါ့"

"သူဟာသူ ဘယ်လိုသေ၊ ဘယ်လိုသရဲဖြစ်ပြီး ဘယ်လိုလုပ် ထိန်ပင်ကိုရောက်နေမှန်း ကျွန်တော်သိရအောင် ကျွန်တော်ကသရဲ လူဝင်မှု အရာရှိမှ မဟုတ်တာ၊ အဲဒီထိန်ပင်မှာ သရဲရှိတယ်။ သရဲနာမည် မမြစိမ်း ဒါပဲသိတယ်ဗျ။

ကဲ ကိုယ့်ဆရာရေ ကျွန်တော်လည်း စားလို့သောက်လို့ဝပြီ၊ အိပ်လည်းအိပ်ချင်ပြီမို့ သွားတော့မယ်၊ ကျွန်တော့်အိမ်ပြန်ရင်း မီးစက်ကို ပိတ်ခဲ့မယ်။ ဆရာလေးနောက်က အင်တာတာနဲ့တွဲထားတဲ့ နှစ်ပေမီးချောင်း ကို ဖွင့်ထားလိုက်တော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြောဆိုဆိုအိမ်ပေါ်မှ ဆင်းသွားသဖြင့် ကြည်နူးဆုတ်ပျံ့အောက်မေ့တသဖွယ်ရာ သရဲဇာတ်လမ်းကြီးကို အဟုတ်မှတ်၍ နားထောင်မိခဲ့သော ကျွန်တော်တစ်ယောက် သလဲသီးကိုခွဲလိုက်သကဲ့သို့ တစ်ကန့်စီတစ်ကန့်စီဖြစ်အောင် သောက်စားဝါးမျိုသွားခဲ့သော ကိုဖြားကြီးချန်ထားခဲ့သည့် အရိုးပုံများကိုကြည့်ရင်း ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ရတော့သည်။

မီးစက်သံရပ်သွားတဲ့အချိန်မှာ ကျွန်တော်လည်း ဖိုးခွက်ပန်းကန်ခွက်တွေ ကိုဖုံးအုပ်ပြီး အိပ်ခန်းအတွင်းသို့ဝင်ခဲ့သည်၊ ဧည့်ခန်းအတွင်းရှိ နှမ်ပေမီးချောင်း၏ အလင်းရောင်က မျက်နှာကြက်မရှိသော အိပ်ခန်းအတွင်းသို့ ခေါင်မိုးမှတစ်ဆင့်ရောင်ပြန်ဟပ်၍ ခပ်မှိန်မှိန်လင်းနေသည်။

ထိုအလင်းရောင်ဖြင့် နှစ်ယောက်အိပ်ခုတင်ဆီသို့သွား၍ ခြင်ထောင်ကြီးကိုချပြီး အိပ်ရာပေါ်လှဲ၍ ခေါင်းကိုခေါင်းအုံးပေါ်တင်လိုက်သည်နှင့် တစ်နေကုန်ခရီးပန်းလာသည့် ဒဏ်၊ ယစ်ရွှေရည်၏အာနိသင်တို့ကြောင့် တစ်ခါတည်းအိပ်ပျော်သွားလေတော့သည်။

နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော ကျွန်တော်တစ်ယောက် အိပ်မှုန်စုံမွှားဖြင့် နိုးလာရသောအကြောင်းက အေးစက်စက်အတွေ့အထိနှင့်အတူ ကျွန်တော့်မျက်နှာပြင်ပေါ်တွင် နွေးခနဲ၊ နွေးခနဲ ထိတွေ့နေသော အသက်ရှူထုတ်နေသည့် လေကြောင့်ဖြစ်သည်။

ကျိန်းစပ်နေသော မျက်လုံးအစုံကို အတင်းဖြဲပြီး ဖွင့်ကြည့်လိုက်တော့ မြင်ရသည့်မြင်ကွင်းကြောင့် ကျွန်တော့်ရင်ခုန်သံများ တဒုန်းဒုန်း . . မြည်ဟိန်းလာသည်၊

မှောင်ရီဝိုးတဝါးအလင်းကြားမှာပင် အသည်းထိတ်ဖွယ် မြင်တွေ့နေရသည်က ကျွန်တော့်ခြင်ထောင်အတွင်းသို့ ကိုယ်တစ်ပိုင်းဝင်နေသော မိန်းမတစ်ယောက်။

ထိုမိန်းမက ကိုယ်ကိုကိုင်းညွတ်၍ ကျွန်တော့်မျက်နှာ အပေါ်ကိုမိုးထားသောကြောင့် ရှည်လျား၍ အေးစက်သောဆံပင်များက ကျွန်တော့်ဘယ်ဘက်ပခုံးကိုထိနေသည်၊ သူမ၏ ရှူသွင်း၊ ရှူထုတ်လုပ်နေသော လေက





ကျွန်တော့်မျက်နှာပေါ်သို့ နွေးခနဲ . . နွေးခနဲ . . အေးစက်သော သူမ၏ညာဘက်လက်က ကျွန်တော့်ရင်ဘတ်ပေါ်ရောက်နေပြီး သူမ၏ ဘယ်ဘက်လက်က ကျွန်တော်၏ဘယ်လက်မောင်းကိုကိုင်ထား သည်၊

ပက်လက်အိပ်နေသော ကျွန်တော်၏ခေါင်းရင်းဘက်မှနေ၍ သူမက ကျွန်တော့်ကိုအုပ်မိုးကာ သိုင်းဖက်ထားခြင်းဖြစ်၍ ကြောက်ရွံ့စိတ်က ငယ်ထိပ်အထိတက်လာပြီး အသက်ရှူမဝတော့ဘဲ ဇောချွေးတွေပြန်လာသည်၊

အေးစက်သည့်အတွေ့အထိကလည်း အားငယ်စိတ်ကိုတွန်းအားပေး၍ ရင်ကိုတဒုန်းဒုန်းခုန်စေသည်။ လည်ချောင်းများ ခြောက်ကပ်ကာလှုမှာလည်း အားငယ်စိတ်ကြော ်စိတ်တို့ဖြင့် တစ်ကိုယ်လုံးလှုပ်မရတော့ဘဲ ခြောက်သွေ့နေသောပါးစပ်မှသာလျှင် မပီဝိုးတဝါးဖြင့် စကားတစ်ခွန်းက တုန်တုန်လှုပ်လှုပ်ထွက်သွားသည်၊

"ဘယ် . . ဘယ် . . သူလဲ . ."

ကျွန်တော့်စကားအဆုံး ထိုမိန်းမ၏ ခေါင်းကြီးသည်ပို၍ငုံ့လာပြီး တုန်ရီသောအသံကြီးဖြင့် . . .

"စိမ်း . . ပါ . . မောင်ရဲ့"

ဟုခြောက်ကပ်စွာပြောလိုက်သည်နှင့် တစ်ပြိုင်တည်း ထိန်ပင်သရဲမမြစိမ်းဖြစ်ကြောင်း ဘွားဘွားကြီးသိရှိသွားပြီး သကာလ ကျွန်တော်၏နှလုံးသည် ရင်ဘတ်ကိုဖောက်ထွက်မတတ်ခုန်သွားပြီး . .

"မြစိမ်း . . သ . . ရဲ . . ပါ . . ဗျို့ . ."

ဟု ငယ်သံပါအောင် အော်ဟစ်လိုက်ပြီးနောက် ကျွန်တော်တစ်ယောက် နက်ရှိုင်းသော အမှောင်ထုထဲသို့ တရွေ့ရွေ့တိုးဝင်သွားလေတော့သည်၊

ကျွန်တော်သတိပြန်လည်ရလာချိန်တွင် တစ်အိမ်လုံးမီးတွေထိန်နေသည်။ ကျွန်တော်ကတော့ ခုတင်ပေါ်မှာပဲရှိပါသေးသည်၊ သို့ပါသော်လည်း ခုတင်ဘေးတွင် ကိုဖြားကြီး၊ အငယ်ကောင်နှင့် လူငယ်တစ်ယောက်ကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . လေး . . ဆရာလေး . . သတိရလာပြီလား . ."

ဟု ကိုဖြားကြီးတ မေးလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့် ဝါးမြင်ပေါ်သို့ မျက်ရည်များစီးကျလာပြီး ကျွန်တော်က လူးလဲထတာ ကိုဖြား၏ လက်ကိုဆုပ်ကိုင်ရင်း . .

"ကို . . ကိုဖြားကြီး . . မြ . . မြစိမ်းသရဲမ . . မြစိမ်းသရဲမ . ."

"ရော့ ရော့ ဆရာလေး ရေသောက်လိုက်ဦး . ."

အငယ်ကောင်ကမ်းပေးသော ရေခွက်ကိုယူ၍ အငမ်းမရသောက်လိုက်ပြီးနောက် အသက်တိုမှန်မှန်ရှူရင်း . .

"ကို . . ကိုဖြားကြီး ခင်ဗျားပြောတဲ့ မြစိမ်းသရဲမ . . ခြင် . . ခြင်ထောင်ထဲအထိ . . ဝင် ဝင်လာပြီး . . ကျွန်တော့်ကို . . ."

သူတို့သုံးယောက် ဟာ . . ခနဲဖြစ်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တအံ့တသြဖြစ်နေကြသည်။

"ဟုတ်တယ် . . မြစိမ်းသရဲမ . . အဲဒါကြောင့် အကြောက်လွန်ပြီး ကျွန်တော် . . ကျွန်တော်မေ့သွားတာ . . ဒါနဲ့ . . ဒါနဲ့ . . ကိုဝိုင်းရော ပြန်မလာသေးဘူးလား . . အငယ်ကောင် . . မင်းပြန်ရောက်ပြီဆိုတော့ ကိုဝိုင်းရော . ."

ကိုဖြားကြီးက ခေါင်းလေးတညိတ်ညိတ်လုပ်ရင်း . .

"စိတ်အေးအေးထား ဆရာလေး၊ အကြောင်းစုံကိုရှင်းပြမယ်။ အငယ်ကောင် မင်းနဲ့ဆရာတို့ထော်လာဂျီနဲ့ထွက်သွားတော့ ငါနဲ့ဟောဒီက ဆရာနဲ့သောက်ရင်းစားရင်း ဟိုဖြတ်လမ်းကထိန်ပင်ကြီးမှာ ခြောက်တဲ့သရဲ မမြစိမ်းအကြောင်းကိုပြောပြီး ငါလည်း အိပ်ချင်တာနဲ့ပြန်အိပ်တာပဲ။ ကဲ အငယ်ကောင် မင်းပြောစမ်း . ."

"အဲ . . ကျွန်တော်တို့ဆရာတပည့်နှစ်ယောက် ဖြတ်လမ်းကနေ လမ်းမကြီးပေါ်ကိုပြန်တက်နေတဲ့အချိန်မှာ ဆိုင်ကယ်တစ်စီးက အရှိန်နဲ့ လမ်းမကြီးပေါ်ကနေဖြတ်ပြီး မောင်းသွားတယ်။ ဆိုင်ကယ်ရဲ့ နောက်မီးက ဖျတ်တတ်၊ ဖျတ်တတ်နဲ့အပြာရောင် မီးသေးသေးလေးတွေ လင်းနေတာမြင်





လိုက်ရလို့ အဲဒီဆိုင်ကယ်ဟာ ဆရာ့ဇနီးရဲ့ဆိုင်ကယ်မှန်းသိလိုက်ရတယ်၊ အဲဒီ မီးအပြာတွေကို ဆရာကိုယ်တိုင်တပ်ထားတာလေ"

"အဲဒါနဲ့ ကျွန်တော်တို့ကလည်း လမ်းမကြီးအတိုင်းမြန်တွေဖြီး ဆိုင်ကယ်နောက်ကိုလိုက်တယ်၊ ဒါပေမယ့် ထော်လာဂျီက ဆိုင်တယ်တို ဘယ်လိုလုပ်ပြီးမှီအောင်လိုက်နိုင်မလဲဗျာ၊ နောက်ဆုံး ဆိုင်ကယ်ရဲ့ နောက်ဘက်က မီးရောင်ပျောက်သွားတဲ့အထိ နောက်မှာပြတ်ပြီး ကျန်နေခဲ့တာပေါ့။ ကဲ . . . ပါလေပု . . . မင်းအလှည့်"

ပါလေပုဆိုသော လူငယ်လေးကခေါင်းညိတ်ရင်း . . .

"ကိုဖြားကြီးပြောလို့ လိုင်းကားကိုတားစီးပြီး ဆရာ့ဇနီးကိုသတင်းသွားပို့တာ၊ လိုင်းကားစောင့်စီးရတော့ နည်းနည်းကြာတာပေါ့၊ ဟိုရောက်ရောက်ခြင်း ဆရာ့ဇနီးက ဆိုင်ကယ်နဲ့ပြန်မယ်ဆိုပြီးပြောတာနဲ့ မိုးရွာကြီးထဲမှာ နှစ်ယောက်စီးပြီးပြန်လာတာ စခန်းပြန်ရောက်တော့ ခြံတံခါးကြီးက ပိတ်ထားတယ်၊

ဒါပေမယ့် သော့ခတ်မထားလို့ ကျွန်တော်တံခါးကြီးကို မဖြီး ဖွင့်နေတုန်း ဆရာ့ဇနီးက ဆိုင်ကယ်ကိုစီးပြီး သူ့အိမ်ကိုသွားရင်းတံခါး သော့ခတ်လိုက်ဆိုတာနဲ့ ကိုဖြားကြီးကိုနှိုးပြီး သော့တောင်းတာ တော်တော်နဲ့ နှိုးလို့မရဘူး။ ကိုဖြားကြီးနိုးလာတော့ သော့ယူပြီး တံခါးပိတ်ဖို့အသွား ထော်လာဂျီတစ်စီးရောက်လာတယ်၊ အဲဒီအပေါ်မှာ ဆရာနဲ့အငယ်ကောင် တို့ပါလာလို့ ကျွန်တော်လည်း တအံ့တသြနဲ့ တံခါးကိုထော်လာဂျီဝင်လို့ရအောင် ပြန်ဖွင့်နေတုန်း . ."

"မြစိမ်းသရဲပါဗျို့ ဆိုတဲ့ ငယ်သံပါအောင် အော်လိုက်တဲ့ အသံနက်ကြီးနဲ့အတူ လူကြီး . . လူကြီး . . ဆိုပြီး ဆရာ့ဇနီးလည်း ငယ်သံပါအောင် အော်ပြီး အိမ်ထဲကပြေးထွက်လာတာပဲဗျို့"

မြစိမ်းသရဲမ၏ ဖြစ်ရပ်မှန်က ရုပ်လုံးကြွလာသဖြင့် ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်သွားသည်၊ ကိုဖြားကြီး သက်ပြင်းကိုချရင်း . .

"အိမ်ထဲက ပြေးထွက်လာတဲ့ မစိမ်းလဲ့က ဆရာ့ကိုလည်းတွေ့ရော ခုတင်ပေါ်မှာ မောင်မဟုတ်ဘူး . . ခုတင်ပေါ်မှာ မောင်မဟုတ်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ရင်း ဆရာ့ကို တဖုံးအုံး ထုနေချိန်မှာ ကျွန်တော်တို့က အိမ်ပေါ် တက်ကြည့်တော့ အိပ်ရာပေါ်မှာ သတိလစ်ပြီး ကားယားကြီးလဲနေတဲ့ ဆရာလေးကိုတွေ့တာနဲ့ နှိပ်ဟယ်၊ နင်းဟယ် ဝိုင်းလုပ်ကြမှ ဟင်း . . ဆိုပြီး ဆရာလေးသတိပြန်လည်လာတာ"

"သတိပြန်လည်တာတောင်မှ အသက်မှန်မှန်ရှူရင်း မှိန်းနေလို့ ကျွန်တော်တို့လည်း ထိုင်စောင့်နေကြတာ၊ ဆရာလေး ဘာမှမဖြစ်မှန်းလည်း သိရော ဆရာက သူ့ဇနီးကို သူ့ယောက်ျာမအိမ်ပို့အောင်သွားလေရဲ့ . ."

အင်း . . ခုတင်ပေါ်မှာ အိပ်နေတဲ့ ဆရာလေးကိုအမှောင်ထဲမှာ ဆိုတော့ ဆရာ့ဇနီးမစိမ်းလို့တ သူ့ယောကျ်ားထင်ပြီး စိတ်ဆိုးနေတာပြေအောင် ချော့ဖို့လုပ်တာနဲ့တူပါရဲ့၊ အဲဒါကို ဆရာလေးက သရဲမှတ်လို့ ကုန်းအော်တာကိုး"

"အော်မှာပေါ့ဗျ သူ့တစ်ကိုယ်လုံးက အေးစက်နေတာကိုး"

"မိုးရွာကြီးထဲ ဆိုင်ကယ်စီးလာတာပဲ ဆရာလေးရယ်၊ မအေးပဲ နေပါ့မလား၊ နောက်ပြီး ဆရာလေးက ဘာလို့ မြစိမ်းသရဲမလို့အော်ရတာလဲ၊ ကျုပ်ပြောတဲ့ မြစိမ်းသရဲကိုစွဲနေလို့လား"

"ကျွန်တော်က ကြောက်ကြောက်နဲ့ ဘယ်သူလဲလို့ မေးသေးတာ သူက စိမ်းပါ မောင်ရဲ့လို့ပြောတာကိုးဗျ"

သူတို့အားလုံး တဝါးဝါး တဟားဟားရယ်ရင်း . .

"ဆရာတို့ဇနီးမောင်နှံက တစ်ယောက်နဲ့တစ်ယောက် စိမ်းရေ မောင်ရေ မောင်ရေ စိမ်းရေနဲ့ ခေါ်ကြပြောကြနဲ့ သိပ်ချစ်ကြတဲ့စုံတွဲဗျ ဟား ဟား ဟား"

"အေးလေကွာ ခုတင်ပေါ်က လူကိုကိုယ့်ယောကျ်ားမှတ်ပြီး .တစိမ်း ယောကျ်ားကြီးဖြစ်နေတော့ မစိမ်းလည်း ကြောက်လန့်ပြီး လူကြီး လူကြီးနဲ့ အော်ပြေးလိုက်တာများ ဟား ဟား ဟား"

"ကြောက်ရုံတင်မကဘူး၊ ရှက်လည်း ရှက်သွားတာကွ အဲဒါကြောင့် ဆရာ့ရင်ဘတ်ကို တအုံးအုံးထုရင်း ခုတင်ပေါ်မှာ မောင် မဟုတ်ဘူးလို့ အော်နေတာကိုးကွ ဟား ဟား ဟား"





ဖြစ်ပုံပျက်ပုံအလုံးစုံကို ကွက်ကွက်ကွင်းကွင်းရှင်းလင်းစွာမြင့် သဘောပေါက်သွားသော ကျွန်တော်တ တဟား ဟားရယ်ရင်း . .

"ခင်ဗျားတို့ဆရာဇနီးမောင်နှံတ အဲဒီလောက်အထိချစ်ကြတယ် ဆိုရင် ရှက်လွန်းလို့လူသိခံမှာမဟုတ်ဘူးနော်၊ ခင်ဗျားတို့သုံးယောက်ကြောင့် ဒီပြင်လူတွေသိသွားရင် ခင်ဗျားတို့သုံးယောက် အလုပ်ပြုတ်ခံနေရမယ်၊ အဲဒီ ကိစ္စလူမသိစေနဲ့ ဟား ဟား ဟား ဟား. . ."

www.burmeseclassic.com

www.burmeseclassic.com

## မသေဘူးလို့ပြင်းတဲ့လူသေ

မနက်စောစော ကိုဝိုင်းရောက်လာသည်၊ သူက စားပွဲတစ်ခွန်းမှ မပြောဘဲ သူပါဆယ်ယူလာခဲ့သော မုန့်ဟင်းခါးနှင့် လက်ဖက်ရည်တို့ကို ခွက်တွေ၊ ပန်းကန်တွေထဲထည့်၍ ပြင်ဆင်ပေးသဖြင့် ကျွန်တော်က မုန့်ဟင်းခါးကိုစားနေစဉ် ကိုဝိုင်းက မအီမလည်သော သူ့မျက်နှာကြီးကို တတ်နိုင်သမျှ ရှုံ့မဲ့ရင်း . .

"မိန်းမကို စိတ်ဆိုးချင်ယောင်ဆောင်ပြီး သူ့ရဲ့ အချော့အမြှူခံမလို့ စိတ်ကူးထားတာ အခုတော့ မင်းကြောင့်ခဲလေသမျှ သဲရေကျပြီး တစ်ညလုံး ခြေဆုပ်လက်နယ်ပြုရင်း သင်းတို တောင်းပန်တိုးလျှိုးလိုက်ရတာ အိပ်ရေး တောင်မဝဘူး"

"ဘာ ငါ့ကြောင့်လဲ၊ ငါဟာငါ အိပ်နေတဲ့ကိစ္စ ပြဿနာက ခြင်ထောင်ထဲအထိဝင်လာတာကို သိရဲ့သားနဲ့ မင်းရဲ့ဆုံးမသွန်သင်မှုညံ့လို့ ဖြစ်တာ"





"မင်းဟာမင်း . . မူးကြောင်ရူးကြောင်နဲ့ မြစိမ်းသရဲပါဖို့လို့ ငယ်သံပါအောင်ထအော်လို့ ဖြစ်ရတဲ့ကိစ္စ ငါ့တို့ဆွဲမထည့်နဲ့"

"အောင်မယ် . . ခြင်ထောင်ထဲအထိဝင်လာပြီး ငါ့ရဲ့ယောက်ျား ကြွေကိုဖျက်ယွင်းအောင် လတ်ရောက်မှုတွေ ကျူးလွန်သွားတဲ့ မင်းမိန်းမကို ပြော ငါ့လာမပြောနဲ့ . ."

"ဟ . . ဒါကတော့ မှောင်ကြီးမည်းကြီးထဲမှာ မမြင်မစမ်းနဲ့ ခုတင်ပေါ်မှာအိပ်နေတာ ငါထင်လို့ပေါ့ကွ"

"တော်တော့ ကိုဝိုင်း . . ခုတင်ပေါ်ကဟာ ငါ့ဟာဆိုပြီးဖြစ်ခဲ့တဲ့ ပြဿနာမှာ အစကလက်သည်က မင်း၊ မင်းဟာမင်းရက်ချိန်းစေ့အောင်မနေဘဲ စောပြန်လာခဲ့လို့ဖြစ်တာ ငါ့ကိုလာပြီး အပြစ်တင်မနေနဲ့ငါက ငယ်သံပါ အောင် အော်လိုက်တော့ မင်းမိန်းမကကြောက်ကြောက်လန့်လန့်နဲ့ငါ လည်ပင်းကို ညှစ်ရုံတင်မကဘူး၊ ငါ့ကိုကုတ်ဆွဲသွားလို့ ဒီမှာကြည့် ငါ လည်ပင်းမှာ အစင်းရာကြီးတွေမြင်လား ငါ့မှာရှက်လို့ဘယ်သူ့ကိုမှမပြရဲဘူး"

ကျွန်တော့်လည်ပင်းမှ အနီစင်းများကိုကြည့်ပြီး ကိုဝိုင်းတခွိခွိရယ်ရင်း . .

"ဟိုတစ်ယောက်လည်း မင်းနဖူးကို နမ်းမိလို့ဆိုပြီး တစ်ညလုံး မျက်နှာတွေသစ်၊ သွားတွေတိုက်လုပ်နေလို့ငါ့မှာ မနည်းကိုတားယူရတယ် ဟီး ဟီး ဟီး မင်းနဲ့မိတ်ဆက်ပေးချင်လို့ ဒီကိုခဏလိုက်ခဲ့ပါလို့ခေါ်တာ တောင် ရှက်လို့မလိုက်ရဲဘူးတဲ့ ဟီး ဟီး ဟီး၊ ကဲ အဲဒါအသာထားဦး၊ မင်းကိုငါ အကူအညီ တစ်ခုတောင်းမလို့၊ မဖြစ်မနေ မင်းပေးမှဖြစ်မယ်"

ကုန်သွားသော မုန့်ဟင်းခါးပန်းကန်ကိုဘေးသို့တွန်း၍ လက်ဖက်ရည် ပန်းကန်ကိုဆွဲယူရင်း . .

"ဘာခိုင်းချင်တာလဲဆိုတာသာ ပြောစမ်းပါကွာ"

"ငါ့ယောက်ဖ ဒီစခန်းမှာ မရှိတာက မိန်းမခိုးသွားလို့ကွ၊ သူခိုးသွားတဲ့ မိန်းကလေးရဲ့မိဘတွေက တကယ့်ဒိတ်ဒိတ်ကျဲတွေ ပြီးတော့ ငါ့မိန်းမ တို့အမျိုးတွေနဲ့ လုံးဝမတည့်တဲ့ ရန်ဘက်တွေဖြစ်နေလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ ရိုမီယိုနဲ့ ဂျူလီယက်ဇာတ်လမ်းတွေ၊ ပြောစမ်းပါဦး။ ဒီကိစ္စက ငါနဲ့ ဘယ်လိုပတ်သတ်ပြန်သလဲ"

"အဲဒီနှစ်ဖက်အမျိုးတွေကြားထဲမှာ ကြားဝင်ပြီး ရင်ကြားစေ့ပေးဖို့က ငါတစ်ယောက်ပဲရှိတယ်လေကွာ၊ အဲဒါကြောင့် ကောင်မလေးမိဘတွေကိုငါသွားပြီး ဖျောင်းဖျရမယ်၊ ပြီးရင် ဟိုနှစ်ယောက်ကို လိုက်ရှာပြီးညှိနှိုင်းရမှာတွေကြောင့် ဒီစခန်းကို ငါတစ်ပတ်လောက်ပြန်ကပ်နိုင်မှာ မဟုတ်ဘူး"

"မင်းမရှိဘဲနဲ့ ငါတဒီစခန်းမှာ ထိုင်ပြီး ဘာလုပ်ရမှာလဲဟ"

"မင်းက ဘာမှလုပ်စရာမလိုပါဘူး၊ သူတို့တွေလုပ်ရမယ့် အလုပ်သူတို့သိပါတယ်၊ ဥပမာကွာ ဘယ်အကွက်ကို ဘယ်နေ့က သူတို့တွေထွန်တယ်၊ ဘယ်သူတွေပါတယ်၊ ဘယ်လောက်ပြီးတယ်ဆိုတာ သူတို့ပြောရင် မင်းကစာရင်းမှတ်ပြီး သူတို့ကိုလက်မှတ်ထိုးခိုင်း၊ မြေဆီဘယ်နှအိတ်ယူတယ်၊ စက်သုံးဆီဘယ်လောက်ယူတယ်ကအစ သူတို့မင်းလာပြောရင်မှတ်ထားလိုက်ရုံပဲ"

"ဂိုဒေါင်မှူးနဲ့စာရင်းကိုင်တွေ ဘယ်သွားလို့လဲ၊ ဒါသူတို့လုပ်ရမယ့်အလုပ်လေကွာ"

"အဲဒီအလုပ်ကို ငါ့မိန်းမနဲ့ ငါ့ယောက်ဖပဲလုပ်တာ၊ သူတို့မရှိလို့ မင်းကိုအကူအညီတောင်းနေတာပေါ့ကွ၊ တစ်ပတ်တည်းပါကွာ။ ကူညီစမ်းပါ၊ ဒီစခန်းနဲ့ပတ်သက်ပြီး မင်းမှာ ဘာအခက်အခဲမှမရှိပါဘူး၊ တကယ်လို့ ငါကိုယ်တိုင်စခန်းကို ပြန်လာပြီး ဖြေရှင်းရမယ့်ကိစ္စမျိုးဆိုရင် သေသေချာချာစာရေးပြီး ကိုပြားကြီးကနေ တစ်ဆင့်ပေးခိုင်းလိုက်၊ ပါးစပ်နဲ့မှာရင် တလွဲတွေလုပ်တတ်လွန်းလို့ စာရေးပေးခိုင်းတာနော် ကဲ ဒါပဲ"

"ဟ . . ဒါပဲ မလုပ်နဲ့ဦး"

"မင်းစားဖို့သောက်ဖို့လား၊ ပူမနေနဲ့ ကိုပြားကြီးနေ့တိုင်းလာပို့လိမ့်မယ်၊ မီးဖိုထဲမှာ ခေါက်ဆွဲခြောက်ထုပ်၊ ကော်ဖီမစ်ထုပ်တွေအပြည့်ရှိတယ်၊ မင်းအကြိုက်တွေလည်း အလိုက်တသိ ငါယူလာခဲ့တယ်။ ဆိုင်ကယ်ရှေ့ခြင်းထဲမှာပါပြီးသား "

"ငါက အဲဒါကိုပြောနေတာမဟုတ်ဘူး၊ မင်းဆီမှာ တစ်ရက်၊





နှစ်ရက်ပဲနေမယ်လို့ မိန်းမကိုပြောခဲ့တာကွ၊ အခုတစ်ပတ်ကြီးတောင်နေရမှာဆိုတော့ သူ့ကိုလှမ်းအကြောင်းကြားမှဖြစ်မယ်"

"စာရေးပြီး ကိုပြားကြီးကိုပေးထားလိုက်၊ မင်းတို့ထမင်းဆိုင်ကိုဖြတ်သွားမယ့်လိုင်းကားနဲ့ သူထည့်ပေးလိမ့်မယ်၊ ပူမနေနဲ့၊ ငါလည်းသူ့ကိုမှာထားလိုက်မယ်"

ပြောပြောဆိုဆိုဖြင့် ကိုဝိုင်း တစ်ယောက်ထွက်သွားသည်။ ကျွန်တော်ကတော့ စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချမိသည်၊ ကိုဝိုင်း၏ မြေလွတ်မြေရိုင်းစိုက်ပျိုးရေးစခန်းက အကျယ်ကြီးကျယ်ရတဲ့အထဲ အလုပ်သမားအိမ်လေးတွေကလည်းနှစ်အိမ်၊သုံးအိမ်တစ်စုဖြင့် လုပ်ငန်းလိုအပ်ချက်အရ ပြန့်ကျဲနေသည်၊ ကျွန်တော့်မျက်လုံးတစ်စုံတည်းဖြင့် လုပ်ငန်းထောင့်စေ့အောင် ဘယ်လိုမှုမကြည့်နိုင်၍ သက်ပြင်းမောကြီးကို အကြိမ်ကြိမ်ချမိခြင်းဖြစ်သည်၊

နောက်ဆုံးတော့ သူ့စခန်းသူမနှမြောလို့ ငါ့လက်ထဲထိုးအပ်ပစ်ခဲ့တာပဲ၊ ဖြစ်ချင်တာဖြစ်ကွာလို့ စိတ်ကိုဒုန်းဒုန်းချထားလိုက်ရတော့သည်။

နေ့လယ်ကိုပြားကြီးထမင်းလာပို့ချိန်အထိ လုပ်ငန်းနှင့် ပတ်သက်၍ မည်သူမျှသတင်းလာမပို့သောကြောင့် ကိုပြားကြီးကိုမေးကြည့်တော့ . .

"ဟာ . . ဆရာလေးကလည်း တွေးပူနေပြန်ပါပြီ။ ကျွန်တော်တို့ဆရာ မနက်ဖြန်ညနေမှပြန်ရောက်မယ်ထင်ကြလို့ မနက်ဖြန်နေ့လယ်လောက်မှ လူစုံကြမှာ နောက်ပြီး ကြံခိုင်ရေးသွားလုပ်နေတဲ့ လယ်ထွန်စက်တွေကလည်း ဒီနေ့ညနေဒါမှမဟုတ် မနက်ဖြန်နေ့လယ်လောက်မှပြန်ရောက်မှာဆိုတော့မနက်ဖြန်နေ့လယ်အထိကိုယ့်ဆရာအေးအေးသာနေဗျာ"

ဟူသောအဖြေကြောင့် အေးဆေးစွာနေမည်ဟု စိတ်ကူးလိုက်သော်လည်း အိမ်ကဟာမကြီး၏မျက်နှာက တရစ်ဝဲဝဲပေါ်လာသဖြင့် . . .

"ကဲ ကိုပြားကြီးရေ အချိန်ရတုန်း အိမ်ကမဟေသီ ရှေ့စိတ်တော်မငြိုငြင်ရအောင် ကျွန်တော်တစ်ယောက် ဟောသည့်စခန်းမှာသောင်တင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြာတော်မူမည့်အကြောင်းကို ရွှေပေလွှာရေးသားဆက်သွင်းချင်တာကြောင့် အဝေးပြေးအမြန်ယာဉ်နဲ့ ကျွန်တော့်စာကို ကမ်းလင့်ပေးပါဗျာ"

လို့ စာသံပေသံဖြင့်ပြောရင်း အမျက်ဖြေအလက်ာကြီးကို လက်ဝဲသုန္ဒရ၏စံချိန်စံညွှန်းနှင့်အညီရေးသားဆက်သွင်းရန် ကြိုးစားပါသော်လည်း ရေးလေ့ရေးထမရှိသည့်အပြင် ဉာဏ်ရွှင်အောင်လည်းမသုံးဆောင်ရသေးသဖြင့် စာအိတ်ပေါ်မှလိပ်စာကလွဲ၍ကျန်သည့်စာမှန်သမျှ တစ်ကြောင်းမျှ စိတ်တိုင်းမကျ၊ အားမရသောကြောင့် စာရေးခြင်းအလုပ်ကို တန်းဖြုတ်ပြီး သကာလ ကိုဗြားကြီးကိုလည်း 'နောတ်မှဗျာ'လို့ ပင်္ဂိုသန္တာရစကားဖြင့် နှုတ်ဆက်ကာ နှစ်ယောက်ထိုင်ဆက်တီခုံပေါ်တွင် လဲလျောင်းရင်း ထမင်းလုံးစီနေလိုက်တော့သည်။

ထမင်းလုံးစီရင်းမှေးမှေး၊ မှေးမှေးဖြင့် အိပ်ပျော်သွားလိုက်သည်မှာ မည်မျှကြာသွားသည်မသိ။ ပြူးပြူးပြာပြာဖြင့် ကိုဗြားကြီးတစ်ယောက်လာနှိုးသဖြင့် ကျွန်တော်နိုးသွားတော့ ညနေတောင်စောင်းနေပေပြီ။ အိပ်မှုံမွှားတူးဖြစ်နေသေးသော ကျွန်တော့်ကို ကိုင်လှုပ်ရင်း ကိုဗြားကြီးက ငိုကြီးချက်မဖြင့်

"အငယ်ကောင် . . အငယ်ကောင် . . ညီညီ . . မြွေ . . မြွေကိုက်လို့"

ကျွန်တော်မျက်လုံးပြူးကျယ်သွားပြီး . . .

"ဘယ်တုန်းကလဲ"

"ဘယ်တုန်းတလဲတော့မသိဘူး။ ကန်သင်းရိုးမှာလဲနေတာ။ ပေါင်မှာလည်း သူ့ပုဆိုးကိုဖြဲပြီးချည်ထားတယ်၊ ခြေထောက်မှာလည်း မြွေကိုက်ထားတဲ့ ဒဏ်ရာနဲ့ မြွေကမြွေပွေး သူသတ်ထားလို့သေနေပြီ"

"ဆေး . . ဆေးရုံပို့လေကွာ"

"ဆေးရုံကို ပို့ဖို့ထော်လာဂျီနဲ့သွားတင်နေပြီ ဆရာလေး . . ဒါ . . ဒါပေမယ့် အငယ်ကောင်က သေနေပြီဗျ"

"ဟေ . . ဒါ . . ဒါဆိုဘယ်လိုလုပ်မလဲ . . "

"ဆေးရုံကိုတော့ ပို့ရမှာပဲ၊ ဟိုရောက်မှ ရဲတွေ၊ ဆရာဝန်တွေနဲ့ သေမှုသေခင်းလုပ်ရဦးမယ်လေဗျာ"





"အဲဒါဆို ဆေးရုံကို ကျွန်တော်လိုက်ခဲ့ရမလား"

"ဆရာလေးလိုက်လို့ ဘာမှထူးမှာမဟုတ်ပါဘူး။ ဒီကိစ္စက ဆရာတိုဝိုင်းကိုယ်တိုင်လုပ်မှဖြစ်မှာ ဟော . . ဟိုမှာထော်လာဂျီလာနေပြီ၊ ကျွန်တော်လိုက်သွားပြီး ဆရာကိုဝိုင်းနဲ့ ဆက်သွယ်လိုက်မယ်"

"အဲဒါဆိုနေဦး ခဏလေး . . . "

ကျွန်တော်က မြွေကိုက်လို့လူသေသည့်တိစ္စကို အလျင်အမြန်ရေး၍ စာအိတ်ထဲထည့်ကာ ကိုဗြားကြီးကိုပေးလိုက်သည်။ ကိုဝိုင်းခိုင်းထားသည့်အတိုင်းတာဝန်ကျေကျေဖြင့် ကျွန်တော်တတ်နိုင်သမျှလုပ်ပေးလိုက်ခြင်းဖြစ်သည်။ ကိုဗြားကြီးက စာကိုယူ၍ ကျွန်တော့်ကိုတွေတွေကြီးကြည့်ပြီးနောက် ထော်လာဂျီရှိရာသို့အပြေးသွားလေတော့သည်။

ဖုန်တထောင်းထောင်းနှင့်ထွက်သွားသော ထော်လာဂျီကိုကြည့်ရင်း ကျွန်တော်ကျန်နေခဲ့သည်။ ကွေးသောလက်မဆန့်ခင်၊ ဆန့်သောလက်မကွေးခင်၊ နေ့မြင်ညပျောက်၊ အမှည့်တဝင်းဝင်း သီးကင်းတဖြုတ်ဖြုတ်ဟူသောစကားများက အလကားထားခဲ့တာမဟုတ်ကြောင်း ယခုတော့တောင်းကောင်းကြီးသိပေပြီ။ မနေ့ညနေကမှ မြင်ခဲ့တွေ့ခဲ့သူ၊ မနေ့ညကမှ သူ၏လက်ရာ ခွေးတောက်ရွက်နှင့်ကြက်သားကာလသားဟင်းကို စားခွင့်ကြုံပြီး မမြစိမ်းအရေးအခင်းနှင့်မှ ခင်မင်ရင်းနှီးခဲ့ရသော အငယ်ကောင်ဟုခေါ်သည့် ညီညီ ယခုတော့ လူ့လောကမှ ထွက်ခွာသွားပေပြီ မဟုတ်ပါလား။

ညစ်ညူးနေသော စိတ်ကိုလန်းဆန်းသွားစေရန် ရေမိုးချိုး၊ အဝတ်အစားလဲပြီးနောက် လုပ်စရာအလုပ်ကလည်းမရှိ အချိန်ကလည်း နေညို၍လေပြုပြုဖြစ်၍ နေ့လယ်တ ကိုဗြားကြီးလာပို့ထားသော ထမင်းချိုင့်ထဲမှ ဘင်းပန်းကန်လေးကိုထုတ်ကာ စားပွဲပေါ်တင်လိုက်သည်။ ဖန်ခွက်ထဲသို့ သတ်နှစ်လုံးခန့်ထည့်ပြီး ရေအပြည့်ရောကာ တစ်ကျိုက်ခန့်မော့လိုက်ပြီးနောက် အင်ဗာတာမီးကိုဖွင့်၍ မစံပယ်ထံစာရေးရန်ပြင်ရလေတော့သည်။

ရေးလိုက်၊ ဖျက်လိုက်၊ ဖြဲလိုက်ဖြင့် စာထဲတွင် စိတ်ရောက်နေစဉ် လူတစ်ယောက်အိမ်ပေါ်တက်လာပြီး ဆက်တီခုံပေါ်တွင်ဝင်ထိုင်ရင်း ဆက်ပြင်းရှည်ကြီးကိုချလိုက်မှ ကျွန်တော်လည်း သတိပြုမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ဂျန်းဂဲဟက်ဟုခေါ်သော စစ်သုံးအဝတ်ဦးထုပ်ကို ချွတ်ဖော်မရပဲ ငူငူကြီးထိုင်နေသည်။ သူထိုင်နေသောနေရာက ကျွန်တော် စာရေးနေသော စားပွဲခုံကြီး၏ မျက်စောင်းထိုးတွင်ဖြစ်သည့်အပြင် သူက တစောင်းထိုင်နေသဖြင့် အင်တာတာမီးက သူ့အပေါ်သိပ် မရောက်သော ကြောင့် သူ့မျက်နှာကို ကျွန်တော်ကောင်းကောင်းမမြင်ရ၊ မြင်ရလျှင်လည်း သိမည်မဟုတ်။

ထို့အတူ သူကလည်း ရုံးစားပွဲတွင်ထိုင်နေသော ကျွန်တော့်ကို မသိသဖြင့် ဘာပြောရမှန်းမသိပဲ ငူငူကြီးထိုင်နေခြင်းမဟုတ်လော။

ကိုပြားကြီးပြောထားသည့် ကြံ့ခိုင်ရေးလုပ်ရအောင်သွားသော ထွန်စက်အုပ်စုထဲမှ လူဖြစ်မည်ထင်၍ . .

"ထွန်စက်အုပ်စုကလား"

ထိုသူက ခေါင်းကို ဖြည်းညင်းစွာခါပြသည်၊ ကျွန်တော်က လောက္ကတ်လုပ်ကာ . . .

"ခင်ဗျားနောက်ကခုံပေါ်မှာ ပုလင်းနဲ့ခွက်ရှိတယ်။ ကြိုက်တတ်ရင် ဓပါလေ"

ထိုသူက ထိုင်ရာမှပင်မထပဲ တစ်ခွက်ငှဲ့ပြီး ဒီအတိုင်းသောက်ချ လိုက်သည်၊ ကျွန်တော်က စကားစရှာသည့်အနေဖြင့် . . .

"အငယ်ကောင့်ကိစ္စသိပြီးရောပေါ့နော်။ စိတ်မကောင်းစရာပဲဗျာ။ မြွေကိုက်ခံရလို့ ဆုံးသွားပြီ"

ထိုသူက ခေါင်းကိုဖြည်းညင်းစွာယမ်းရင်း အသံသြသြကြီးဖြင့် . .

"မဖြစ်နိုင်ဘူး၊ သူ့မှာ မြွေဆေးထိုးထားတယ်"

ကျွန်တော်တအံ့တသြဖြစ်သွားသည်၊ ခွေးရူးပြန်ကာကွယ်ဆေး ဆိုတာတောင်မှ ခွေးကိုက်ခံရပြီးမှ ထိုးရသည်မဟုတ်ပါလား။ ထို့အတူ မြွေဆေးကိုလည်း မြွေကိုက်ခံရပြီးမှ ဆရာဝန်ကထိုးပေးသည်။ ယခုတော့ မြွေအကိုက်မခံရခင်က ကြိုပြီးထိုးပေးထာသည်ဆိုတော့ ကျွန်တော် အံ့သြမိ ခြင်း ဖြစ်သည်။ ထို့ကြောင့် ခေါင်းတုတ်ရင်း . . .

"မြွေဆေးကို မြွေမကိုက်ခင် ကြိုတင်ပြီးထိုးထားလို့ရလို့လားဟာ"





"ရတာပေါ့ အဲဒီလိုထိုးထားရင် မြွေအကိုက်မခံရဘူး"

"ဟောဗျာ . . အဲဒီလို မြွေမကိုက်အောင် ကြိုတင်ပြီးထိုးလို့ရတဲ့ မြွေဆေးပေါ်နေတာ ကျွန်တော်တောင် မသိလိုက်ပါလား ဘယ်တုန်းကလဲ ဗျ"

"ဟိုးပဝေသဏီထဲက ကြာပြီပဲ"

"ဟုတ်လို့လားဗျာ အခုအငယ်ကောင်က မြွေဆေးထိုးပြီးသားသာ ဆိုတယ် မြွေကိုက်ခံရပါရောလား"

"မြွေကိုက်လည်း သူသေမှာမဟုတ်ဘူး"

"ခင်ဗျားက သေမှာမဟုတ်ဘူးပြောနေ အငယ်ကောင်က မြွေ ကိုက်လို့သေပါရောလား . . ."

ပြောပြောဆိုဆို ကျွန်တော်သူ့အနားသို့သွားပြီး သူ့နောက်ကခုံပေါ် မှ ပုလင်းကိုယူကာကျွန်တော့်ခွက်ထဲသို့ အရက်နည်းနည်းထပ်ဖြည့်လိုက် သည်၊ ထိုသူက ခေါင်းကိုတွင်တွင် ယမ်းရင်း . . .

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

"ကျွန်တော်ဒေါသနည်းနည်းထွက်သွားသဖြင့် ထိုသူ့ကိုစူးစူးစိုက် စိုက်ကြည့်ရင်း၊ လေသံမာမာဖြင့် . . .

"ဘယ်လိုမှမဖြစ်နိုင်ပါဘူးလို့ ခင်ဗျားကဇွတ်ငြင်းနေတယ်၊ အငယ်ကောင်ရဲ့အလောင်းကိုတောင် ဆေးရုံပို့အောင် ကိုပြားကြီးတို့တွေယူ သွားတာကြာလှပြီ"

ထိုသူကလည်း အနည်းငယ်စိတ်တိုသွားပုံရသည်၊ ဆောင်းထား သော ဦးထုပ်ကိုချွတ်၍ ဆက်တီစားပွဲခုံပေါ်သို့ ပစ်တင်လိုက်ရင်း . . .

"မြွေကိုက်လို့ကတော့ ဘယ်တော့မှမသေဘူး"

ဟု ခပ်မာမာပြန်ပြောကာ ကျွန်တော့်ကို စူးစူးရဲရဲပြန်ကြည့်နေ သည်၊ ကိုယ်တိုက်သည့်အရက်ကိုလည်းသောက်သေး၊ ကိုယ့်စကားကိုမယုံဘဲ ဇွတ်ကြီးဘုဂလန့်ပြောနေသောသူ့ကို စိတ်တိုလွန်းသဖြင့် "ဘာ ကြေးလောင်း မလဲ၊ ကြိုက်တဲ့ ကြေးတင်" ဟု ပြောမည်ပြင်လိုက်စဉ် . .



www.burmeseclassic.com

www.burmeseclassic.com



ဦးထုပ်ချွတ်လိုက်မှ ထင်ရှားစွာပေါ်လွင်လာသော သူမျက်နှာကြီးကို အနီးကပ်မြင်လိုက်ရ၍ ပထမဆုံးကျွန်တော်ကြက်သေသေသွားသည်။

ထိုသူက တိုနံ့နံ့ခေါင်းတုံးဆံတောက်ဆံပင်ညှပ်ထားသဖြင့် ထွားကြိုင်းသန်မာသော နှာခေါင်းကြီးက ထင်းနေအောင်ပေါ်လွင်နေသည်။ ကိုဆံပင်၊ ထိုနှာခေါင်းနှင့်ထိုမျက်ခွက်ကို ကျွန်တော်ရင်းရင်းနှီးနှီးသိသည်။ ဘယ်သူများ ပါလိမ့်ဟု မှတ်ဉာဏ်ကို ပြန်လည်စုစည်းလိုက်တော့ ဘွားခနဲပေါ်လာသည့် အဖြေက . . .

အငယ်ကောင်။

သေသေချာချာပြည့်ပြည့်စုံစုံပြောရလျှင် မြွေကိုက်လို့သေပြီဆိုပြီး ကိုမြားကြီးတို့ဆေးရုံကို သယ်ယူသွားသောအငယ်ကောင်။

ထိုအငယ်ကောင်က ယခုကျွန်တော့်ရှေ့တည့်တည့် ဆက်တီစားပွဲခုံပေါ်တွင်ထိုင်၍ သူမသေဘူးဟု ငြင်းရင်း ကျွန်တော့်ကို စူးစူးရဲရဲကြည့်နေသဖြင့် ကျွန်တော့်မှာ ကြက်သေသေပြီး ကြောက်ရုပ်လိုဖြစ်သွားသည်။

အာခေါင်များလည်း ခြောက်ကပ်ကာ လူမှာတုန်လှုပ်ပြီး လက်ထဲမှ ခွက်ပင်လွတ်ကျမလိုလိုဖြစ်လာသည်။

မြစိမ်းကိစ္စတုန်းက ငါအကြောက်လွန် ပြီး မစူးစမ်းမဆင်ခြင်လို့ ဟားစရာဖြစ်ပြီး ဒီတစ်ခါအမှားမခံနိုင်ဟု စိတ်ကိုတင်းရင်း ထိုသူကို ပြန်ကြည့်တော့ မည်းနက်သောအသားအရေကြားမှပင် နီရဲရဲစူးရှရှ မျက်လုံးအစုံဖြင့် နှာခေါင်းကြီးကြီး ခေါင်းတုံးဆံတောက်နှင့်ကောင်က ကျွန်တော့်ကိုပြန်ကြည့်နေသောကြောင့် ကျွန်တော်၏ ကြောက်ရွံ့စိတ်များ ငယ်ထိပ်အထိတက်လာသည်။

ဘယ်လိုမှမလွဲ အငယ်ကောင်မှအငယ်ကောင်အစစ်၊ လူများလျှင်တောင်မှ နှာခေါင်းက မှားစရာမရှိ၊ အိန္ဒိယကုလားမင်းသားရာရွှတ်ခန်ကဲ့သို့ မျက်နှာပေါ်လော်စပီကာတင်ထားသလို အံ့မခန်းနှာခေါင်းကြီးက ကေန်စင်စစ် အငယ်ကောင်ဖြစ်ကြောင်း ထင်ရှားစွာသက်သေပြနေပေပြီမို့ ကိုယ့်နှလုံးခုန်သံကိုယ်ပြန်ကြားရင်း လူမှာဒယိမ်းဒယိုင်ဖြစ်လာစဉ် . .

"အငယ်ကောင်ကမြွေကိုက်လို့ကတော့ ဘယ်တော့မှမသေဘူး"





ဟု ထပ်ပြောရင်း ဖြည်းညင်းစွာဖြင့် ထိုင်ခုံမှထလာသောအခါ ကျွန်တော့်မှာ ဇောချွေးများပြန်၍ တစ်ကိုယ်လုံးတုန်လှုပ်သွားပြီး လက်ထဲမှ ခွက်လွတ်ကျသွားလေတော့သည်။

'ခွမ်း . . ခနဲ' ကျကွဲသွားသော အရက်ခွက်ကို သူတစ်ချက်လှည့်ကြည့်ပြီးနောက် နီရဲနေသည့် မျက်လုံးအစုံကို ပို၍ပြူးကာ ကျွန်တော့်ကိုကြည့်ရင်း ရှေ့သို့တစ်လှမ်းတိုးလာသည်။

နောက်ထပ်တစ်လှမ်းတိုးလိုက်လျှင် ကျွန်တော့်ကိုလှမ်းဖက်လို့ရအောင် နီးလာမည်ဖြစ်၍ ထွက်ပြေးရန် ကြိုးစားသော်လည်း ခြေထောက်များက အမြစ်ပေါက်ကာ ကြမ်းပြင်မှခွာမရတော့သလိုဖြစ်နေ၍ တုန်လှုပ်နေသောလက်နှစ်ဖက်ဖြင့် ကာလ ... နှင်း . .

"သေ . . သေ . . ပြီး . . ပြီ"

ဟု အထိတ်တလန့်ကြောက်ရွံ့သံကြီးဖြင့် ပြောမိလိုက်သောအခါ အငယ်ကောင်၏မျက်လုံးသည် ပိုပြူးသွားရုံမက ရဲရဲနီသောသွားကြီးများပေါ်အောင် ပါးစပ်ကြီးကို အစွမ်းကုန်ဟရင်း . . .

"အား . . . "ဟု ငယ်သံပါအောင်အော်ကာ ဆက်တီပေါ်မှကျော်သွားပြီး ပြတင်းပေါက်မှတစ်ဆင့် ခုန်ဆင်းသွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်လည်း နောက်ပြန်ကြီးလဲကျသွားသည်။

ထိုစဉ် အပြေးအလွှားဖြင့် အိမ်ပေါ်သို့ လူတစ်စုတက်လာပြီး ကျွန်တော့်ကိုမြင်သွားသောအခါ

"ဟောလူ ခင်ဗျားကဘယ်သူလဲ"

"ရုံးခန်းထဲဝင်ပြီး ဘာလုပ်တာလဲ"

"ဘာဖြစ်နေတာလဲ" "ဝက်ရူးပြန်တာထင်တယ်" စသည်ဖြင့် စသည်ဖြင့် မေးခွန်းပေါင်းစုံထုတ်နေကြစဉ် ပါလေပုရောက်လာပြီးကျွန်တော့်ကို ထူမရင်း . . .

"ဟာ . . ဒါ . . ဆရာ့သူငယ်ချင်းဗျ၊ ညကမှ ဆရာနဲ့ပါလာတာ၊ ဆရာလေး . . ဘာဖြစ်လို့လဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကျွန်တော်လည်း သက်ပြင်းကြီးကိုချလိုက်သလို မျက်ရည်များပါစီးကျလာပြီးနောက် . .

"အငယ် . . အငယ်ကောင် သေပြီ . . ."

ပါလေပုက ခေါင်းညိတ်ရင်း လူအုပ်စုဘက်သို့လှည့်၍ . .

"ဟုတ်တယ်။ မမှောင်ခင်လေးတင် အငယ်ကောင် မြွေကိုက်ခံရပြီးသေသွားလို့ ကိုဖြားကြီးတို့တွေ အလောင်းကိုဆေးရုံပို့အောင်သွားကြပြီ။ အဲဒါဗျာ ဟောဒီဆရာက အငယ်ကောင့်အတွက် စိတ်မကောင်းဖြစ်ပြီး ထိုင်ငိုနေတာပါ . . ."

'ဩော် . . ' ဟူသည့် အာမေဍိတ်သံကြီးတစ်ပြိုင်တည်း ထွက်လာပြီး တအံ့တဩဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြရင်း နားမလည်စွာဖြင့် . .

"ဒီက ဆရာလေးနဲ့အငယ်ကောင်တို့နဲ့က အမျိုးတွေထင်တယ်"

ဟုမေးလာသဖြင့်ဒီရုပ်နဲ့ဒီရုပ်၊ သရဲနဲ့လူ သင်းတို့မို့ နိုင်းရက်တယ်ဟု ကြောက်စိတ်ပျောက်၍ ဒေါသစိတ်ရောက်နေစဉ် ပါလေပုက . .

"ဘယ်ကလာ ဘာမှမတော်ဘူး . . အငယ်ကောင်နဲ့ဆရာလေးနဲ့က ညကမှသိကြတာ။ ဒီဆရာလေးက နှလုံးသားနုတော့ သံယောဇဉ်ကြီးတယ်လေ။ အဲဒါကြောင့် ကြမ်းပေါ်ကိုပက်လက်လဲတဲ့အထိ ငိုကြွေးနေတာပေါ့ . . နော် . . ဆရာလေးရာ . ."

ဆားပုလင်းနှင်းမောင်သေပြီး ဝင်စားထားသော ပါလေပု၏ ကောက်ချက်ချကောင်းလွန်းသဖြင့် ဖနောင့်ဖြင့်ပေါက်ချင်စိတ်ပေါ်သွားသော်လည်း မသေသေးဘူးဟု ငြင်းနေသောသေပြီးသား အငယ်ကောင်ကို အနီးကပ်လက်တစ်ကမ်းအကွာတွင် တွေ့မြင်ထားရသည့်အတွက် ကြောက်စိတ်က မပြေသေးသဖြင့် . . .

"ပါလေပု . . အငယ်ကောင် . . . အငယ်ကောင် . . ကိုငါတွေ့လိုက်တယ်"

"ကိုယ့်စိတ်ကိုယ်ထိန်းပါ ဆရာလေးရယ်။ သေတဲ့လူကသေပြီးပြီ





ပဲ၊ တရားနဲ့ဖြေပြီး သေတဲ့သူကိုမေ့လိုက်ပါတော့၊ သေသောသူကြာရင်မေ့ဆိုတဲ့ စကားကြီးရှိတယ် မဟုတ်လား"

"ငါ့စကားကိုဆုံးအောင်နားထောင်စမ်းပါလေပု၊ အငယ်ကောင်ဒီအခန်းထဲကို ရောက်လာတယ်၊ မြွေကိုက်လို့မသေဘူးဆိုပြီး ငါ့ကိုခံငြင်းတာအကြာကြီးပဲကွ၊ မင်းတို့တွေ မယုံသက်ာနဲ့ငါ့ကိုကြည့်မနေကြနဲ့၊ အဲဒီစားပွဲပေါ်က ခွက်က၊ သူသောက်သွားတဲ့ အရက်ခွက်"

"ဒါ . . ဒါဆိုအငယ်ကောင်က သရဲဖြစ်သွားပြီပေါ့" "ဟာ . . အရက်တောင်သောက်သွားသေးတယ်တဲ့"

"သရဲဖြစ်နေတာတောင် သူကိုယ်သူသေမှန်းမသိဘူးလား"

အားလုံးအထိတ်တလန့်ဖြင့် တစ်ယောက်တစ်ပေါက် ဆူညံနေစဉ် ကျွန်တော်ကခေါင်းညိတ်ရင်း . .

"အေး . . သူမသိသေးလို့၊ မြွေကိုက်ပြီးသူသေသွားပြီဆိုတဲ့အကြောင်း၊ ငါရှင်းပြတာကို သူကလက်မခံပဲ ဒေါသတွေထွက်လိုက်တာများ၊ ချက်လုံးကြီးတွေကိုနီရဲနေတာပဲ၊ နောက်ပြီး ရဲရဲနီနေတဲ့ သွားကြီးတွေကိုဖြဲပြီး ငါ့ကိုရန်မူမလို့လုပ်တာ၊ ငါ့လက်ထဲက ခွက်လွှတ်ကျကွဲသွားမှ သူလည်း အား . . လို့အော်ပြီး ဟို . . ပြတင်းပေါက်က ထွက်ပြေးသွားတာ . ."

"ထွက်ပြေးသွားတာဟုတ်လား။ ကိုယ်ပျောက်သွားတာမဟုတ်ဘူးလား"

တအံ့တဩဖြင့် သူတို့အမေးကို ကျွန်တော်ကခေါင်းယမ်း၍ပြလိုက်စဉ်၊ စားပွဲပေါ်မှအောက်သို့ကျနေသော စစ်ဦးထုပ်ကိုမြင်လိုက်ရသဖြင့် . .

"ဟိုမှာ . . သင်းဆောင်းလာတဲ့ဦးထုပ်၊ ဒီထက်ခိုင်လုံတဲ့သက်သေခရှိတော့ဘူး"

ဦးထုပ်ကိုမြင်သွားပြီးနောက် သူတို့အားလုံးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပခုံးတတွန့်တွန့်ခေါင်းတညိတ်ညိတ်ဖြစ်နေစဉ် ဝါလေပုက စိတ်မကောင်းသည့်လေသံဖြင့် . .

"နီရဲနေတဲ့သူ့ရဲ့မျက်လုံးတွေကို ဆရာလေးသေသေချာချာကြည့်မိလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ကာမှ အနီးတပ်ကြည့်မိတာ"

"ဟာ . . ဒါဆိုရင် ဆရာလေးတော့ မျက်စိနာရောဂါကူးတော့မှာပဲ၊ အခုမျက်စိနာရောဂါလူတွေမှာအဖြစ်များနေတာ။ ဖြစ်လိုက်ရင် မျက်လုံးကြီးက နီရဲလို့ . . ."

"ဟေ . . သရဲမျက်လုံးနီတာ မျက်စိနာရောဂါကြောင့်ဟုတ်လား၊ သရဲဆီကရောဂါကလည်း လူကိုကူးသတဲ့လား"

ကျွန်တော့်မှာ တအံ့တသြဖြင့် သူတို့တွေကိုကြည့်ပါသော်လည်း၊ သူတို့က ကျွန်တော်နှင့်မျက်လုံးချင်းမဆိုင်မိအောင် ရှောင်ရှားနေစဉ် ပြတင်းပေါက်ဘက်မှ လူရိပ်တွေ့မိ၍ကြည့်လိုက်တော့ . .

"အား . . အငယ်ကောင် . . သရဲ . . သရဲ . ."

ပြတင်းပေါက်မှကျော်၍ဝင်လာသော အငယ်ကောင်ကိုတွေ့လိုက်သောကြောင့် ကျွန်တော်အလန့်တကြားအော်ဟစ်လိုက်ပါသော်လည်း သူတို့တွေက တစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် မျက်နှာလွှဲလိုက်ကြသည်။ ပါလေပုက ခေါင်းယမ်းရင်း . .

"အဲဒါ အငယ်ကောင်မဟုတ်ဘူး။ အကြီးကောင် နာမည်ရင်းကကိုကိုတဲ့ သူတို့ကအမွှာညီအစ်ကို။ အကြီးကောင်ရဲ့နားထင်မှာ မှဲ့ကြီးပါတယ် ဟိုဦးထုပ်ကလည်း အကြီးကောင်ရဲ့ဦးထုပ် . ."

ကျွန်တော့်မှာ အံ့သြလွန်း၍ပါးစပ်အဟောင်းသား ဖြစ်သွားပြီး . .

"သူ . . သူ့သွားကြီးတွေနီရဲနေတာက . ."

"ကွမ်းစားလွန်းလို့ ကျွန်တော့်သွားတွေကနီရဲမကဘူး။ နက်တောင်နက်နေပြီ။ ဒါနဲ့ ခင်ဗျားဝက်ရူးပြန်ရောဂါသက်သာသွားပြီလား . ."

ကျွန်တော့်အမေးကို အကြီးကောင်က ဝင်ဖြေရင်း မေးခွန်းထုတ်လိုက်သဖြင့် ကျွန်တော်ဒေါသထွက်သွားပြီး . .

"ဘာဝက်ရူးပြန်ရောဂါလဲ၊ ငါ့မှာ ဘာရူးပြန်ရောဂါမှမရှိဘူး။ မင်းကြောင့်"

"ကျွန်တော့်ကြောင့်ဟုတ်လား။ ကျွန်တော်က မျက်စိနာလို့ ဆေးခန်းသွားချင်လို့ သတင်းပို့အောင်လာတာ။ ခင်ဗျားက အရက်တစ်ခွက်





တိုက်ပြီး အငယ်ကောင်သေတဲ့အကြောင်းဖွတ်ကြီးပြောတာနဲ့ ကျွန်တော်က ပြန်ဖို့ထတော့ ခင်ဗျားက ယက်ကားယား၊ ခြေကားယားဖြစ်ရုံမကဘူး၊ နတ်ပူးသလိုတစ်ကိုယ်လုံးတုန်ပြီး ခွက်တောင်ကျကွဲတာဟာ ဝက်ရူးပြန်ရောဂါ မဟုတ်ဘူးလား။

ခင်ဗျားကိုကြည့်ရင်း ကျွန်တော်ကြောက်လာလို့ထွက်ပြေးဖို့ပြင်တော့ ခင်ဗျားက လမ်းပိတ်ထားတာကြောင့် ပြတင်းပေါက်ပေါ်က ကျော်ပြေးရတာ ကျွန်တော်လေ၊ အဲဒါကျွန်တော့်ကြောင့်လား"

ထိုအခါမှ အကြီးကောင်နှင့်အငယ်ကောင်အမွှာညီအစ်ကို၏ ဖြစ်ရပ်မှန်ကိုသိရှိလိုက်ရသလို၊ ကိုယ့်ရဲ့သတ္တိဗျတ္တိကိုလည်းအမှန်အတိုင်းသိလိုက်ရသဖြင့် ရှက်ရယ်ရယ်မိနေစဉ် ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး အိမ်ပေါ်တက်လာသော ကိုဝိုင်းက . . .

"အငယ်ကောင်က အကြောက်လွန်ပြီး သတိလစ်နေတာပါ။ အခုသတိလည်းရနေပြီ။ မြွေကိုက်တာကလည်း စိုးရိမ်စရာမရှိဘူးလို့ ဆရာဝန်ကြီးက ပြောတယ်"

"မြွေကိုက်လို့ အငယ်ကောင်မသေနိုင်ပါဘူးလို့ ကျွန်တော်ပြောသားပဲ၊ ကျွန်တော်တို့ညီအစ်ကိုကို ဘကြီးက မြွေဆေးထိုးပေးထားတယ်ဗျ"

အကြီးကောင်က ကျွန်တော့်ကိုကြည့်ရင်း ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြောလိုက်သောအခါ ကိုဝိုင်းက ပခုံးတွန့်၍ . .

"ဆရာဝန်ကြီးပြောတာက အငယ်ကောင်ကို ကိုက်တဲ့မြွေရဲ့ဗိုက်ဘဲမှာ လောလောလတ်လတ်မျိုထားတဲ့ ကြွက်တစ်ကောင်တွေ့တယ်တဲ့။ မြွေက ကြွက်ကိုပေါက်ပြီးသားဆိုတော့ အငယ်ကောင်ကိုပေါက်တဲ့အခါမှာ အဆိပ်လက်ကျန်က နည်းနေပြီတဲ့ နောက်ပြီး အငယ်ကောင်က ပုဆိုးကိုမြဲပြီး ပေါင်မှာစည်းထားလို့ အဆိပ်ကလည်းသိပ်မပြန့်ဘူးတဲ့။ အဲဒါက သိပ္ပံနည်းကျ၊ မင်းဘကြီးရဲ့ ဂမ္ဘီရမြွေပီးဆေးကိုတော့ ငါလည်းမသိဘူး . . ."

ကဲ ပါလေပု မင်းနဲ့ နောက်တစ်ယောက် အငယ်ကောင့်ကို စောင့်ဖို့ ဆေးရုံမှာသွားအိပ်ရမယ်။ သယ်စရာယူစရာရှိတာတွေပြင်ထား ခဏကြာရင် ကိုပြားကြီးထော်လာဂျီရောက်လာလိမ့်မယ်၊ အကြီးတောင် မင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်းလိုက်သွားပြီး မင်းမျက်လုံးကိုပြခဲ့၊ ထွန်စက်အဖွဲ့တွေ မနက်ဖြန် မနက် ငါးယောက်ဖပေါက်ပေါက် ရောက်လာလိမ့်မယ်။ အကွက်အမှတ် (၅)မှာ စပြီးထွန်ဖို့ ပြင်ထားသွားကြတော့ . . . "

အားလုံးထွက်သွားကြသောအခါ တွန်တော်ကသက်ပြင်းချရင်း

"ပေါက်ပေါက် မနက်ဖြန်လာမယ်ဆိုတော့ သူ့ကိစ္စအဆင်ပြေသွားပြီလား . . "

"ငါကိုယ်တိုင်ဖြေရှင်းတဲ့ကိစ္စ ဘာမှအဆင်မပြေစရာမရှိဘူး၊ ပြတ်ပြတ်ပဲ၊ သူတို့ဘက်ကတောင်းဆိုသမျှအကုန်လိုက်လျှော့ပစ်လိုက်တယ် ဟော့ ဟား ဟား ဟား . . . "

"အဆင်ပြေရင်လည်းပြီးတာပါပဲကွာ၊ မင်းစခန်းမှာ နှစ်ညပြည့်အောင် မအိပ်ရသေးဘူး၊ အသက်တောင်ဘယ်လိုထွက်ရမှန်းမသိတဲ့ ချောက်ချားစရာတွေနဲ့ကြုံးပဲ တိုးနေလို့ ငါ . . ပြန်တော့မယ်ကွာ . . "

ကိုဝိုင်းက မျက်စိပိတ်သည်အထိ ရယ်ရင်း . .

"ဒီအချိန်ဆို ဟိုင်းဝေးလိုင်းကားတွေမရှိတော့လို့ မနက်ဖြန်အထိ သည်းညည်းခံပြီးနေပါဦးကွာ . . ဟားဟား . . ဒီတစ်ည မင်းကို ဘေးမသီရန်မခအောင် အိပ်ဖန်စောင့်တွေအပြည့်နဲ့စောင့်ရှောက်ထားပါ့မယ်၊ ငါမိန်းမလည်း မင်းကိုမျက်နှာချင်းမဆိုင်ရဲလို့ နောက်တစ်ခေါက်မှပဲ တမျှော် တပါးပြန်တွေ့ကြတာပေါ့ . . . "

ယခုတစ်ခေါက်ကတော့ မျက်စိနာ မတူးပါစေနှင့်ဟု ဆုတောင်းနေမိတော့သတည်း။

☠☠☠

## မသေသေးတဲ့မသာ

"ကို ညီညီရေ . . ရောက်ရာ ဘုံဌာနက သာဓုခေါ်လို့ ကောင်းရာဘုံဌာနမှာ စံစားနိုင်ပါစေ အမျှ . . အမျှ . . အမျှ . . "

ဆိုသည့် မစံပယ်၏ ငိုယိုမြည်တမ်းကာ အမျှဝေသံကြီးက မိုးစံပယ် စားသောက်ဆိုင်လေးကို ဖုံးလွှမ်းသွားသည်နှင့် တပြိုင်နက် ဆိုင်အတွင်းရှိ ပရိသတ်အပေါင်းကလည်း လှိုက်လှိုက်လှဲလှဲ သာဓုခေါ်လိုက်ကြသည်။

ဆိုင်အတွင်းအပြည့်ရှိနေကြသည့် ပရိသတ်၏ နောက်ဆုံးတွင် ထိုင်ရင်း သုံးကြိမ်သော သာဓုကို အံကြိတ်၍ ခေါ်ဆိုလိုက်သူက နှုပါးပြင် နှစ်ဘက်ပေါ်သို့ စီးကျလာသော မျက်ရည်ချောင်းကြီးကိုပင် မသုတ်အားအောင် ဝမ်းနည်းပက်လက်ဖြစ်နေသည့် ဦးလေးကိုဘဲဥပင် ဖြစ်ပါသည်၊

ချစ်အောင်နှင့် စိုးကျော်က ဦးလေးကိုဘဲဥ အနားသို့ အသာကပ်သွားရင်း . .

"ဆိုင်းမဆင့် ဝုံမဆင့်နဲ့ ကိုညီညီတစ်ယောက် ဘယ်လိုဖြစ်သွားရတာလဲဗျာ . . "

တော်ဝင်မြို့ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကိုဘဲဥက မျက်ရည်စများဖြင့် ပြည့်လျှံနေသည့် ဝေသီသော မျက်ဝန်းအစုံဖြင့် တစ်ချက်လှည့်ကြည့်ရင်း . .

"မြွေ . . မြွေကိုက်လို့ သေရတာတဲ့ကွ . . ငါ့တူလေး ညီညီက နာမည်ပျက်ရှုံလောက်ကလေး သောက်စားတတ်တာကလွဲလို့ လူကောင်းလေးပါကွာ . . တကယ်ဆို ဒီမြွေကလည်း ငါ့တူလေးကို ကိုက်မယ့်အစား ဖြုံကြီးဖြုံကြားတိုးပြီး အတွဲရှောင်းတတ်တဲ့ မင်းတို့နှစ်ကောင်ကို ကိုက်ရမှာကွ . . အီး . . . အီး . . ."

"ဟာဗျာ . . ခင်ဗျားကလည်း . . ကျွန်တော်တို့လို သူတော်ကောင်းမျိုးကို မြွေက မပေါက်ရဲဘူး . . ကြောက်တယ်ဗျ . ."

"အေးပါကွာ ... အေးပါ . . မင်းတို့ အနံ့ရတာနဲ့ မြွေခများလည်း ငါမှာရှိတဲ့ အဆိပ်အတွက် မြေဆေးတအသင့်ရှိပြီးသား မင်းတို့ သူတော်ကောင်းနှစ်ယောက်မှာရှိတဲ့ ရောဂါပိုးတွေက အခုထက်ထိ ကုရာနတ္ထိဆေး မရှိသေးမှန်း သဘောပေါက်ထားလို့ မင်းတို့ကို ပေါက်ပြီးရင်တောင်မှ ပိစပ် (ဘီးစပ်) ပင်ကိုပဲ မှီရမလား၊ ဘာလား စဉ်းစားမရသေးတာကြောင့် မင်းတို့ကို မပေါက်သေးတာပါကွာ . ."

"တိုးတိုး ပြောစမ်းပါဗျာ . . ဒေါ်ကလူတွေကြားကုန်ပါဦးမယ် . . ဒါနဲ့ ကိုညီညီက ဘယ်မှာ ဆုံးသွားတာတဲ့လဲ . . ."

"မသိဘူး . . ."

"ဗျာ . . မသိဘူး ဟုတ်လား . . မသိဘဲနဲ့ သက်ပျောက်ဆွမ်းသွတ်ရလောက်အောင် ဘာအထောက်အထားရှိလို့လဲ . . ."

"မနေ့ညဦးပိုင်းမှာ မကွေးကနေ ရန်ကုန်ကိုသွားတဲ့ အဝေးပြေးကားပေါ်ကနေ မိုးစံပယ်စားသောက်ဆိုင်အတွက် စာပါတယ်လို့ အော်ဟစ်ပြောပြီး စာတစ်စောင် ပစ်ချခဲ့တယ်၊ စာကို သွားကောက်ပြီး ဖတ်ကြည့်တော့ စာအိတ်ပေါ်မှာ ဒီဆိုင်ရဲ့ လိပ်စာက အတိအကျကြီး။ အထဲက စာမှာ လိုတိုရှင်း ရေးထားတာက "ညီညီ . . မြွေကိုက်လို့ ဆုံးပြီ အမြန်လာ" ဆိုတဲ့ အကြောင်းကြားစာကလွဲလို့ ဘယ်မှာဆိုတဲ့ လိပ်စာက ပါမလာဘူး . ."

"ဒါဆို ကိုညီညီက ဘယ်တိုသွားလည်း ဆိုတာ မစံပယ်သိမှာပေါ့"





"ညီညီရဲ့ကျောင်းနေဖက် သူငယ်ချင်း ကိုလုံးဆိုလား တိုဝိုင်းဆိုလား အဲဒီလူရဲ့ ကားနဲ့ပါသွားတယ်တဲ့၊ အဲဒီလူက မကွေးနဲ့အောင်လံကြားမှာ မြေလွတ်၊ မြေရိုင်းဖော်ထုတ်ပြီး စိုက်ပျိုးရေးစခန်းလုပ်နေတယ် ဆိုလားပဲ၊ နားစွန်နားဖျားကြားမိပြီး တိတိကျကျလည်း မသိတော့ လင်သေပြီးအလောင်းပျောက်လို့ ခေါင်းမီးတောက်နေတဲ့ ငါ့တူမ မစံပယ်ခများလည်း ညီညီ မိအတွေကို ညတွင်းချင်း အကြောင်းကြားတာကြောင့် အခုမနက်မှာ သက် ပျောက်ဆွမ်းသွတ်ရတော့တာပေါ့ကွာ . ."

"ဒါဆိုရင်လည်း မကွေးနဲ့အောင်လံကြားက စိုက်ပျိုးရေးစခန်းတွေကို မေးစမ်းပြီး လိုက်မှပေါ့ . ."

"စုံစမ်းကြည့်တော့လည်း မကွေးနဲ့အောင်လံက မိုင်တစ်ရာကျော်လောက် ကွာဝေးသလို အဲဒီကားလမ်းမကြီးရဲ့ ဘေးမှာရော၊ လမ်းမနဲ့အဝေးကြီးမှာတွေရော မြေလွတ်၊ မြေရိုင်းစိုက်ပျိုးရေးစခန်းတွေက ပြည့်လို့တဲ့ လိပ်စာတိတိကျကျမသိဘဲ လိုက်ရှာလို့ကတော့ တစ်လကြာရင်တောင် တွေ့ဖို့ မလွယ်ဘူးတဲ့ ကွ . . ."

"ဒီစာကို လာပေးတဲ့ တားသမားကို မေးကြည့်ရင်ရော . . ."

"အဲဒီကားက ဒီဆိုင်မှာရပ်ပြီး စားသောက်တဲ့ကား မဟုတ်သလို စာကို ပစ်ချခဲ့ပြီး ဆက်မောင်းသွားတော့ ဘာကားမှန်းတောင် မသိလိုက်ဘူးတဲ့ . . ."

"ခုနက ဦးလေးကိုဘဲဥပြောတော့ စာချသွားတာ အဝေးပြေးကားဆို၊ အဲဒီကား ဒီဆိုင်ရှေ့ဖြတ်သွားချိန်နဲ့ မှန်းပြီး တောင်းဂိတ် အဲ . . အဲ . . 'တိုးဂိတ်' မှာ ကားစာရင်း သွားကြည့်ပါလား . ."

"ငါ ကိုယ်တိုင်သွားကြည့်ပြီးပါပြီကွာ . . အဲဒီအချိန်က မကွေးဘက်ကနေ ရန်ကုန်ကိုသွားတဲ့ အဝေးပြေးကားကြီးတွေ ဖြတ်သန်းချိန်ဆိုတော့ ကားအစီးသုံးဆယ်နီးပါးလောက် ရှိနေလို့ ဟောဒီက ဦးလေးကိုဘဲဥကိုယ်တိုင် ဘဲဥအစရှာမရဆိုတဲ့ စကား တယ်ပြီးတော့မှန်ပါလား ဆိုပြီး ယူကြုံးမရဖြစ်နေတာကွ . . ဒါပေမယ့် သိပ်ပြီးတော့ စိတ်ပူမနေပါနဲ့ . .



www.burmeseclassic.com

www.burmeseclassic.com



ဟော ဟိုမှာ မြင်လား အကျီအဖြူ ဘောင်းဘီအဖြူနဲ့ လူလေ။ အဲဒါ ညီညီနဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ ဘိုးတော်ကလေး တင့်လွင်တဲ့ . . . "

"အခုညမှာ သူ့ရဲ့အထက်ပုဂ္ဂိုလ်တွေ အကူအညီနဲ့ ညီညီရဲ့ ဝိညာဉ်ကို ခေါ်ပြီး အလုံးစုံမေးပေးမယ်ဆိုပဲ . . "

"ဟာ . . တယ်စွမ်းပါလား . . ဒါနဲ့ ဘိုးတော်လေးရဲ့ အထက်ပုဂ္ဂိုလ်ဆိုတာ ဘယ်သူတွေလဲ . . "

"ဟိုး တစ်ခါ ညီညီပြောပုံအရတော့ ဘိုးတော်လေးတင့်လွင်ရဲ့ အထက်ပုဂ္ဂိုလ်တွေက တရုတ်ပြည်ကြီးကလာတဲ့ အေသုံးလုံး ဂိုဏ်းကဆိုပဲ"

"ဟောဗျာ . . ကျွန်တော်တို့ သိထားတာက တရုတ်ကလာတဲ့ အေသုံးလုံးဆိုတာ ဖဲထုပ်ကြီးပဲ . . . "

ကို ဝိုင်းတို့မြို့လေးမှ အစောဆုံးထွက်သောလိုင်းကားဖြင့် လိုက်ခဲ့သော်လည်း ဘီးကပေါက်လိုက်၊ လေအိတ်ကပေါက်လိုက်ဖြင့် ကျွန်တော်တို့မြို့ကိုရောက်တော့ မိုးစုန်းစုန်းချုပ်ပေပြီ။

ကိုးလို့ကန့်လန့် အခုလိုအချိန်မျိုးမှာ ဆိုင်ကိုတန်းပြန်လိုက်ပါက လျှာထားချက်ကို ပြည့်မီဖို့ဝေးစွ။ ခွက်အနားသို့ပင် သီခွင့်မရပဲ 'အိုက်တိုးပဂေးဆန်' လုပ်ရတော့မည်ဖြစ်၍ မြို့အဝင်လမ်းတစ်ဝက်မှပင်ဆင်းကာ မြို့ထဲသို့ခြေလျင်လျှောက်ခဲ့သည်။

သည်အချိန်ဆို ဦးလေးကိုဘဲဥ သူ့အိမ် နောက်ဖေးကပြင်ပေါ်မှာ အသူရာသက်ထားနှင့်နှစ်ပါးသွားကနေလောက်ပြီ။ နောက်ဖေးလမ်းကြားထဲမှ ပတ်ဝင်သွားပြီး လူလုံးပြကာလှမ်းခေါ်၍ မခင်မာအေးဆိုင်တွင် လျှာထားချက်ကို ဖြည့်ဆည်းမည်ဟူသော အတွေးဖြင့် မှောင်ရိပ်သမ်းသော နောက်ဖေးလမ်းကြားထဲသို့ ဝင်လိုက်သည်။

ဦးလေးကိုဘဲဥအိမ်ဝိုင်းနှင့်တကွ အနားပတ်ဝန်းကျင်ရှိ အိမ်ဝိုင်းတွေအားလုံးက ခြံကျယ်ကြီးတွေဖြစ်သောကြောင့် မန်ကျည်း၊ တမာ၊ ခရေစသော ခြံဝိုင်းထဲရှိအပင်ကြီးများ၏ အရိပ်တွေက နောက်ဖေးလမ်းကြားကို



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးသိမ်းပိုက်ထားသည်။ ဆယ်ပေသာသာလမ်းကြားလေးတစ်လျှောက် အလေ့ကျပေါက်နေသည့် ခါးလောက်၊ ရင်လောက်မြင့်သော သစ်ပင်ခြုံပင်များကလည်း လမ်းကြားလေးကိုဝါးမြိုထားလိုက်သည်မှာ လေးပေလောက်သာကျန်တော့သည့်အထဲ ဝါကျင့်ကျင့်လမ်းမီးတိုင်၏အလင်းရောင်မသဲမတွဲကြားမှာ မြွေပါး၊ ကင်းပါးကိုသတိထား၍ သွားနေရသည်။

ဤလမ်းကြားမှမသွားဘဲ လမ်းလည်းကျယ်ကျယ်၊ လင်းလင်းကျင်းကျင်းအိမ်ရှေ့လမ်းမကြီးမှသွားလျှင်လည်းရပါသည်။ သို့သော် အိမ်ရှေ့မှသွားပါက ဦးလေးကိုဘဲဥ၏သားသမီးအလိမ္မာများနှင့် အရင်ဆုံးတွေ့ရမည်။

သေရည်အရက်ကို မစင်ထွက်ပစ္စည်းသဖွယ် သဘောထားကာ စက်ဆုပ်ရွံရှာကြသော အမျိုးကောင်းသားသမီးများက မြင်းမိုရ်တောင်ခါးပန်းမှာ ဇရက် (ဆက်ရက်)မင်းစည်းစိမ်ခံစားနေသည့် ဖခင်ယစ်ထုပ်ကြီးကို မဟန့်ရဲ၊ မတားရဲ၊ မပြောရဲ၊ မဆိုရဲသောအခါ ဖခင်ကြီးနှင့် ပတ်သက်သမျှ ခွက်ဆွဲသူ အပေါင်းအား သူတို့ဖခင်ကြီး သူရာတောမှာပျော်မွေ့နေအောင် သွေးဆောင် ဖြားယောင်းနေကြသည့် မသမာသူဒုစရိုက်သမားတွေအဖြစ် တစ်ဖက်စောင်းနင်းသတ်မှတ်ပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ဖြင့် အစွမ်းကုန် ထိုးနှက်တိုက်ခိုက်တတ်ကြသောကြောင့် အိမ်ရှေ့လမ်းကို ရှောင်ရှားခဲ့ခြင်း ဖြစ်သည်။

ပုဏ္ဏရိတ်စည်းရိုးကိုကျော်လွှား၍ ဦးလေးကိုဘဲဥတို့အိမ်ဝိုင်းထဲရှိ ခရေပင်အောက်ထဲသို့ ကျွန်တော်ဝင်ခဲ့သည်။ အိမ်အပေါ်ထပ်နောက်ဖေးနံရံတွင် ထွန်းထားသည့် ဖန်ချောင်းမီးရောင်ဖြင့် ပေနှစ်ဆယ်ပတ်လည် အမိုးအကာမရှိသော လသာဆောင်ကပြင်ပေါ်တွင် စားပွဲဝိုင်းလေးချ၍ အသူရာပါဖော့မင့်ပွဲကိုတစ်ကိုယ်တည်း ကျင်းပနေသည့် ဦးလေးကိုဘဲဥကို ထင်ရှားစွာမြင်နေရသည်။

သားသမီးများက တစ်ဖက်သတ်တင်သွင်းလာသည့် ကျန်းမာရေးအစီအရင်ခံစာကြောင့် ပိတ်ဆို့၊ အရေးယူခံထားရသော ဘဏ္ဍာရေးအကျပ်အတည်းများကြားတွင် ရပိုင်ခွင့်များကို အဖြတ်အတောက်ခံထားရသဖြင့်





တစ်စိတ်မရှိတာရှိခွက်ထဲမှ အရည်တွေကိုကြည့်ရင်း စိတ်မသတ်သာဖြင့် မျက်နှာကြီးကို ရှုံ့မဲ့နေပုံကိုလည်းအဝေးမှပင် လှမ်းမြင်နေရသည်။

စိတ်နှလုံးကို ဒုန်းဒုန်းချလိုက်ပုံဖြင့် ခွက်ကိုဖြည်းညင်းစွာမော့လိုက်သည်မှာ ခွက်ထဲမှာတစ်စက်မှ မကျန်တော့သည့်တိုင် လူလည်း ပက်လက်လန်နေသည်အထိ မလွှတ်တန်းမော့၍နေပုံများ သူ့အစား ကျွန်တော်ပင် ခေါင်းညောင်းလာသည်။

ဤပုံအတိုင်းသာဆိုလျှင် မခင်မာအေးဆိုင်၌ နှစ်ယောက်တစ်လုံးနှုန်းဖြင့် ကောင်းကောင်းကြီး သုံးဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်းသိရှိသွား၍ သူ့ပါးစပ်မှခွက်လွှတ်သွားပြီး လူလည်းအတည့်ပြန်ဖြစ်သွားသည်အထိ သည်းခံကာစောင့်စားနေရသည်။

ခွက်ကိုပြန်အချ သူ့ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်ချောင်းကြီးစီးဆင်းနေသည်ကို တအံ့တသြတွေ့မြင်လိုက်ရပြန် သဖြင့် အလိုက်ကမ်းဆိုးမသိတဲ့ သားသမီးတွေကြောင့် ဦးလေးကိုဘဲဥခမျာ လောက်လောက်ငငဝဝလင်လင် စိတ်သွားတိုင်းခွက်ပါ မသုံးဆောင်ရပါလားဟု သူ့အတွက်သနားစိတ်တွေဝင်လာပြီး ရင်ထဲပင်ဆို့နင့်သွားသည်။

ဦးလေးကိုဘဲဥဟာ မိန်းမဘက်ကတော်ရတဲ့ ဦးလေးဖြစ်ပေမယ့် ပုလင်းဖက်ဖြီးရင်းနှီးခဲ့ကြတာဆိုတော့ ကိုယ့်ဆွေမျိုးအရင်းတွေလိုပါပဲ။ အဲဒါကြောင့် သင်းရဲ့မျက်ရည်စဟာ ငါ့နှလုံးသားကိုအက်စစ်နဲ့ဆေးကြောလိုက်သလိုခံစားလိုက်ရတာကြောင့် တစ်ဦးတည်းသောဖခင်ကြီးရဲ့ရယူလိုတဲ့ဆန္ဒတပ်မက်တဲ့ချဉ်ခြင်းတွေကို အလေးမထားပဲ မျက်ကွယ်ပြုပြီး သူတို့ဆန္ဒအလိုအတိုင်း ဇွတ်အတင်းပုံသွင်းကြတဲ့ သားဆိုးသမီးဆိုးတွေရဲ့ဒဏ်ကို မချိမဆန့်ခံစားနေရတဲ့ ဦးလေးကိုဘဲဥအဖြစ်ကို မကြည့်ရက်တော့တာကြောင့် ခရေပင်ရိပ်အမှောင်အောက်မှနေပြီး အလင်းရောင်ရှိရာသို့ထွက်ကာ ဦးလေးကိုဘဲဥမြင်အောင် လူလုံးပြလိုက်သည်။

ခမျာကြီးက ဝေသီသောအကြည့်တွေဖြင့် မိုးပေါ်သို့မော့ပြီးတွေတွေကြီးငေးနေသောကြောင့် ကျွန်တော့်ကိုမမြင် သူမမြင်ပဲ သားသမီးတွေ ကျွန်တော့်ကိုတွေ့သွားမှာစိုး၍ အားလုံး၏အရိပ်အခြေကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ကောင်းကောင်းရသော လသာဆောင်၏အောက်ဘက်နားသို့ တိုး၍ သွားလိုက်သည်။

လသာဆောင်က ဆယ့်နှစ်ပေခန့်သာမြင့်၍ ဦးလေးကိုဘဲဥသာ ငုံ့ကြည့်လိုက်ပါက ဖန်ချောင်းအလင်းရောင်ဖြင့် ကျွန်တော့်ကိုသဲသဲကွဲကွဲ မြင်ရနိုင်သည့်နေရာဖြစ်သည်။ သူက အောက်သို့ငုံ့မကြည့်သောကြောင့်. .

'ရွှတ် . . ရွှတ် . . " ဟုလေသံတိုးတိုးဖြင့် အသံပေးလိုက်သော အခါ သူက ထိုင်ရာမှပင်မထပဲ အသံလာရာအောက်သို့ ငုံ့ကြည့်လိုက်သည်။ ကျွန်တော့်ကိုမြင်ပါသော်လည်း မယုံသင်္ကာဟန်ဖြင့် မျက်စိနှစ်လုံးကို ပွတ်သပ်ကြည့်နေပြန်သဖြင့် ရုတ်တရက်ဆိုင်းမဆင့်ဗုံမဆင့် ညကြီးအချိန်မတော် သူ့အိမ်နောက်ဖေးသို့ရောက်နေသည့် ကျွန်တော့်ကိုမြင်လိုက်၍ တအံ့တဩဖြစ်နေမှန်းက ထင်ရှားနေသည်။

ကျွန်တော်ကလည်း ပါးစပ်ထဲသို့ အရက်လောင်းထည့်ဟန်နှင့် 'ဂစ်တာရှိုက်' ပုံသဏ္ဌာန်ကို လက်ဟန်ခြေဟန်ဖြင့် လုပ်ပြလိုက်သည်။

သဘောကတော့ အရက်သွားသောက်မည် မခင်မာအေး၏ဆိုင်ကိုဟု အသံတိတ်နည်းဖြင့် အချက်ပြလိုက်ခြင်းဖြစ်ပါသော်လည်း ဦးလေးကိုဘဲဥက နားမလည်နိုင်ပဲ မျက်လုံးအပြူးသားကြီးဖြင့် စူးစူးစိုက်စိုက်ကြည့်နေသဖြင့် စိတ်မရှည်နိုင်တော့၍ လက်ယပ်ပြကာခေါ်လိုက်သည်။

ကျွန်တော်လက်ယပ်ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက်အောက်သို့ ငုံ့ကြည့်နေသော ဦးလေးကိုဘဲဥတစ်ယောက် ဝလုံးဝထွေးအသံကြီးဖြင့် ငယ်သံပါအောင် အော်ဟစ်ရင်း ပက်လက်လန်ပြီးနောက်ပြန်လဲကျသွားသဖြင့် ကျွန်တော်လည်းလန့်သွားသည်။ ဘာဖြစ်တာပါလိမ့် လေသင်တုန်းဖြတ်တာများလားဟု တွေးထင်ပြီး ကြောင်ကြည့်နေစဉ် ဦးလေးကိုဘဲဥ၏အော်သံကြောင့် အပြေးအလွှားလာနေကြသော သူ့သားသမီးများကို မြင်လိုက်ရသည်နှင့် ကျွန်တော့်ကိုမြင်သွားပါက ဆွမ်းခံရင်းငှက်သင့်တော့မည့်အဖြစ်ကလည်း မြေကြီးလက်ခတ်မလွဲတော့၍ ကြိုတင်ရှောင်ရှားသည့်အနေဖြင့် သူတို့မမြင်ခင် လာလမ်းအတိုင်းခပ်သုတ်သုတ်ပြန်ဆုတ်လာခဲ့ရသည်။





"အဖေ . . အဖေ ဘာဖြစ်တာလဲ . . "

"အဲဒါကြောင့် အဖေ့ကိုအရက်မသောက်ပါနဲ့လို့ပြောတာပေါ့"

စသည့် စသည့် အသံများကိုလည်း နားစွန်နားဖျားကြားလိုက်ရသဖြင့် မိဘအပေါ် အပြစ်တင်စောရတ်သည့် ဦးလေးကိုဘဲဥ၏ သားသမီးများကိုအမြင်ကတ်သွားမိသလို အလိုက်ကမ်းဆိုးမသိသော ရန်သူမျိုးငါးပါးထဲမှ အမွေခံသားဆိုး၊ သမီးဆိုးမျိုးတွေကိုသာ ရထားသည့် ဦးလေးကိုဘဲဥကိုအသနားပိုသွားမိသည်။

ဦးလေးကိုဘဲဥ ဘာဖြစ်သွားသည်ကို သိချင်ပါသော်လည်း ယခု ညတွင်းချင်းသွားမေးလို့မဖြစ် မနက်ဖြန်မနက်မှ သွားမေးတော့မည်ဟု ဆုံးဖြတ်လိုက်ကာ သုံးဆောင်ရန် အချိန်အခါကလည်း နှောင်းနေပြီဖြစ်၍ စိတ်ပျက်လက်ပျက်ဖြင့် ဆိုင်ရှိရာသို့ပြန်လာခဲ့ရသည်။

ခေါင်းငိုက်စိုက်ချ၍ပြန်လာသောကျွန်တော်တစ်ယောက် ရပ်ကွက်နှစ်ခုအကြား ခြေသွားလမ်းဖြင့် ဆက်သွယ်ထားသောကုလားတန်ရေကန်ပေါင်ပေါ် အရောက်လမ်းဘေးမလှမ်းမကမ်းရှိ လူတစ်ဖက်သာသာ မန်ကျည်းပင်အောက်တွင်ရပ်ထားသည့် ဆိုင်ကယ်တစ်စီးကိုတွေ့လိုက်ရသည်။ ဆိုင်ကယ်နားသွားကြည့်လိုက်တော့ဆိုင်ကယ်ပွဲစားစိုးကျော်နှင့် ချစ်အောင်တို့ဆိုင်ကယ်ကြီးဖြစ်နေသဖြင့် . . .

"ဒီနှစ်ကောင်ကတော့ မြွေမကြောက်၊ ကင်းမကြောက် မှောင်နဲ့မည်းမည်းမှာတောင် အတွဲချောင်းနေကြတယ်ထင်တယ်"

ကျွန်တော့်အတွေး မဆုံးသေး၊ ကန်ပေါင်ဘက်မှနေ၍ စကားတပြောပြောဖြင့် ခပ်သုတ်သုတ်လျှောက်လာသော သူနှစ်ယောက်တိုဝိုးတဝါးတွေ့လိုက်ရသဖြင့် . . .

"အရင်တစ်ခါ မျက်နှာပြောင်သရဲနဲ့တိုးတာတောင်အမှတ်မရှိဘဲ အတွဲချောင်းချင်တဲ့ ဒီနှစ်ကောင်လန့်သွားအောင် စဦးမယ်"

ဟု တွေးပြီး မန်ကျည်းပင်ပေါ်တက်၍ လက်ခုတ်တစ်ဖောင်ခန့်အမြင့်တွင် ဆိုင်ကယ်အပေါ် ရှေ့နားသို့ ကိုင်းနေသော မန်ကျည်းတိုင်းပေါ်၌ ထိုင်နေလိုက်သည်။ အုပ်ဆိုင်း၍ဝေဆာနေသော မန်ကျည်းကိုင်း၊ မန်ကျည်း

www.burmeseclassic.com



ရွက်တွေနှင့်တကွ အမှောင်ထုပါလွှမ်းခြုံထားသဖြင့် သူတို့နှစ်ယောက် အပင်ပေါ်သို့ မော့မကြည့်မခြင်း ကျွန်တော့်ကိုမြင်ကြမည် မဟုတ်ပေ။

ကျွန်တော်ထင်ထားသည့်အတိုင်း သူတို့နှစ်ယောက်မန်ကျည်းပင်အောက်သို့ဝင်လာသော်လည်း အပေါ်ကိုမော့မကြည့်ကြ။ နှစ်ယောက်သား ဆိုင်ကယ်ပေါ်တက်ပြီးနောက် စိုးကျော်က ဆိုင်ကယ်စက်နှိုးရင်း. . .

"အသုံးမကျတဲ့ကောင်၊ ညံ့လိုက်တဲ့ကောင် လက်ကိုတောင်မကိုင်ရဲမှတော့ လဲပြီးသာသေလိုက်ဖို့ကောင်းတဲ့ကောင်၊ ချောင်းကြည့်ရကျိုးမနပ်အောင်လုပ်တဲ့ခွေးမသား၊ လူချင်းနေရာချင်းသာလဲပစ်လိုက်ချင်တော့တယ်"

ပြောပြောဆိုဆိုဖြင့် ဆိုင်ကယ်ကိုစက်နှိုးလိုက်ပြီး ရှေ့မီးကြီးကိုဖွင့်လိုက်သဖြင့် မန်ကျည်းပင်အောက်ခြေတစ်ခုလုံးလင်းထိန်သွားသည်။ ဤအနေအထားက ကျွန်တော်လိုချင်သောအနေအထားဖြစ်သည်။

ဆိုင်ကယ် မီးရောင်ကသစ်ပင်ပေါ်ရှိ ကျွန်တော့်ကိုသစ်ပင်အောက်မှနေ၍ပင့်ပြီး မီးထိုးထားသလိုဖြစ်နေသည်။ ကိုယ့်မျက်နှာကိုမေးစေ့နေရာမှ ဓာတ်မီးဖြင့်ပင့်ထိုး ပြီး မှန်ထဲတွင်ကြည့်ပါက မီးအလင်းရောင်နှင့်ကျရောက်သည့် အရိပ်တို့ ကြောင့်ထိတ်လန့်စရာကောင်းသော မျက်နှာသွင်ပြင်မျိုးဖြစ်သွားသည် ကိုသိရှိထားသဖြင့် ကျွန်တော်ဆင်ထားသော ခွင်ထဲသို့ဝင်လာပြီဖြစ်သောကြောင့်

'ဟင်း . . ခန်' သက်ပြင်းရှည်ကြီးကို ဆွဲဆွဲငင်ငင်ချကာ အသံပေးလိုက်သည်။

ကျွန်တော့်အသံကြောင့် ဟိုနှစ်ကောင်ကဖျတ်ခနဲမော့ကြည့်သည်။ အောက်မှပင့်ထိုးသလိုဖြစ်နေသော ဆိုင်ကယ်မီး၏အလင်းရောင်ထဲတွင် သူတို့နှစ်ဦး၏ခေါင်းပေါ်တစ်လံအကွာ မန်ကျည်းကိုင်းပေါ်၌ ငုတ်တုတ်ကြီးထိုင်ရင်း သူတို့ကိုငုံ့ကြည့်နေသည့် ကျွန်တော့်ကိုတွေ့မြင်သွားပြီးနောက် နှစ်ယောက်သားပါးစပ်အဟောင်းသားဖြင့် ကြက်သေသေပြီး မော့ကြည့်နေစဉ်တွင်ကျွန်တော်က သွားများပေါ်သည်အထိ ပြုံးပြလိုက်သည်နှင့်တစ်ပြိုင်နက်

'ဝါး . . အား . .'





ဆိုသည့်အသံဆိုးကြီးနှစ်သံက တစ်ခဲနက် ကျယ်လောင်စွာ ထွက်ပေါ်လာပြီးနောက်၊ နံပါတ်ဝမ်းဂီယာကြီးထိုးပြီးစ ဆိုင်ကယ်၏လီဗာကို အလန့်တကြားဖြင့် စိုးကျော်တဆွဲချလိုက်လေတော့ သည်။

လီဗာကိုအသားကုန်ဆွဲလိုက်သောကြောင့် ဆိုင်ကယ်ကြီးက အရှိန်ဖြင့်ဆောင့်ပြီးထွက်သွားကာ ရှေ့တည့်တည့်ရှိ ပဒိုင်းချုံကြီးထဲသို့ ဝင်သွားလေတော့သည်။ ပဒိုင်းပင်အရွက်ရှိဆူးများ၊ ပဒိုင်းသီးရှိဆူးများနှင့် စူးမိ၊ ခြစ်မိ၊တိုးမိသောကြောင့် အား. . ခနဲ၊ အီး . . ခနဲအသံများထွက်လာသော်လည်း ဆိုင်ကယ်ကိုအရှိန်မလျှော့ဘဲ ပဒိုင်းချုံတောကြီးကိုတိုးတိုက်ဖောက်ထွင်း၍ လမ်းမကြီးရှိရာသို့ ဒုန်းစိုင်းသွားနေသော စိုးကျော်တို့ ဆိုင်ကယ်ကြီးကိုကြည့်ရင်း အသနားမဖက်ဘဲ ကျွန်တော့်မှာ တဟားဟားရယ်နေမိတော့သည်။

ရယ်လို့မှအားမရ မန်ကျည်းပင်ပေါ်မှဆင်းကာ ဆိုင်ရှိရာသို့ လျှောက်လာခဲ့သည်။ မနက်ဖြန်ကျလျှင် စိုးကျော်နှင့်ချစ်အောင်ကိုတွေ့အောင်ရှာ၍ ယခုညဖြစ်ခဲ့သည့်ကိစ္စကိုမသိချင်ယောင်ဆောင်၍ မေးကြည့်လျှင်ဖြင့် သင်းတို့ပွဲစားတွေပါးစပ်ဖျားက မဟုတ်တရုတ်အပိုဆာဒါးဇာတ်လမ်းနှင့်စကားတွေ ဘယ်လိုများထွက်ပေါ်လာမည်လဲဟု သိချင်စိတ်များပင် တဖွားဖွားပေါ်နေပါတော့သည်။

ကျွန်တော့်ဆိုင်လေးက မြို့စွန်မှာရှိသလို အဝေးပြေးလမ်းမကြီး၏ဘေးတွင်ရှိသောကြောင့် ဆိုင်၏ဘေးတစ်ဖက်တစ်ချက်တွင် လမ်းမီးတိုင်များမရှိ၍ ကျွန်တော့်ဆိုင်၏မီးအလင်းရောင်ကို အဝေးကြီးမှပင် လှမ်းမြင်နိုင်သော်လည်း ဤနေ့ကတော့ ဘာကြောင့်မှန်းမသိ ကျွန်တော့်ဆိုင်၏ မီးရောင်ကိုမမြင်ရ၊ ယုတ်စွအဆုံး မိုးစံပယ်ဟူသော ကျွန်တော့်ဆိုင်၏ ဆိုင်းဘုတ်မီးကိုပင်မတွေ့ရ၍ မတွေးတတ်အောင်ဖြစ်မိသည်။

မစံပယ်တစ်ယောက်နေမကောင်းလို့များလားဟု တွေးမိသော်လည်း အိပ်ရာပေါ်ဘုန်းဘုန်းလဲသည့်တိုင် ဆိုင်ပိတ်လိမ့်မည်မဟုတ်သည့် ကိုယ့်မိန်းမအကြောင်းကို သိနေပြန်သည်။

အမျိုးမျိုးတွေးတောရင်းမှ နောက်ဆုံးတွေးမိသည်က ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မရှိလို့ဆိုင်ပိတ်လိုက်ရခြင်းဖြစ်မည်၊ ကောင်တာတွင် ငွေသိမ်းသည့်နေရာတွင်လည်းကောင်း၊ စားပွဲထိုးသည့်နေရာတွင်လည်းကောင်း၊ ကြော်လှော်ချက်ပြုတ်ရာတွင်လည်းကောင်း၊ ပန်းကန်ခွက်ယောက်များကို ဆေးကြောပေးရသည့်နေရာတွင်လည်းကောင်း ကျွန်တော့်ခြေ၊ ကျွန်တော့်လက် ကျွန်တော်မပါလျှင်မပြီးခဲ့ပေ၊

ကျွန်တော်မရှိသောအခါတွင် သူမတစ်ယောက်တည်း ဂျင်ခြေလည်အောင် ခေါင်းမဖော်တမ်းလုပ်ရကိုင်ရတော့မည်။ ပင်ပန်းလွန်းသောအခါ မတတ်သာ၍ ဆိုင်ကိုစောစီးစွာပိတ်ရခြင်းဖြစ်မည်၊

ကျွန်တော်ရှိတုန်းကတော့ ကျွန်တော့်တန်ဖိုးကိုမသိခဲ့၊ အလေးမထားခဲ့တဲ့ မိန်းမ၊ ယခုကျွန်တော်မရှိတော့မှ ကျွန်တော့်အကြောင်း သင်းကောင်းကောင်းသိပေပြီ၊ မှတ်ရောဟဆိုပြီး နောက်ထပ်သုံးလေးရက်လောက်တစ်နေရာကိုသွားနေဖို့ပင်စိတ်ကူးမိသော်လည်း အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားအနေနဲ့ အဲဒီလောက်အထိ သဘောထားသေးသိမ်ဖို့ မသင့်လျော်ပေဘူးဟု ယူဆကာ ကိုယ့်မာန်ကို ကိုယ်ချ၍ ဆိုင်ရှိရာသို့ အမှောင်ထုထဲမှာပင် တစ်လှမ်းချင်း လျှောက်လှမ်းလာခဲ့သည်၊

ဆိုင်ရှေ့ရောက်တော့ ဆိုင်တံခါးများနှင့်ဆိုင်ရှေ့မီးများကိုသာ ပိတ်ထားပြီးအတွင်း၌ မီးလင်းနေသည်၊ လှုပ်လှုပ်ရွရွဖြင့် အလုပ်လုပ်နေကြသောအသံများကိုကြားနေရသည့် မီးအလင်းရောင်လေးပြူထွက်နေသော ဆိုင်ရှေ့တံခါးကြားမှနေ၍အတွင်းသို့ ချောင်းကြည့်လိုက်တော့ ချက်ဖို့ပြုတ်ဖို့အတွက်အလုပ်ရှုပ်နေသော ဆိုင်အလုပ်သမားလေးနှင့်တကွ ကျွန်တော့်ဘက်ကအမျိုးတချို့ပါရောက်ရှိနေကြောင်းကိုတွေ့လိုက်ရသည်၊

သူတို့တွေ အလှူတစ်ခုလုပ်ဖို့ပြင်ဆင်နေကြတာပဲ၊ ငါ့အမျိုးတွေလည်းရောက်လို့ မစံပယ်တစ်ယောက် ငါမရှိတုန်း ထင်ရာတွေစိုင်းနေတာလား၊ ငါ့ကိုအသိမပေး၊ အသိအမှတ်မပြုပဲ ငါမရှိတုန်း ငါ့အမျိုးတွေကိုခေါ်ပြီးတမင်ငါ့ကိုအရွဲ့တိုက်နေတာလား . . .

ကျွန်တော်ဘယ်လိုမှ မတွေးတတ်တော့သဖြင့် ဆိုင်ရှေ့တံခါးကို





ခေါက်လိုက်ရာ တံခါးအနီးတွင်ရှိသော ဆိုင်အလုပ်သမလေးက အလန့်တကြားဖြင့် လှည့်ကြည့်ရင်း . . .

"ဘယ် . . ဘယ်သူလဲ . ." ဟု အသံတုန်တုန်ဖြင့် မေးလိုက်သဖြင့် . . .

"ငါပါဟ . . ."

ကျွန်တော်ဖြေလိုက်သည်နှင့်တစ်ပြိုင်နက် . . .

"အောင်မလေး . . အပြင်ဘက်မှာ . . ငါပါဟတဲ့ . . တော့် . ."

ဟု အလန့်တကြားအော်ဟစ်ကာ ဆိုင်အတွင်းထဲသို့ပြေးဝင်သွားသဖြင့် ကျွန်တော်ပါကြောက်လန့်ပြီးထခုန်မိကာ ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် ကြည့်မိသည်။ ဆိုင်ရှေ့တွင် ကျွန်တော်တစ်ယောက်တည်းမှလွဲ၍ ည်သူ မျှမရှိ၊ ထို့အပြင် 'ငါပါဟ . .' ဆိုသော စကားကလည်း အသည်းဒိတ်စရာ စကားလုံးမဟုတ်ပါဘဲနှင့် ကောင်မလေး ဘာကြောင့် အလန့်တကြားအော်ဟစ်ပြီးထွက်ပြေးရသနည်း၊

မသန့်သောနေရာများကိုသွား၍ မဟုတ်တာလုပ်ခဲ့သဖြင့် မမြင်ရသော မကောင်းဆိုးဝါးများ ကျွန်တော်နှင့် ကပ်ပြီးပါလာလေသလား၊ ျွန်တော်၏ ဘုန်းကံအရှိန်ကြောင့် ကျွန်တော့်ကို မခြောက်လှန့်နိုင်သောအခါ ကံနိမ့်သောကောင်မလေးကို သွားပြီးခြောက် လှန့်လေသလား။

စသည့်၊ စသည့်အတွေးများဖြင့် ကျွန်တော်တစ်ယောက်အသည်း ယ်သွားစဉ် ဆိုင်အတွင်းမှနေ၍ မစံပယ်၏အသံက တုန်တုန်ရင်ရင်ဖြင့် ာက်ပေါ်လာသည်၊

"အ . . အပြင်ဘက်က . . ဘယ် . . ဘယ်သူလဲ . ."

အားငယ်စိတ်ဝင်နေသော ကျွန်တော့်မှာလည်း 'ငါပါဟ . . .' ိုသော စကားမှတစ်ပါး အခြားပြောစရာမရှိ၍ လေသံတိုးတိုးဖြင့် ပြော ိုက်သည်၊

"ငါပါ . . ဟ . ."

ကျွန်တော့်စကားအဆုံး အသည်းအူပြုတ်မတတ်ရိုက်ကြီးတငင်



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးလိုက်သော မစံပယ်၏ငိုသံကြီးကို ကြားလိုက်ရသဖြင့် ကျွန်တော်လည်း တုန်လှုပ်သွားပြီး တံခါးကို 'တဘုန်းဘုန်း . .' ဖြင့် ထုလိုက်မိလျှင်

"အီး . . အီး . . ကိုညီရေ . . အမျှ . . အမျှ . . အမျှ . ."

ဟူသော နားမချမ်းသာစရာ ငိုယိုအမျှဝေသံကြီးထွက်ပေါ်လာပြန်၍ ကျွန်တော့်မှာ နားမလည်ခြင်း၊ အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်းများဖြစ်ပေါ်လာပြီး လူမှာဆို့နင့်၍ ဘာစကားမှပြန်မပြောဘဲ တံခါးကြီးကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်နှင့်တစ်ပြိုင်နက် . .

"ရှိတုန်းကလည်း အမျိုးမျိုးဒုက္ခပေး၊ သေပြီးသရဲဖြစ်တာတောင်မှ ဒုက္ခဆက်ပြီးပေးချင်သေးတယ်ပေါ့။ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ရေ ကြည့်မနေကြပါနဲ့ ဟောဒီမှာ ဆိုင်ဖျက်နေပါတယ်တော့ . . ."

ဟူသော ငိုကြီးချက်မဖြင့် ကြောက်လန့်တကြားရန်တွေ့သံကြီးထွက်ပေါ်လာ၍ ကျွန်တော်ပါးစပ်အဟောင်းသားဖြစ်သွားစဉ် ဆိုင်အတွင်းမှနေ၍ ကျွန်တော့်အဖေ၏ အသံကြီးကိုကြားလိုက်ရသည်။

"သား . . ညီညီ . . ဘဝတွေခြားခဲ့ပါပြီကွယ် . . သားမိန်းမအတွက် နောက်ဆံတင်းမနေပါနဲ့တော့ အဖေတို့ရှိပါတယ် သားရယ် . . သားသွားလိုရာကိုသွားပါတော့ . . ."

အောင်မလေးဗျာ ကိုယ့်အဖေအရင်းခေါက်ခေါက်ကြီးက ပြောရက်လိုက်တာသွားလိုရာသွားပါတော့တဲ့၊ ဘဝတွေခြားခဲ့ပါပြီတဲ့ သားအဖအရင်းကြီးကိုသေစာရင်းသွင်းတဲ့အထိ ဖြစ်သွားရလောက်အောင် ကြားထဲကနေ ဒီကောင်မက ဘာတွေဝင်ပြီး ခလောက်ဆန်ခဲ့ သွေးခွဲခဲ့လေသလဲ . .

ကျွန်တော့်အတွေးပင် မဆုံးသေး။

"အီး . . ရွှတ် . . ကိုညီရေ . . ရှင့်ကို . . ကျွန်မကြောက်ပါတယ်တော့ . . ရှင်လာချင်ရင် . . ရွှတ်ရွှတ် . . ရက်လည်ဆွမ်းသွတ်မှပဲ နောက်ဆုံးအနေနဲ့ . . လာခဲ့ပါတော့ . . အီး . . အီး . ."

ဆိုသည့် မစံပယ်၏ငိုသံကြောင့် လေကားသုံးထစ်ဆင်းတာလည်း မဟုတ်၊ နှစ်ညအိပ်သုံးရက်လောက်ခွဲပြီး ခရီးသွားရုံလေးဖြင့် လူစင်စစ်ကို





သေရွာပို့ရက်သော မစံပယ်အပေါ် ဒေါသတွေအချောင်းလိုက်ထွက်သွား၍ ဆိုင်တံခါးမကြီးကို ခြေထောက်ဖြင့် ပြေးကန်ရင်း ဒေါသသံအပြည့်ဖြင့် . .

"ဖွင့် . . ဖွင့်စမ်း . ."

ဟု ဗလုံးဗထွေးအော်ဟစ်လိုက်သောအခါ . . .

"ဟာ . . ပိုကြမ်းလာပြီဟေ့ . ."

"ကြောက်တယ် . . ကြောက်တယ် . ."

"ဘယ်နှယ့်လုပ်ကြမလဲ . ."

စသဖြင့် စသဖြင့် တစ်ယောက်တစ်ပေါက်အသံများနှင့်အတူ . .

"မပူနဲ့ မပူနဲ့ ဒါမျိုးလောက်တော့ ဖျင်းတောင်ဖျင်းသေးတယ်"

ဟူသောအသံတိုကြားလိုက်ရသည့် ထိုအသံက ကျွန်တော့်အစ်ကိုဝမ်းကွဲ တင့်လွင်၏အသံဖြစ်သည်၊ သင်းက ဘိုးတော်ယောင်ယောင် ဘာယောင်ယောင်ဖြင့် ပုတီးတကားကားလုပ်ရင်း အဓိဋ္ဌာန်ဝင်သည်ဟုဆိုကာ ဖဲဝိုင်းထောင်တတ်သူဖြစ်၍ ဘယ်နှယ့်ကြောင့် သင်းကငါ့ဆိုင်ထဲရောက်နေပါလိမ့်ဟု တွေးနေဆဲ . . .

ဘေးဘက်ပြတင်းတံခါးတစ်ချပ် 'ဖြန်း . . ခနဲ' ပွင့် သွားပြီး 'ထွီ . ." ဆိုသည့်အသံနှင့်အတူ ကျွန်တော့်မျက်နှာ၊ ရင်ဘတ်တို့အပေါ်သို့ ပူပူနွေးနွေး နံ့နံ့စော်စော်အရည်များ 'ဖတ် . . ခနဲ' လာပေ၍ လူမှာလည်း 'ဟာ . . ခနဲ' ဖြစ်သွားစဉ်ပြတင်းတံခါးက 'ဒိုင်း . . ခနဲ' ပြန်ပိတ်သွားကာ . .

"ဒီထက်ကြမ်းတဲ့ ဖုတ်၊ သရဲတွေတောင်မှ ငါ့ကွမ်းမန်းဒဏ်ကိုမခံနိုင်တာ သင်းလိုအစိမ်းသေမျိုးကတော့ သနားတယ်"

ဟူသည့် တင့်လွင်၏စကားသံကိုကြားလိုက်ရသည်နှင့် ကျွန်တော့်မျက်နှာနှင့်ရင်ဘတ်တို့တွင်ပေကျံသွားသော ပူပူနွေးနွေးနံ့နံ့စော်စော်အရည်များမှာ သင်း၏ကွမ်းတံတွေးများဖြစ်ကြောင်းသိရှိသွား၍ ဒေါသများငယ်ထိပ်ရောက်သွားပြီး ဘေးနားတွင်ရှိသော အုတ်ခဲကျိုးဖြင့်ဆိုင်တံခါးကိုပေါက်လိုက်ရင်း . . .

"ဟေ့ကောင် တင့်လွင် မင်းကငါ့ကိုများကွမ်းတံတွေးနဲ့ထွေးရတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရဲစခန်းကိုသွားပြီး အမှုဖွင့်မယ်ကွ။ မင်းရှိရင် ဖဲဝိုင်းသေချာပေါက်ရှိတယ်။ မိစံပယ်နှင့်ကိုလည်း ဖဲဝိုင်းထောင်စားတဲ့အမှုနဲ့တိုင်မယ်ဟေ့ . . . "

ကျွန်တော်က ကြုံးဝါးရင်းခဲနဲ့ထပ်ပေါက်ရန် အုတ်ခဲကျိုးကိုလိုက်စမ်းနေစဉ် . .

"သရဲက ရဲစခန်းသွားအမှုဖွင့်ရင် ရဲကလက်ခံပါ့မလား"

"စခန်းရှေ့မှာ ကူညီပါရစေဆိုပြီး ရေးထားတာပဲ အမှုသာမှန်ရင် သရဲကိုလည်း ကူညီလိမ့်မယ်ထင်တယ်"

"ဟာ . . အမှုကမှန်နေတာပဲ"

ထိုစကားသံများနှင့်အတူ ဆိုင်ရှေ့တံခါးမကြီးပွင့်လာပြီး အဖေထွက်လာသည်။

"သား . . ညီညီ . . မင်း လူ . . လူအစစ်လား . . "

"ကိုယ့်သားကိုယ်တောင် လူဟုတ်မဟုတ်မသိဘူးလား။ အဖေတို့ အမေတို့မွေးထားတဲ့ ဟာပဲ . . . "

"ဟ . . ငါမွေးတုန်းကတော့ လူစစ်စစ်မွေးထားတာပဲ။ အခုမင်း . . မင်းက . . မြွေကကိုက်လို့သေပြီမဟုတ်လား"

"မဦးမချွတ်ဗျာ မြွေမကိုက်ပါဘူး . . "

"မင်းဘာမှမဖြစ်ဘူးပေါ့ . . "

"ဖြစ်တာက ဆိုင်တံခါးဖွင့်မပေးဘဲ ကွမ်းတံတွေးနဲ့အထွေးခံရတာပဲ"

"ငါမေးတာက အဲဒါမဟုတ်ဘူး။ မင်း မြွေကိုက်ပြီးသေပြီဆို အခု မြွေကိုက်ခံရဘာတောင်မှ ဘာမှမဖြစ်ဘူးပေါ့"

"သေလည်းမသေဘူး၊ မြွေလည်းမကိုက်ဘူး၊ အဖေ့ကိုဘယ်သူပြောလဲ"

ထိုစဉ်ဆိုင်ရှေ့သို့ မဝံ့မရဲဖြင့်ခေါင်းပြူ၍ကြည့်နေသော တင့်လွင်ကို အဖေလှည့်ကြည့်လိုက်သဖြင့် ကျွန်တော်သဘောပေါက်သွားပြီး . .

"ဒီမှာ တင့်လွင် မင်းတော်တော်ယုတ်မာလှချည်လား။ မင်းဟာ မင်းလောင်းကစားလုပ်ချင်တာနဲ့ ညီဝမ်းကွဲအရင်းခေါက်ခေါက်ကြီးကို အရှင်





လတ်လတ်သေရွာကိုပို့ရတဲ့အထိ ကလိမ်ခြုံညဏ်တွေဆင်ရဲလောက်အောင် မင်းတော်တော်အောက်တန်းကျပါလားကွ။ ငါသည်းမခံဘူး၊ မင်း ရဲနဲ့ရှင်းဖို့ သာပြင်ပေတော့"

တင့်လွင်တ အဖေ့နောက်တွင်ဝင်၍ကွယ်ရင်း . . .

"ဘာကလိမ်ခြုံညဏ်လဲ၊ ငါလိုသူတော်ကောင်းတိုမဟုတ်မဟာတ်စွပ်စွဲချက်တွေနဲ့ ငါ့ဂုဏ်ကိုထိခိုက်ပြီး ထပ်ပြောရင် အသရေဖျက်မှုနဲ့ ငါလည်းတရားပြန်စွဲမယ်ကွ၊ မင်းသေပြီဆိုပြီး မနေ့ကသက်ဖျောက် ဆွမ်းကျွေးလို့ ငါ့ညီဝမ်းကွဲလေးအသုဘစည်ကားပါစေတော့ဆိုပြီး ငါကစေတနာနဲ့လုပ်ပေးနေတာ . . . "

"ဘာ . . မနေ့က ငါ့အတွက် သက်ဖျောက်ဆွမ်းကျွေးတယ်ဟုတ်လား"

ဆိုင်ထဲမှနေ၍ မစံပယ်နှင့်အတူထွက်လာသောအမေတ . .

"အေးလေကွယ် မင်းသေပြီလို့ မစံပယ်လာအကြောင်းကြားကြားချင်း ငါတို့လည်း မင်းအတွက် ဆွမ်းသွတ်လိုက်ရတာပေါ့"

"လုပ်ရက်လိုက်တာ မစံပယ်ရယ်၊ အိမ်ကနေ နှစ်ရက်တစ်ပိုင်းခွာသွားရုံနဲ့ ငါ့ကိုသေစာရင်းသွင်းရသတဲ့လား။ မင်းအဲဒီလောက်ထိအောင် ငါ့ကိုမုန်းနေပြီလား"

"မုန်းနေပြီလားတဲ့၊ ရှင့်ပါးစပ်မို့ပြောထွက်တယ်၊ ချစ်လို့ရှင့် ချစ်လို့ ရှင်သေပြီဆိုတဲ့ အကြောင်းကြားစာလာတော့ လင်မသေဖူးတဲ့ ကျွန်မတော ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ရှင့်မိဘတွေကို သွားအကြောင်းကြားတာ ဆွမ်းသွတ်တာက ရှင့်မိဘတွေခိုင်းလို့ . . . "

"ဟေ . . ငါသေပြီဆိုတဲ့ အကြောင်းကြားစာလာတယ်ဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ် ဟောဒီမှာမြွေကိုက်လို့ ညီညီသေပြီ အမြန်လာတဲ့၊ စာတလည်း မင်းမိန်းမမျက်ရည်နဲ့ ပျက်လုပျက်ခင်တောင် ဖြစ်နေပြီ"

ကျွန်တော်တအံ့တသြဖြင့် စာကိုယူလိုက်စဉ် ဆိုင်ရှေ့မီးများသည်



www.burmeseclassic.com

www.burmeseclassic.com



လင်းလာပြီး ဆိုင်အတွင်းရှိလူများရော၊ ဘေးပတ်ဝန်းကျင်ရှိ အိမ်များမှ လူများပါ ဝိုင်းလာကြသည်။

စာကိုမြင်ရုံဖြင့် အငယ်ကောင်ခေါ် ညီညီတစ်ယောက် မြွေကိုက်လို့သေဆုံးကြောင်းကို ကိုဖြားကြီးမှတစ်ဆင့် ကိုဝိုင်းထံသို့ သတင်းပို့အကြောင်းကြားလိုက်သည့် ကျွန်တော်ကိုယ်တိုင်ရေးလိုက်သည့်စာဖြစ်သည်။ ထိုစာက ကိုဝိုင်းထံမရောက်ပဲ ကျွန်တော့်မိန်းမထံ ဘယ်လိုလုပ်ပြီးရောက်သွားပါသနည်းဟူသော အဖြေကလည်း စဉ်းစားစရာမလိုအောင် ထင်ရှားနေသည်က စာအိတ်ပေါ်မှလိပ်စာ . . .

ကိုဝိုင်းစခန်း၌ ကျွန်တော်တစ်ပတ်ခန့်နေထိုင်မည်ဖြစ်ကြောင်း မစံပယ်ထံသို့ သဝဏ်လွှာပို့ရန်ရေးသားစဉ်က အကြညာဏ်မထွက်၍ စာအိတ်ပေါ်တွင် ကျွန်တော့်ဆိုင်လိပ်စာသာရေးဖြစ်ခဲ့သည်။ ညီညီခေါ် အငယ်ကောင် မြွေကိုက်လို့သေပြီဟု ကိုဖြားကြီးကလာပြောသောအခါ အလောတကြီး အထိတ်ထိတ်အလန့်လန့်ဖြင့် ထူပူပြီး ကိုဝိုင်းထံအကြောင်းကြားစာရေး၍ အယောင်ယောင်အမှားမှားဖြင့် ကျွန်တော့်ဆိုင်လိပ်စာတပ်ထားသော စာအိတ်တွင်ထည့်ကာ ကိုဖြားကြီးတို့ပေးလိုက်မိသည်။

ကိုဖြားကြီးက ကိုဝိုင်းကိုလူချင်းတွေ့၍ ပါးစပ်ဖြင့်သာပြောကာ ကျွန်တော့်ဆိုင်လိပ်စာရေးထားသော စာကိုတော့ အဝေးပြေးကားဖြင့်ထည့်ပေးလိုက်ခြင်းဖြစ်၍ မစံပယ်ထံရောက်သွားခြင်းဖြစ်ကြောင်းက ကွမ်းတံတွေးဖြင့် အထွေးခံရရုံမက ဆွမ်းသွတ်ပြီးသည်အထိ ထင်ရှားနေပါသော်လည်း နမော်နမဲ့နိုင်သည့်ကိုယ့်အဖြစ်ကိုမမြင်ဘဲ ဒေါသတကြီးဖြင့် မစံပယ်ဘက်သို့ မြားဦးလှည့်လိုက်သည်။

"ဒီစာရရုံနဲ့ ကိုယ့်လင်သေတာဟုတ်မဟုတ် မင်းကိုယ်တိုင်လာပြီး စုံစမ်းသင့်တာပေါ့ကွ"

"ကိုယ်တိုင်လိုက်ပြီးစုံစမ်းရအောင် ရှင်သွားတဲ့နေရာကိုတိတိကျကျပြောခဲ့လို့လား။ မကွေးနဲ့အောင်လံကြားက မြေလွတ်မြေရိုင်းစိုက်ပျိုးရေးစခန်းလို့ပဲပြောခဲ့တာလေ။ အဝေးပြေးကားသမားတွေမေးကြည့်တော့ မကွေးနဲ့အောင်လံက မိုင်တစ်ရာကျော်လောက်ကွာပြီး စိုက်ပျိုးရေးစခန်းတွေ





ကလည်း အများကြီးတဲ့ စခန်းနာမည်တိတိကျကျမသိရင် လနဲ့ချီပြီး ကြာအောင် ရှာမှတွေ့လိမ့်မယ်တဲ့"

"ဒီစာလာပေးတဲ့ ကားသမားကိုမေးလိုက်ပါတော့လား"

"မေးရအောင် အဲဒီကားက ကျွန်မတို့ဆိုင်ရှေ့မှာရပ်တဲ့ကားမဟုတ်ဘူး၊ စာပါတယ်လို့အော်ပြီး လမ်းပေါ်ပစ်ချသွားခဲ့လို့ ဘာကားမှန်းတောင်မသိလိုက်ဘူး။ ပြောစမ်းပါဦး အဲဒီစာကိုဘယ်သူရေးပြီး ဘယ်လိုလုပ်ပြီးဒီကိုရောက်လာတာလဲ၊ စာလာပေးတဲ့ ကားသမားကိုမေးခိုင်း နေတာတည်းက ဒီကိစ္စကို ရှင်သိရမယ်ပြောစမ်း . . ."

မြားဦးက ကျွန်တော့်ဘက်လှည့်လာပြန်သဖြင့် လမ်းကြောင်းထပ်လွှဲရပြန်သည်။

"အဲဒီကိစ္စအသာထားစမ်းပါ။ လူကိုယ်တိုင်အရှင်လတ်လတ်ကြီးဆိုင်ရှေ့ရောက်လာတာတောင်မှ တံခါးဖွင့်ပေးဖော်မရတာ ဘာသဘောလဲ"

"ဒါကတော့ သားရယ် . . မင်းကိုသေပြီလို့ထင်ထားကြတာကိုးကွဲ့"

အမေကပြေရာပြေကြောင်းဝင်ပြောသော်လည်း ကျွန်တော့်စိတ်ကမပြေ၍ . . .

"မဟုတ်သေးဘူး အမေ။ သူကျွန်တော့်ကိုရကာစက ဒီဘဝမဟုတ်ဘူး ဆယ်ဘဝတောင်ချစ်ပြမယ်တဲ့ အခုတော့ ဘဝတောင်မကူးရသေးဘူး။ သေတယ်ကြားရုံနဲ့ တံခါးတောင်ဖွင့်မပေးတော့ဘူးဗျ"

"ဖွင့်ပေးလို့ဖြစ်မလားကွ။ မင်းမိန်းမမပြောနဲ့ ငါလိုအဖေအရင်းခေါက်ခေါက်ကြီးတောင် သွေးလန့်တဲ့အထိ မင်းရဲ့အခြောက်အလှန့်သတင်းကကြီးနေတာကိုးကွ။

မောင်ဘဲဥတစ်ယောက် သူ့အိမ်နောက်ဖေးကပြင်မှာ ထိုင်ပြီးအရက်သောက်နေတုန်း 'ဖြန်း . . ခနဲ' ကပြင်အောက်မှာ မင်းပေါ်လာပြီးအရက်သောက်မယ်၊ မိန်းမပွေမယ် လာ . . လာဆိုပြီး လက်ဟန် ခြေဟန်နဲ့ခေါ်နေတာကိုမြင်လိုက်ရလို့ မောင်ဘဲဥခမျာ အကြောက်လွန်ပြီး အသိတောင်လစ်သွားတယ်ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူသတိရရခြင်းသူ့သားကို ဆိုင်ကယ်နဲ့ လွှတ်ပြီးပြောခိုင်းလိုက်တယ်၊ နောက်ဘဝမှာ မင်းအတွက်အဖွဲ့တွေ၊ သံသရာဝဋ်ကြွေးတွေပါမှာစိုးလို့ သူဆီတနေ မင်းကပ်သောက်ထားတဲ့ အရက်သုံးပုလင်းဖိုးမယူတော့ဝါဘူး၊ တွေ့ပါတယ်တဲ့ကွ"

ထိုစကားကြောင့် ကျွန်တော်ပါးစပ်အဟောင်းသားဖြစ်သွားစဉ် မစံပယ်တလည်း ဒေါသတကြီးဖြင့် . .

"ရှင့် ရွှေလေးတင်စိုးကျော်နဲ့ချစ်အောင်တို့လာသွားတယ်။ ရှင်သရဲဖြစ်နေပြီး ကုလားတန်ရေကန်ဘေးကမန်ကျည်းပင်ပေါ်ကနေ ခြောက်လှန့်လွှတ်လိုက်တယ်တဲ့။ လူ့ဘဝတုန်းက အကုသိုလ်တွေများလွန်းလို့ သရဲဘဝရောက်ရတာတောင်မှ ပုဆိုးမပါဘူး။ ဟောင်းလောင်းကြီးဆိုပါလား။

အဲဒါကြောင့် သရဲဘဝမှာလုံလုံခြုံခြုံရှိအောင် ဆရာတော်တွေကိုရှင့်အတွက် ရည်စူးပြီး အဝတ်အထည်တွေ လှူလိုက်ပါဗျာဆိုလို့ ဆရာတော့်ကျောင်းမှာ 'လိုက်ကာ' လုပ်ပြီးလှူဖို့ ရှင့်ပိုးတွဲပုဆိုးတွေကို ဖျက်နေတာသုံးထည်တောင်ပြီး နေပြီတော့"

အောင်မလေးဗျာ ပွဲစားတွေစောင်မမှ ဟောင်းလောင်းသရဲဖြစ်ရုံမတာ ပုဆိုးတွေပါ ကုန်ပါရောလား။ မန်ကျည်းပင်အောက်မှာတုန်းက သင်းတို့တွေ ဘာတိုမြင်ပြီး သွေးပျက်အောင်ကြောက်လန့်သွားတာလဲလို့ စဉ်းစားဆဲ. .

"ကိုညီ . . ရှင့်ကိုကျွန်မမေးနေတယ်လေ၊ ပြောစမ်းပါဦး။ ရှင်ဆိုင်ကိုတန်းပြန်လာတာရောဟုတ်လား၊ ဘယ်တွေကိုဝင်ပြီး သဝေထိုးခဲ့သေးသလဲ"

ဖြစ်ကြောင်းကုန်စင်ကို နှုတ်သံနှော၍ပြောကြားလိုက်ချင်ပါသော်လည်း ပိုပြီးဆိုးဖို့သာရှိ၍ ကျားတို့မာယာကို အပြတ်သုံးကာ ခေါင်းကိုဖြည်းညင်းစွာယမ်းလိုက်ပြီး သနားစဖွယ်မျက်နှာငယ်လေးဖြင့် မစံပယ်ကိုစေ့စေ့ကြည့်ရင်း . .

"မင်းကို လွမ်းလွန်းလို့ ဆိုင်ကိုတန်းလာခဲ့တာပါ မိန်းမရာ . . . "





ဟု ဆွေးဆွေးမြည့်မြည့်ကြီးပြောလိုက်သည့်သကာလ အားလုံးငြိမ်သွားသည်။ အဖေက . .

"ကဲ ကဲ . . မင်းလည်းခရီးပန်းလာတယ်မဟုတ်လား၊ လာ . . လာ. . ဆိုင်ထဲကို ဝင်တော့ . . "

ဟုပြောလိုက်၍ ကျွန်တော့်ခြေဦးကိုဆိုင်ထဲသို့လှည့်လိုက်စဉ် အစ်ကိုဝမ်းကွဲတင့်လွင်က အဖေ့လက်ကိုဆွဲ၍ . . .

"ဦးလေး . . ဦးလေးကိုပြောရမှာအားနာပေမယ့် မပြောမဖြစ်ပြောပါရစေ၊ တစ်နယ်တစ်ကျေးမှာ သေခဲ့တဲ့လူသေကို ကိုယ့်မြို့ကိုယ့်ရွာပြန်သယ်တဲ့အခါ တချို့မြို့တွေ၊ ရွာတွေက မြို့နာတယ်၊ ရွာနာတယ်ဆိုပြီး မြို့ထဲအဝင်ခံဖို့မပြောနဲ့ဖြတ်သန်းတာတောင် ကြိုက်ကြတာမဟုတ်ဘူး"

"အခု ဦးလေး သားကိုသေပြီဆိုပြီး သက်ပျောက်ဆွမ်းတောင်သပိတ်ဘွတ်ပြီးပြီဆိုမှတော့ သူဟာလူသေပဲ၊ လူသေကိုဆိုင်ထဲ၊ အိမ်ထဲတန်းသွင်းရင် ဆိုင်နာ၊ အိမ်နာမှာပေါ့၊ အဲဒါကြောင့် ဆိုင်ထဲကိုဝင်ခွင့်မပေးနဲ့ဦး"

သူ့စကားကြောင့်အားလုံး "ဟာ . . ခနဲ" ဖြစ်သွားသလိုကျွန်တော်လည်း ဒေါသထွက်သွားပြီး

"တင့်လွင် . . မင်း . . အကောက်မရမှာစိုးတာနဲ့ ငါ့ကိုသေရွာထပ်ပို့နေတာလား"

"မင်းတို့ရဲ့အကျိုးစီးပွားအတွက် တတ်သိနားလည်သူက အဆင်ပြေအောင်လုပ်ပေးချင်လို့ ပြောနေတာကိုသဘောမပေါက်ပဲ မင်းစိတ်နဲ့ငါ့ကိုလာနိုင်းပြီး ရိုင်းပြမနေနဲ့ ညီညီ။ မင်းဟာမင်း မူးလာလို့ ယမ်းချင်ရင် နောက်မှယမ်း . . "

"ကဲပါကွယ် ဒီကောင့်ကို ဆိုင်ထဲဝင်လို့ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာသာပြောစမ်းပါ မောင်တင့်လွင်ရဲ့"

အဖေကဝင်ပြောမှ တင့်လွင်လည်း ခေါင်းညိတ်ရင်း . . .

"လွယ်ပါတယ်ဦးလေးရယ်၊ တရော်ကင်ပွန်းနဲ့ခေါင်းလျှော်၊ ရွှေရည်၊ ငွေရည်လောင်းရေချိုးပြီး အနည်းဆုံးသံယာငါးပါးနဲ့ အန္တရာယ်ကင်းပရိတ်ရွတ်ပြီးမှ ဆိုင်ထဲဝင်ခိုင်းရုံပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းလျှော်၊ ရေချိုးက ညတွင်းချင်းလုပ်လို့ရပေမယ့်၊ သံယာငါးပါးက မိုးလင်းမှပဲ စီစဉ်လို့ရမှာဆိုတော့ တစ်ညလုံးငါကဘယ်သွားနေရမှာလဲ"

ကျွန်တော်က ဒေါသတကြီးပြောလိုက်သောအခါ အဖေက 'တောက် . . " တစ်ချက်ခေါက်ရင်း . .

"တောက် . . ဆိုင်အပြင်မှာပဲ နေပေါ့ကွာ။ အန္တရာယ်ကင်းပရိတ်ရွတ်ပြီးမှပဲ ဆိုင်ထဲအဝင်ခံနိုင်မယ်ဟော့ ဒါပဲ"

'ဗျာ . . ' ဟူသော အာမေဍိတ်ကြီးက ကျွန်တော့်ပါးစပ်ထဲမှ ခုန်ထွက်သွားစဉ် ဖြတ်ခနဲမြင်လိုက်ရသည့်မြင်ကွင်းက ဘိုးတော်ကလေးတင့်လွင်က သူ့ပရိသတ်ဘက်သို့လှည့်၍ မျက်စိတစ်ဖက်မှိတ်ပြလိုက်ခြင်းဖြစ်သည်။

(၂၀၀၆)ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် အင်္ဂလန်အသင်းမှ တိုက်စစ်မှူး 'ဝိန်ရွှန်နေး' အနီကတ်ဖြင့် ထွက် သွားစေအောင် ကြံဆောင်ရင်း အောင်မြင်သွားသောအခါ သူ့ကစားဖော်များဘက်သို့လှည့်၍ မျက်စိတစ်ဖက်မှိတ်ပြလိုက်သော ပေါ်တူဂီအသင်းမှ တိုက်စစ်မှူး 'ခရစ်စ္စတီယန်ရော်နယ်ဒို' အတိုင်းတသွေမတိမ်းထပ်တူညီလျှက် ရှိနေပေတော့သတည်း။

## မကြောက်ဖူးလို့ဆို

တစ်နေကုန်ရွာနေသည့်မိုး ယခုညရှစ်နာရီခွဲနေသည့်တိုင်အောင် မတိတ်သေး။ တစ်ညလုံးပင်ဆက်ပြီးရွာနေဦးမလားမသိပေ။ ရာသီဥတုက ကိုယ့်ဘက်ပါလာသဖြင့် အရက်ရောင်းသောစားပွဲပေါ်မှ 'ရမ်'ပုလင်းလေးကိုယူ၍ ဖန်ခွက်ထဲသို့ 'နှစ်ပက်'ခန့်ထည့်လိုက်ပြီး တစ်ကျိုက်ခန့်မော့လိုက်ရင်း ဆိုင်အတွင်းဘက် အိပ်ခန်းထဲသို့ ကျွန်တော်တစ်ချက်လှမ်းကြည့်လိုက်သည်၊

ပွဲဒိုယိုဇာတ်လမ်းကောင်းနေသဖြင့် ကျွန်တော့်မိန်းမက ဆိုင်ရှေ့သို့ ထွက်မလာနိုင်ပေ။ ကျွန်တော်အရက်သောက်တာကို သူမကမကြိုက်၊ မကြာခဏဗိုက်အောင့်တတ်သော ကျွန်တော်နှင့်အရက်မတည့်ဟုပြောကာ လုံးဝကန့်ကွက်ထားသည်။ သောက်ရဲသောက်ကြည့်တဲ့၊

အသက်လေးဆယ်စွန်းစယောကျ်ားတစ်ယောက်အနေနဲ့ရော အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ရော သူမကိုကြောက်သင့်ပါသလား၊ လုံးဝမကြောက်ပါ၊ သို့သော် အရက်သောက်သည်ကို သူမ မြင်ပါကစကားကြောရှည်မည်ကိုစိုးရိမ်၍သာ သူမရှိသည့်ဘက်သို့လှည့်ကြည့်မိခြင်းဖြစ်ပါသည်၊

တော်ဝင်မြို့ စာအုပ်တိုက်

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်သတ္တိကောင်းသည်ဟု မကြေညာချင်သော်လည်း တော်ရုံတန်ရုံကိစ္စဘာကိုမှကြောက်တတ်ခြင်းမရှိပါ။ နှစ်ပေါင်းလေးဆယ်နီးပါးဘဝအတွေ့အကြုံများက ကြောက်သင့်၊ မကြောက်သင့်တို့ကို သင်ကြားပြသခဲ့ပြီးမဟုတ်ပါလား။

ထို့ကြောင့် ထိုအတွေးကိုထောက်ခံသည့်အနေဖြင့် နောက်ထပ်'ရမ်တစ်ပက်' ထပ်ငှဲ့ကာသောက်လိုက်ပြီး သူမရှိရာဘက်သို့ တစ်ချက်လှည့်ကြည့်ရင်း ပုလင်းပြားလေးကို ပြန်ထားလိုက်သည်။ ဤနေ့ညတော့ ကျွန်တော် နည်းနည်းပင်ပန်းသည်။ ဆိုင်ရှိအလုပ်သမားလေးများက ရုပ်ရှင်ကြည့်ခွင့်တောင်း၍ ညနေကတည်းက သူတို့ကိုခွင့်ပေးကာ ပြန်လွှတ်လိုက်ပြီးဖြစ်၍ ဆိုင်၌ကျွန်တော်တို့လင်မယားသာရှိသည်။

ချစ်ဇနီးချောက ဗွီဒီယိုနားကမခွာသောအခါ ကျွန်တော်တစ်ယောက်တည်း ဇယ်ဆက်သလို အလုပ်များတော့သည်။ ဆိုင်အတွင်း၌ နောက်ဆုံးကျန်ရှိသော စားသောက်သူသုံးဦး၏ ကျသင့်ငွေကိုတွက်ချက်ယူလိုက်ပြီး သိမ်းစရာရှိတာများကိုသိမ်း၊ ဆေးစရာရှိတာများကို ဆေးကြောရင်း ဒီညတော့ စောစောကြီးကိုအနားယူလိုက်မည်ဟု စိတ်ကူးလိုက်မိသည်။

ထို့နောက် ဆိုင်တံခါးအချို့ပိတ်နေစဉ် 'ဟိုင်းလတ်' 'ငါးချိတ်' ကားအဖြူလေးတစ်စီးဆိုင်ရှေ့သို့ထိုးဆိုက်လာသည်။ ရှေ့ခန်းထဲမှ အသက်သုံးဆယ်ခန့်အမျိုးသမီးတစ်ယောက်ပြေးဆင်းလာပြီး . .

"ဆိုင်ပိတ်တော့မလို့လား၊ စားစရာများရှိဦးမလား။ ကျွန်မတို့ ကားပျက်လာလို့ပါရှင်"

"ရပါတယ်ဝင်ပါ ခင်ဗျာ'

ဟု ကျွန်တော်ပြောရင်း ထီးကြီးတစ်လက်ကိုယူ၍ ထိုအမျိုးသမီးကို မိုးပေးလိုက်စဉ် ကားမောင်းသူကလည်း တားတံခါးကိုသော့ပိတ်လိုက်ပြီး ကားနောက်ခန်းဘက်သို့လှည့်၍ . .

"ဆရာကြီးဆင်းပါဦး။ ကျွန်တော်တို့လင်မယား ထမင်းဒကာခံပါရစေ"

ကားနောက်ခန်းမှ ဘာသံမှမကြားရ၍ . .





"ဆရာကြီး . . ဆရာကြီး . ." ဟုခေါ်သံပေးရင်း ကားနောက်ဘက်သို့လျှောက်သွားသည်။ ချက်ချင်းပင် အထိတ်တလန့်ဖြင့် ကျွန်တော့်ထံအောက်သို့ ပြေးဝင်လာပြီး . .

"နောက် . . နောက်ခန်းမှာဘယ်သူမှပါမလာဘူး"

သူမိန်းမကလည်း တုန်တုန်ရင်ရင်ဖြင့် . .

"တ . . တကယ်လား . . သေသေချာချာကြည့်ပါဦး"

ဟု ပြန်ပြောရင်း ကျွန်တော့်ကိုပါဆွဲ၍ ကားနောက်ဘက်သို့ လာခဲ့ကြသည်။ ကားဘေးမိုးကာများချထားသော်လည်း နောက်ပိတ်တံခါးတွင် မိုးကာမပါသဖြင့် ဆိုင်ရှေ့ရှိ 'မိုးစပယ်' ဆိုသည့် ဆိုင်းဘုတ်မီးအလင်းရောင်ဖျော့ဖျော့ကြောင့် ကားနောက်ခန်းကိုထင်းနေအောင် မြင်ရသည်။ သစ်သားကြောင်အိမ်လေးနှစ်လုံး၊ ခေါက်စားပွဲခုံလေးတစ်လုံး၊ သေတ္တာသုံးလုံးနှင့် တိုလီမုတ်စများမှလွဲ၍ လူနှင့်တူတာဆိုလို့ တစ်ခုမှမပါပါ။

ကြောက်ရွံ့ထိတ်လန့်နေသော လင်မယားကိုဆိုင်ထဲသို့ခေါ်လာ၍ ထိုင်စေပြီး ဆိုင်ခေါင်းရင်းဘုရားစင်မှ ဆရာတော်ဘုရားကြီး၏ပရိတ်တော်ရေကိုတိုက်၍ အကြောက်ပြေအောင် အရင်လုပ်ပေးရပြန်သည်။

သူတို့အကြောက်ပြေလောက်မှ ထမင်းနှင့်ဟင်းလျာများကို ချပေးလိုက်ပြီး သူတို့အတွက် ခေါက်ချားစရာ။ ကျွန်တော့်အတွက်စိတ်ဝင်စားစရာကိုမေးမြန်းရတော့သည်။ ကျွန်တော့်မိန်းမဆိုင်ရှေ့ထွက်မလာသေးသည်ကိုလည်း ကျေးဇူးတင်ရသေးသည်။ ယောကျ်ားများနှင့် ယှဉ်လိုက်လျှင်မိန်းမများသည် အသည်းငယ်တတ်၊ အကြောက်ပိုတတ်သည်မဟုတ်ပါလော . .

"အလုပ်ကိစ္စမပြီးတာနဲ့ ကားထွက်ချိန်နောက်ကျခဲ့တယ်ဗျာ၊ တစ်လမ်းလုံးမိုးကလည်း သည်းသလို ကားစက်ကလည်းဖောက်ချင်သလိုလိုဖြစ်နေလို့ ဂရုစိုက်ပြီးမောင်းနေတုန်း ဒီမြို့ရောက်ခါနီးနှစ်မိုင်လောက်အလိုမှာ အတက်ကြီးဗျာ။ အဲဒီနားမှာ နတ်စင်လေးလည်းရှိတယ်လေ"

"အဲဒါ 'အင်းကုန်း' အတက်လို့လည်းခေါ်တယ်။ အဲဒီကုန်းအောက်ဘည့်တည့်မှာ 'အင်း'ကြီးရှိတယ်ဗျ။ အဲဒီနတ်စင်ကိုလည်း 'တစ်ပင်တိုင်'



www.burmeseclassic.com

www.burmeseclassic.com



နတ်စင်လို့ခေါ်သလို၊ တစ်ပွဲစားနတ်စင်လို့လဲ ခေါ်သဗျ။ နာမည်ကလည်း တော်တော်ကြီးတယ်"

"ဟုတ်တယ်၊ ဟုတ်တယ် အဲဒီနေရာမှာကားကထိုးရပ်ပါလေရော။ မိုးကလဲသည်း၊ မှောင်ကလည်းမှောင်တဲ့အပြင် ကျွန်တော်တို့လင်မယားက လည်း ကားသာမောင်းတတ်တာ ကားစက်အကြောင်းကျတော့ နကန်းတစ်လုံးတောင်မသိတော့ ဒုက္ခရောက်တော့တာပဲ။ ကျွန်တော်တို့လင်မယားလည်း ကြောက်လည်းကြောက် ဘာလုပ်ရမှန်းလည်းမသိတော့ တတ်သမျှ၊ မှတ်သမျှလေးတွေရွတ်ဖတ်နေရတာပေါ့ဗျာ . . "

"အဲဒီအချိန်မှာ 'ဖြုန်း . . ဆို' လူတစ်ယောက်ရောက်လာတယ်။ အရပ်ကလည်း ခြောက်ပေကျော်ထောင်ထောင်မောင်းမောင်းကြီး၊ စစ်သုံးမိုးကာအစုတ်ကြီးကိုဝတ်လို့ဗျ။ ဝါးဖတ်ခမောက်ကြီးကိုလည်းဆောင်းထားတယ်။ မှောင်နေတာတောင်မှ သူ့မျက်နှာဖြူဖြူဖွေးဖွေးကြီးကထင်းနေအောင်မြင်ရတယ်။ လူသေမျက်နှာကြီးလိုပဲ။ နောက်ပြီး သူ့ဆီကနေ ငါးညှီနံ့ကြီးကတထောင်းထောင်းထနေတယ် . . . "

"ကားစက်အကြောင်းသူနားလည်တယ်။ ကြည့်ပေးရမလားလို့ အသံသြသြကြီးနဲ့ပြောတယ်ဗျ။ ကျွန်တော်ကလည်း စက်ဖုံးဖွင့်ပေးလိုက်တော့ သူကကြည့်ပြီး ကားက 'ပလပ်'အုံဆိုလားပဲ 'ရေခိုး' ရိုက်နေတာလို့ပြောပြီး လုပ်ပေးတယ်ဗျာ၊ ခဏပဲကြာပါတယ်။ စက်နိုးသွားရော။ လမ်းကြုံရင် သူ့လိုက်ပါရစေလို့ပြောလို့ နောက်ခန်းကနေ တင်လာတာ။ အခု ခင်ဗျားဆိုင်ရှေ့လည်း ရောက်ရောမြင်တဲ့အတိုင်းပဲဗျာ . . "

သူ့အပြောကြောင့် ကျွန်တော်ကဲ့သို့သော ယောကျ်ားရင့်မကြီးပင်လျှင် ကြက်သီးမွေးညှင်းထသွားသည်။ အရေးထဲ သူ့မိန်းမက ကျွန်တော့်ဆိုင်ထဲမှာပင် ထိုသူ့အတွတ်ရည်စူး၍အမှုဝေနေပါသဖြင့် ကျောများပင်လျှင်စိမ့်လာပါတော့သည်။ ဤဖြစ်ရပ်သာ ကျွန်တော့်မိန်းမသိသွားပါက ဤညတော့အိပ်ပျော်တော့မည်မဟုတ်။ ထို့ကြောင့် မနက်မှပဲပြောတော့မည်ဟုဆုံးဖြတ်လိုက်သည်။

ထိုလင်မယားပြန်သွားပြီးနောက် ဆိုင်တံခါးများကို ကျွန်တော်





ပိတ်နေစဉ် အခန်းထဲမှမစံပယ်ထွက်လာပြီး မြို့ထဲ 'အောင်ဘောဂ'ဆိစက်မှ ဆီသွားယူခိုင်းပါသဖြင့် မိုးကာအကျီကောက်ဝတ်၍ စက်ဘီးနှင့်ဆီပုံးကိုဆွဲကာ မြို့ထဲသို့ဆင်းလာခဲ့သည်။

ဆီစက်ရောက်တော့ ကိုအောင်ဘောဂ မိသားစုက မိုးအေးအေးတွင် ဗွီဒီယိုသရဲကားကြည့်နေသည်။ ဇာတ်လမ်းကလည်း ကောင်းခန်းရောက်နေသဖြင့် ကျွန်တော့်ကို ဆီချိန်မပေးနိုင်သေး။ ထို့ကြောင့် ကျွန်တော်ပါရောယောင်ကြည့်ရတော့သည်။

ဇာတ်ကားက 'ဒရက်ကူလာ' ဟုခေါ်သည့် သွေးစုပ်ဖုတ်ကောင်ဇာတ်ကား၊ ကျွန်တော်ကြည့်ချိန်၌ဇာတ်လမ်းက အထွတ်အထိပ်သို့ရောက်နေပေပြီ။ မိန်းမက သွေးစုပ်ဖုတ်ကောင်ဖြစ်နေတာကို လင်ကမသိ၊ သူချစ်လို့ယူထားတဲ့ မိန်းမဆိုတော့ သူ့မိန်းမကိုယုံတာလည်း ပါမှာပေါ့။ သူ့မိန်းမကိုချော့မြူ၍နမ်းရှုံ့ပွေ့ဖက်နေသည်။

"ဒါလင်ရယ် . . မင်းကို ကိုယ်ဘယ်လောက်ချစ်လဲသိလား။ မွှေ့ဝ ဘြယ်ကိုဆွတ်ပေးရမလား . . "

ဘာလား၊ ညာလား ပြောနေမှာပေါ့ ကိုယ်က သာ နားမလည်တ နားနားညှဲ့ညှဲ့နဲ့ တတွတ်တွတ်ပြောနေတာမြင်ရတာပဲ။

ဟော . . သူ့မိန်းမက သူ့နောက်ကျောဘက်မှာ သူ့ကိုဖက်ရင်း ငါးစပ်ကအစွယ်နှစ်ချောင်းတောင်ထွက်နေပြီ။ ဒါရိုက်ဘာရဲ့ ရိုက်ချက်ကသည်းကောင်း၊ နှစ်ဆယ့်ကိုးလက်မ 'ဆိုနီ' တီဗွီကြီးနဲ့ကြည့်ရတာလည်းဖြစ်ပြန်၊ အထူးပြုလုပ်ချက်ဆိုင်းသံတွေကလည်း ချောက်ချားစရာဆိုတော့စောစောက ကြောက်စရာဇာတ်လမ်းကို ကိုယ်ကိုယ်တိုင် နားနဲ့ကြားလာခဲ့ရတဲ့ ကျွန်တော့်မှာ တကယ့်ကို နည်းနည်းလေးပါ၊ ကြောက်ရွံ့စိတ်ကလေးဝင်လာတော့တာပေါ့။ အဲဒါကြောင့် ဇာတ်လမ်းကိုဆက်မကြည့်တော့ဘဲ ကိုယ့်ဟာကိုယ် ဆီကိုချိန်တွယ်ယူရပါတော့တယ်။

မြို့ထဲအသွားတုန်းက အဆင်းဆိုတော့ ကိစ္စမရှိပေမယ့် အပြန်ကျတော့ အတက်ကလည်းဖြစ်ပြန်၊ ငါးပိဿာဆီပုံးကြီးကို ကယ်ရီယာခုံပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တင်လာခဲ့ရတာလည်းဖြစ်ပြန်ဆိုတော့ ဆိုင်လည်းရောက်ရော ခုနကမှာထားတာတွေ ကုန်သွားတော့တာပါပဲ။

အဲဒါကြောင့် မိန်းမအလစ်ကိုစောင့်ပြီးထပ်သောက်ဦးမယ်လို့ အကြံနဲ့ အသာလေးဆိုင်ထဲအဝင် 'ဂလုံ . ဝှမ် . . 'ဆိုတဲ့ ဟင်းအိုးမှောက်ကျသံကြားလိုက်ရလို့ ဟင်းအိုးများတင်ထားသော စားပွဲရှည်ကြီးဘက်သို့ လှည့်ကြည့်လိုက်တော့ . .

ဘုရား . . ဘုရား . . ကျွန်တော့်မိန်းမ၊ ကျွန်တော့်မိန်းမက ကြက်ပေါင်ကြီးတစ်ချောင်းကို ကိုက်ရင်း မျက်လုံးပြူးပြူးကြီးနဲ့ ကျွန်တော့်ကိုကြည့်နေတယ်။ အောက်မှာလည်း ကြက်သားဟင်းအိုး အဖုံးကြီးက ကျလို့ပါလား . . .

"ဘာ . . ဘာလုပ်နေတာလဲ . ."

လို့ ကျွန်တော်က တုန်တုန်ရင်ရင်နဲ့မေးလိုက်တော့ ကျွန်တော့်မိန်းမမှာလည်း ခိုးထုပ်၊ ခိုးထည်နဲ့အမိခံလိုက်ရသလိုလားမသိပါဘူး။ 'အင်း . တဲ . . . ' နဲ့ဖြစ်သွားပြီးမှ . .

"ဆာလို့ . ."

လို့ ခပ်တည်တည်ပြောပြီး ကြက်ပေါင်ကြီးကိုကိုက်ရင်း 'ဝွဲဒီယို'တဲ့ဘက်ကို သွားပါလေရော၊ ကျွန်တော့်မှာ စိတ်တွေလှုပ်ရှားသွားသည်၊ သူမ 'ဖုတ်' ဝင်နေတာများလား၊ သူမဒါမျိုးတော့မဖြစ်နိုင်ပါဘူးလို့ ကျွန်တော်တွေးရင်းမှ ဘာမှသိပ်ပြီးမစဉ်းစားချင်တော့သဖြင့် အရက်ကောင်တာဘက်သို့ ခြေဦးလှည့်လိုက်စဉ် နောက်မှနေ၍ တစ်ယောက်ယောက်က စိုက်ကြည့်နေသလိုမျိုး 'မနောအာရုံ' မှာခံစားလိုက်ရသဖြင့် နောက်ကိုတစ်ချက်လှည့်ကြည့်လိုက်ရာ အိပ်ခန်းဝမှနေ၍ ကျွန်တော့်ကိုစိမ်းစိမ်းကြီးစိုက်ကြည့်နေသော ကျွန်တော့်မိန်းမကို တွေ့လိုက်ရပြန်ပါသည်။

ဒီမိန်းမဘယ်လိုဖြစ်နေတာလဲ။ 'အပမှီ'နေတာများလား။ အဲဒီလိုတော့ မဖြစ်တန်ရာ၊ ဒါဆို သူမဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ငါ့ကိုလိုက်ကြည့်နေတာလဲ၊ ငါအရက်စားပွဲကိုသွားပြီး အရက်ခိုးသောက်မှာစိုးလို့လား။





ဒါမှမဟုတ်၊ သူကိုယ်သူမလုံလို့လား စသည့်လားပေါင်းများစွာဖြင့် ကျွန်တော်ခြေဦးကို'ဆီပုံး'ဆီသို့လှည့်လိုက်ရသည်။

ဆီပုံးကို မီးဖိုချောင်ထဲသွားထားပြီးနောက် သူမဘာလုပ်နေပါလိမ့်ဟု ပြန်ကြည့်လိုက်တော့ သူမကဗွီဒီယိုကြည့်နေသည်ကိုတွေ့လိုက်ရသည်၊ အဲဒီတော့မှ ခုနက လက်ကျန်တွေကို ဖန်ခွက်ထဲအပြည့်ငှဲ့လိုက်ပြီး တစ်ကျိုက်လောက်သောက်လိုက်မှနေသာထိုင်သာရှိသွားပါတော့တယ်။

ဖန်ခွက် ကို လက်တစ်ဖက်ကိုကိုင်ရင်း ဆိုင်တံခါးမကြီးကို ပိတ်ဖို့အသွား တံခါးနားအရောက် လေတစ်ချက်အဝှေ့မှာ ဆူးဆူးဝါးဝါး ငါးညှီနံ့ကြီးကို ရှူရှိုက်မိပါတော့သည်၊

ကျောနည်းနည်းစိမ့်သွားပြီး ထောင်လို့ရတဲ့အမွေးလေးတွေကလည်း ထောင်ကုန်တာနဲ့ တံခါးမကြီးကိုမြန်မြန်ဆွဲအပိတ်၊ တံခါးကိုပိတ်မရအောင် အပြင်ကလူတစ်ယောက်ဆွဲထားသဖြင့် ကျွန်တော်ကြည့်လိုက်ရာ

အရပ်ခြောက်ပေကျော်ခန့်လူတစ်ဦး စစ်သုံးမိုးကာကိုဝတ်ထားသည်။ ဝါးဖက်ခမောက်ကြီးကိုဆောင်းထားသည်။ ဆိုင်ထဲက အလင်းရောင်က သူ့မျက်နှာပေါ်မရောက်ပေမယ့် လူသေကောင်ကဲ့သို့ ဖွေးဖွေးဖြူနေသော သူ့မျက်နှာကြီးကို ထင်းခနဲမြင်လိုက်ရသဖြင့် . .

"သူ . . သူက ဟိုကားသမားလင်မယားပြောသွားတာနဲ့ ကွက်တိပါလား . . ဟိုကားသမားလင်မယားနောက်ကိုသူလိုက်မလို့လား . . ငါ့ဆိုင်မှာ ဟိုကားသမားလင်မယားဝင်စားသွားတာ သူသိနေလို့လား . . ဟိုမိန်းမ အမျှဝေတာကို သူလိုချင်လို့လား . . ."

စသည့်လားပေါင်းများစွာသော အတွေးတွေနှင့်ကျွန်တော် ကြောင်ပြီး သူ့ကိုကြည့်နေမိသည်၊သူကလည်း ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ရင်း စစ်သုံးမိုးကာကြီးအောက်မှ သုံးလေးပိဿာခန့်ရှိမည်ထင်ရသော 'ငါး' အတွဲကြီးကို ထုတ်ယူကာ မြှောက်ပြလိုက်သည်နှင့် . .

"အား . . ခနဲ" ကျွန်တော်ငယ်သံပါအောင်အော်လိုက်ရင်း ဆိုင်အတွင်းသို့ခုန်ဝင်လိုက်ရာ၊ လက်ထဲမှ အရက်ထည့်ထားသော ဖန်ခွက်က "ခွမ်း . . ခနဲ" လွတ်ကျ၍သွားသည်နှင့်တစ်ပြိုင်နက် . . .

www.burmeseclassic.com



ထိုဟာကြီးကလည်း ငါးတွဲကြီးတိုကိုင်၍ လက်ကြီးကိုဆန့်ရင်း တရုတ်သရဲကားထဲက တရုတ်သရဲကြီးအတိုင်း "အား . . ခနဲ" အော်ကာ ဆိုင်အတွင်းသို့ ခုန်၍ဝင်လာသည်။ ကျွန်တော်တို့၏ ကြောက်လန့်တကြား အော်ဟစ်သံကြောင့် ကျွန်တော့်မိန်းမပြေးထွက်လာပြီး . .

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု အော်မေးလိုက်ရာ ကျွန်တော်က ပြန်မဖြေနိုင်ဘဲ ဆိုင်ပေါက်ဝကိုလက်ညှိုးထိုးပြရင်း . .

"ငါး . . ငါးတွေ . . ငါးတွေ . . မျက်နှာဖြူဖြူကြီး . . မျက်နှာဖြူဖြူကြီး . ."

ဟု ကျွန်တော်က တုန်တုန်ရင်ရင်ဖြင့်ပြောရင်း သူမ၏လက်ကို အားကိုးတကြီး ဆုပ်ကိုင်ထားလိုက်သည်။ ကျွန်တော့်မိန်းမက ဆိုင်ရှေ့က လူကိုကြည့်လိုက်ရင်း . .

"ဩော် . . ငါးတွေက ကျွန်မမှာထားတာ"

ဟု အေးစက်စက်ပြန်ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်ကလည်း ကြောက်လန့်တကြားဖြင့် "အား . ." ဟု တစ်ချက်အော်ကာ မိန်းမ၏လက်ကိုလွှတ်ပြီး စားပွဲနောက်သို့ ခုန်ဝင်လိုက်သည်။

ကျွန်တော့်မိန်းမနှင့်မျက်နှာဖြူကြီးကလည်း "အား . ." ဟု သံပြိုင်အော်လိုက်ကြပြီး မျက်လုံးအပြူးသားဖြင့် ကျွန်တော့်ကိုကြည့်နေ၍

"ကျွန်တော့်မိန်းမ . . ကျွန်တော့်မိန်းမကရော ကျွန်တော့်မိန်းမအစစ်မှ ဟုတ်ပါရဲ့လား၊ သူကရော အလိုတူအလိုပါနဲ့ သွေးစုပ်ဖုတ်ကောင်ကြီးဖြစ်သွားပြီလား၊ အချိန်မတော်ညကြီးမင်းကြီး ငါးတွေမှာပြီး ဘာလုပ်မလို့လဲ၊ အစိမ်းလိုက်စားတော့မှာလား၊ ကျွန်တော့်ကိုရော ဘာလုပ်ဦးမှာလဲ . ."

စသည့်အတွေးများလျှပ်တစ်ပြက်ပေါ်လာပြီးနောက် ကျွန်တော့်ကို တိုက်ခိုက်လာပါက ခုခံရန်အတွက် ခွေးခြေကိုဆွဲယူလိုက်သည်။

ကျွန်တော့်မိန်းမက ဒေါသတကြီးဖြင့် . . .

"ရှင် ဘာဖြစ်နေတာလဲ . . ."





ဟု ကုန်းအော်သည်။ ကျွန်တော်က ခွေးခြေကိုအသင့်အနေအထားအတိုင်းကိုင်ရင်း စိုးရိမ်ထိတ်လန့်စွာဖြင့် . . .

"နင် . . နင် . . တို့က ဘာတွေလဲ"

ဟု ပြန်ပြီးအော်ဟစ်လိုက်ရာ ကျွန်တော့်မိန်းမက တအံ့တဩဖြင့် ကျွန်တော့်ကိုကြည့်ပြီး . .

"ကျွန် . . ကျွန်မက . . ကျွန်မလေ . . သူ . . သူက ကိုကရင်ကြီးတဲ့၊ 'အင်း' ထဲက ငါးဗိုင်ဆရာ ကိုသောင်းဌေးရဲ့စက်ပြင်ဆရာအသစ်လေ မနေ့တစ်နေ့ကမှပြောင်းလာတာ မနက်က ကိုသောင်းဌေးရဲ့ငါးဗိုင်မှာ ငါးသွားမှာရင်းတွေ့ခဲ့တာ၊ သိခဲ့တာ . . ."

"ဒါ . . ဒါပေမယ့် . . သူ . . သူကဖြူဖြူကြီး ဟ"

"ဖြူမှာပေါ့၊ သူ့တစ်ကိုယ်လုံး ခရုသင်းစွဲနေတာကိုး . . ."

ဟု တိုးတိုးပြောပြီး ကိုကရင်ကြီးဆိုသူထံသွားရင်း . . .

"ရှင်တို့ကလည်း ငါးလာပို့တာနောက်ကျလိုက်တာတော် . ."

ဟု ပြောလိုက်ရာ ကိုကရင်ကြီးက သူ့ရင်ဘတ်သူဖိရင်း ပြူးကြောင်ကြောင်ဖြင့် ကျွန်တော့်ကိုကြည့်ကာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် . .

"အင်း . . အဲ . . ညနေမစောင်းခင်ကတည်းက ကောင်လေးတွေကို ငါးသွားပို့ခိုင်းနေတာပဲ၊ 'အင်း'ထဲမှာ ငါးတွေကထပ်ကျလာလို့ ကောင်လေးတွေတစ်ယောက်မှမအားတာနဲ့ ကျုပ်ကိုယ်တိုင်လာပို့တာ"

"တစ်ပင်တိုင်နတ်စင်' နားက ကုန်းအတက်မှာ လင်မယားနှစ်ယောက် ကားပျက်နေတာတွေ့လို့ လမ်းကြုံလိုက်မယ်ဆိုပြီးပြင်ပေးရသေးတယ်လေ၊ သူတို့ကလည်း သူတို့ကားနဲ့လိုက်ခဲ့လို့ခေါ် ရှာပါတယ် . ."

"ဒါပေမယ့် ကျုပ်လည်း ကားနောက်ခန်းကိုအတက်လေတိုက်လို့ ခမောက်လွင့်ကျသွားတာနဲ့ ပြန်ဆင်းအကောက်၊ ကားကမောင်းထွက်သွားတယ်လေ၊ အော်ခေါ်တာလည်း မကြားဘူး၊ "အင်း . . မကြားဘူးဆို မိုးရေစိုမှာစိုးလို့ ကားမှန်တွေ အကုန်တင်ထားတာကိုးဗျ"

ဟု ပြောပြောဆိုဆိုဖြင့် ကိုကရင်ကြီးက ငါးတွဲကြီးကို ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကိုပေးရင်း ကျွန်တော့်ကိုကြည့်ကာ အပြေးတစ်ပိုင်းဖြင့်ထွက်သွားသည်။

ကျွန်တော့်မိန်းမက ငါးတွဲကြီးကိုယူ၍ ဆိုင်ထဲသို့ဝင်လာသည်။ ကျွန်တော်ကလည်း ခွေးခြေကိုချရင်း ဘာလုပ်ရမှန်းမသိပဲ ယောင်နနဖြစ်နေစဉ် . . .

"အား . ."

ကျွန်တော့်မိန်းမကအော်လိုက်ရင်း ငါးတွဲကြီးလွတ်ကျသွားသဖြင့် ကျွန်တော်လည်း လန့်ဖျပ်၍စားပွဲပေါ်သို့ ခုန်တက်ရင်းကြည့်လိုက်ရာ . .

ဒုနက ကိုကရင်ကြီးကိုကြောက်လန့်၍ ကျွန်တော်ခုန်လိုက်ရင်း လွတ်ကျသွားသော ဖန်ခွက်အကွဲက ကျွန်တော့်မိန်းမ၏ခြေထောက်ကို ရှသွားပြီး သွေးများထွက်လာသည်ကိုမြင်လိုက်ရသဖြင့် အရက်ခိုးပြီးသောက်တဲ့ကိစ္စပေါ်သွားပေပြီ။ မိုးမီးလောင်တော့မည်။

ဒါပေမယ့် မိတ်ဆွေ၊ အသက်လေးဆယ်စွန်းစ ယောကျ်ားတစ်ယောက်အနေနဲ့ရော၊ အိမ်ထောင်ဦးစီးတစ်ယောက်အနေနှင့်ပါ သူမကို ကျွန်တော်ကြောက်သင့်ပါသလား။ လုံးဝမကြောက်သင့်ပါ။ နှစ်ပေါင်းလေးဆယ်နီးပါးအတွေ့အကြုံက ကြောက်သင့်၊ မကြောက်သင့်တို့ကို သင်ကြားပြသပေးခဲ့ပြီ မဟုတ်ပါလား။

ကျွန်တော့်ကို သူမထုချင်ထု၊ ရိုက်ချင်ရိုက်၊ ဆဲချင်ဆဲပါစေ၊ သူမစိတ်တိုင်းကျပေါ့။ အရေးကြီးတာက သူမခြေထောက်ဒဏ်ရာကို မေးခိုင်ပိုးမဝင်အောင် အစွမ်းကုန်ကျွန်တော်ပြုစုရမှာပဲဖြစ်သည်။

မတော်တဆ ထိုဒဏ်ရာကြောင့်သာ သူမတစ်ခုခု . . အင်း . . . ။

ကျေးဇူးတင်ပါသည်
ထူးဆွေအောင်

## တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | လေရူးသုန်သုန် | နု နု |
| ၂။ | ကမ္ဘာသစ်ရဲ့ ဓနိဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၃။ | ဂဏန်းများနှင့် ကစုန်ခြင်း | အောင်ကျော် |
| ၄။ | ရှမ်းဗဲလားရှာပုံတော် | လှမိုး(ပညာရေး) |
| ၅။ | ကာဝေယျ၏ နိဒါန်း | အကြည်တော် |
| ၆။ | ဘီလူး | အကြည်တော် |
| ၇။ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် | အကြည်တော် |
| ၈။ | ရွှေမိုးသည်း | အကြည်တော် |
| ၉။ | နတ်ရေကိုင်း | အကြည်တော် |
| ၁၀။ | မိုးတိမ်ပုံပြင် | အကြည်တော် |
| ၁၁။ | ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ | အကြည်တော် |
| ၁၂။ | အသည်းကွဲနှစ်ဆယ့်လေးနာရီ | အကြည်တော် |
| ၁၃။ | ယောကျ်ားမနှင့် တစ်ထောင့်တစ်ည | အကြည်တော် |
| ၁၄။ | အိမ်မက်အပိုင်းခွဲ-၉ | အကြည်တော် |
| ၁၅။ | ရိုတန်းအောဖ်ဘီလူး | အကြည်တော် |
| ၁၆။ | နေတစ်ခြမ်းလတစ်ခြမ်း | အကြည်တော် |
| ၁၇။ | မှော်ဆရာမှတ်တမ်း | ကိုကိုလေး |
| ၁၈။ | အပြစ်ကင်းတဲ့ချစ်ခြင်းမေတ္တာ | ကိုဆန်း၊ အောမင်းဆက် |
| ၁၉။ | အင်္ဂလိပ်လိုပြောမလို့လား --၂ | ချစ်မူ |
| ၂၀။ | ဇေတာပီစီးပွားဖြစ်တတ်ပုံအတတ်ပညာ | တက္ကသိုလ်စိုးဝင်း |
| ၂၁။ | ဆိုင်းအိုးခင်၊ ကိုကိုကြီးနှင့် | အကြည်တော် |
| ၂၂။ | နေ့ရိုရို | မိမိုးနင်း |
| ၂၃။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၂၄။ | အိပ်မက်ပန်းအလွမ်းနှင်းဆီ | ညိုနှင်းအိမ် |
| ၂၅။ | ရသစာတမ်းများ | ပေါ်ဦးအိမ် |
| ၂၆။ | ပိုးကောင်များ | အကြည်တော် |
| ၂၇။ | ကုလားအုတ်တွေနေတဲ့တဲ | သာရွှေပြည် |
| ၂၈။ | နစ်ဂဏန်းရဲ့ပဥ္စလက် | ညိုနှင်းအိမ် |
| ၂၉။ | ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း | အကြည်တော် |
| ၃၀။ | ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး | ဒဂုန်ခင်ခင်လေး |
| ၃၁။ | အချစ်ရဲ့နက္ခတ် | ပြည့်ပိုင်မှူးအိမ် |
| ၃၂။ | ● | အကြည်တော် |
| ၃၃။ | လွှန် | မိုးဆက်လင်းဆက် |
| ၃၄။ | စီးပွားရေးတတ်ပုံပညာနှင့် ပြိုင်ပွဲဝင်စာတတ်ပုံပညာ | တက္ကသိုလ်နိုးဝင်း |
| ၃၅။ | သတ္တမမြောက် နတ်သမီး | ပြည့်ပိုင်မှူးအိမ် |
| ၃၆။ | စီးနပ်စ်ရဲ့ တတိယတောင်ပံ | မိုးဆက်လင်းထက် |
| ၃၇။ | အောင်မြေ | အကြည်တော် |
| ၃၈။ | ပန်းနရောင်ပြကွက်ထဲက ထကြွေးလှတဲ့ သတို့သမီး | ပြည့်ပိုင်မှူးအိမ် |
| ၃၉။ | ကြယ်စင်တွေပျော်တဲ့ည | ညိုနှင်းအိမ် |
| ၄၀။ | အာဒမ်၏ဆာလောင် | အကြည်တော် |
| ၄၁။ | ပြောစည်တီး၍လှူလိုက်သည် | ထူးဆွေအောင် |
| ၄၂။ | ရဲသိန်းတန်၊ ဂျစ်ခေါင်မောင်နှင့် သရေခေတ္တရာ | |

BURMESE CLASSIC .com

www.burmeseclassic.com